ကြေးမုံ

The Mirror
Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်၊ စနေနေ့၊ (13-6-2015) (၈၂၃၀)

## အေးစေ မြစေ မေတ္တာရေ

❁ နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
❁ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
❁ အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
❁ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူ့နတ်အချစ်ဆုံး၊
❁ မေတ္တာရနံ့၊ ကြိုင်လှိုင်နှံ့၊ သင်းပျံ့နယ်မဆုံး၊
❁ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
❁ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရွှံ့မမုန်း၊
❁ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
❁ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

◆ မြန်မာပြည်မ၊ အိန္ဒိယနှင့်
ဒေသချင်းဆက်၊ တောင်ချင်းယှက်ကာ
ညိုနက်မြေဆီ၊ သစ်တောစည်၍
ရေကြည်မှုသော၊ နယ်တစ်ကြောဝယ်
ကဘော်ချိုင့်ဝှမ်း၊ တည်ရှိသည်။

◆ "ကဘော်"ဆိုကျ ဝေါဟာရမှာ
ကသည်းဘာသာ၊ "ရှမ်းဗမာ"တည်း။

◆ ကဘော်နေရာ ရှေးအခါက
မြန်မာဘုရင်၊ ဘုန်းကံရှင်တို့
စစ်ဆင်တိုက်ယူ မဏိပူသို့
ဗိုလ်လူတပ်သား၊ လက်နက်ဓားဖြင့်
ဖြတ်သွားဖြတ်လား၊ တပ်နားရာတည့်။ ။

(တမူးအထက ရွှေရတုမဂ္ဂဇင်း)

# အိန္ဒိယ-မြန်မာနယ်စပ်က အာရှပတ်လမ်းမကြီး




ကလေး-ဝင်းသူ

အိန္ဒိယ-မြန်မာနယ်စပ် ကဘော်ချိုင့်ဝှမ်းဒေသရှိ "တပ်မှူး"မြို့ခေါ် တမူးမြို့မှ ကလေး-တမူး-ကလေးဝ ဖြတ်သန်းဖောက်လုပ်ထားသော အိန္ဒိယ-မြန်မာချစ်ကြည်ရေးလမ်းမကြီးခေါ် အာရှပတ်လမ်းမကြီး (AH 1)သည် အိန္ဒိယ-မြန်မာရှိ နယ်စပ်သံတံတားကြီးမှ စတင်၍ ဖောက်လုပ်ထားသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ပြင်ဆင်သည့်ဥပဒေကြမ်း နှိုင်းယှဉ်ဇယား

စာမျက်နှာ ၈၊ ၉၊ ၁၀




## ဒေါ်လာဈေးမတည်ငြိမ်မှုနှင့်အတူ စက်သုံးဆီဈေးနှုန်းများ မြင့်တက်နေ

စာမျက်နှာ ›› ၄

## လတ်တလောဖြစ်ပေါ်နေသည့် ငွေကြေးကိစ္စများအပေါ် ဘက်ပေါင်းစုံမှ တာဝန်ရှိသူများက အလေးထားဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၂**

လတ်တလောဖြစ်ပေါ်နေသည့် မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအဖွဲ့၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ အစည်းအဝေးကို မေ ၁၃ ရက်တွင် ပထမအကြိမ် ကျင်းပ၍ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး အကြံဉာဏ်များရယူခဲ့ပြီဖြစ်ပါကြောင်း၊ ဆက်လက်၍ နိုင်ငံတော်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ နေ့စဉ်ဆက်သွယ်မှုပြုလုပ်ပြီး လိုအပ်သည်များ စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မိမိတို့၏ အမြင်များဖြင့် ဆွေးနွေးနိုင်ရန် ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ထပ်မံပြုလုပ်ခြင်း ဖြစ်ပါကြောင်း၊ လတ်တလောဖြစ်ပေါ်နေသည့် ငွေကြေးနှင့် ပတ်သက်၍ မေခရိုစီးပွားရေးအပေါ် ထိခိုက်နိုင်မှုကို လွန်ခဲ့သည့်နှစ်ကတည်းက ဆွေးနွေးခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်တွင် နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုမရှိပါက နိုင်ငံတော်၏ တည်ငြိမ်မှုကို ထိခိုက်နိုင်ပါကြောင်း၊ ငွေကြေးကိစ္စရပ်များသည် ထိလွယ်၊ ရှလွယ်ဖြစ်နိုင်သည်ကို အသိပေးပြောကြားခဲ့ပါကြောင်း၊ သို့ဖြစ်၍ ငွေကြေးကိစ္စများနှင့်ပတ်သက်၍ မေခရိုစီးပွားရေးတည်ငြိမ်မှုရှိရန် လိုအပ်ပါကြောင်း၊ စီးပွားရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုမရှိလျှင် နိုင်ငံ၏ အဘက်ဘက်တွင်လည်း ထိခိုက်နိုင်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူအားလုံးက ဂရုပြုထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ယနေ့နံနက် ၁၀ နာရီက မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ပြုလုပ်သည့် အစည်းအဝေး၌ ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ကမ္ဘာ့စီးပွားရေးအခြေအနေ၊ မြန်မာ့စီးပွားရေးအခြေအနေနှင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသ ပို့ကုန်၊ သွင်းကုန်အခြေအနေများကို ခြုံငုံသုံးသပ်ဆွေးနွေးသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ✪



ကြေးမုံ စာတည်းရှုထောင့် ၁၃-၆-၂၀၁၅၊ စနေနေ့

# တက်ညီလက်ညီ ဟန်ချက်ညီလျက်

အများနှင့်စုပေါင်းလုပ်ရသည့်လုပ်ငန်းများတွင် "မောင်တစ်ထမ်း၊ မယ်တစ်ရွက်" တက်ညီလက်ညီ ဟန်ချက်ညီပါမှ ရည်မှန်းချက်ပေါက်မြောက်ပြီးအောင်မြင်မှုပန်းတိုင်ကို ပိုင်ပိုင်နိုင်နိုင် လှမ်းကိုင်ရယူနိုင်ပါမည်။ တောင်ကတစ်မျိုး၊ မြောက်ကတစ်သွယ်၊ သူတစ်ဗိုလ် ငါတစ်မင်းနှင့်ဆိုလျှင် နောက်ဆုံးပျက်စီးခြင်းနှင့်သာ ကြုံရမည်။ ဇာတ်နိပါတ်တော်လာ "ဟင်္သာကိုးသောင်း" ပျက်စီးရခြင်းအကြောင်းရင်းကို အားလုံးသိပြီးဖြစ်ပါသည်။

မိသားစုတစ်စု၊ လူ့အဖွဲ့အစည်းတစ်ခုအထိ တက်ညီလက်ညီရှိဖို့ အရေးမှာ မလွယ်ပါ။ သို့သော် ဦးဆောင်သူ ခေါင်းဆောင်ကောင်းလျှင် ဖြစ်မြောက်အောင်မြင်စမြဲပင်။ လက်ရှိ ဖွံ့ဖြိုးတိုးတက်သည့် လူ့အဖွဲ့အစည်းများ၊ နိုင်ငံများက အထင်ကရ မျက်မြင်သက်သေများဟုဆိုရပါမည်။ လောကတွင် မဖြစ်နိုင်သောအရာမရှိ၊ မဖြစ်သေးတာပဲရှိသည်။ ဦးတည်ရာသို့ စိတ်ရောကိုယ်ပါညွတ်လျက် မျက်ခြည်မပြတ်ရှိနေဖို့သာလိုသည်။ "ကြိုးစားလျှင် ဘုရားတောင်ဖြစ်နိုင်သည်" ဆိုစကားက မိမိတို့အတွက် အင်အားတစ်ရပ်ပင်ဖြစ်သည်။

မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးမှုတွင် ဆူးငြောင့်ခလုတ်သဖွယ် အတားအဆီးဖြစ်နေသည့် နိုင်ငံ့သားကောင်းရတနာများစွာကို လူညွှန့်တုံး မျိုးကန်းစေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို နှစ်ရှည်စီမံချက် ချမှတ်လုပ်ဆောင်ခဲ့သော်လည်း ရလဒ်ကောင်းထွက်မလာခဲ့။ မည်သူ့ကိုမျှအပြစ်မပြောလိုပါ။ ကိုယ့်ဝမ်းနာကိုယ်သာအသိဆုံး။ ကိုယ့်ပေါင်ကိုယ် လှန်ထောင်းသူ ရှက်စရာအဖြစ်မျိုးပင်ဖြစ်သည်။

၎င်းအန္တရာယ်လျော့နည်းကျဆင်းကာ နောက်ဆုံးကင်းရှင်းသွားစေဖို့အတွက် ဖြတ်သန်းလာရသည့်ခရီးမှ အားနည်းချက်ကို သင်ခန်းစာယူပြီးလက်ရှိတွင် ပြည်သူ့အားကိုရယူလျက် လက်တွေ့လုပ်ဆောင်နေသော မူးယစ်ဆေးဝါး အထူးစီမံချက်။ မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်ထိ တစ်လတိတိဆောင်ရွက်သွားမည်ဟု သိရသည်။ လုပ်လျှင်ဖြစ်ပါသည်ဆိုစကားကို လက်တွေ့လုပ်ရပ် နှစ်ပတ်ကာလ အတွင်းမှာ အတိအကျပြောရလျှင် မေ ၂၆ရက်မှ ဇွန် ၈ ရက်အတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရမိအမှုပေါင်း ၂၅၈မှုနှင့် တရားခံပေါင်း ၃၇၂ ဦးအထိ စံချိန်တင်နိုင်ခဲ့သည်။ ပြည်သူနှင့် ပူးပေါင်းသည့်အကျိုးရလဒ်ဟု ဆိုရမည်သာ။

တာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများ ဟန်ချက်ညီပူးပေါင်းနိုင်မှုအားဖြင့်။ နှစ်ဦးနှစ်ဖက် တက်ညီလက်ညီရှိလာပြီဆိုလျှင် ဘယ်အရာ ဘယ်အတားအဆီးမှ မစွမ်းနိုင်တော့ပါပြီ။ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ လုပ်ငန်းအဖွဲ့ ၁၀ဖွဲ့ဖြင့် အင်တိုက်အားတိုက်နှင့် အားတက်သရော ဆောင်ရွက်နိုင်ခဲ့မှုကို လက်ရှိဖမ်းဆီးရမိ ဖြစ်စဉ်များက ထိရောက်မှုအတိုင်းအတာကို ပေါ်လွင်ထင်ရှားစေသည်။

သို့သော် လက်ညှိုး၊ လက်မ မညီမျှသည်မှာ သဘာဝဟုဆိုရပေမည်။ လုပ်ငန်းအရှိန်အဟုန်မြှင့်တင် အင်တိုက်အားတိုက်ရှိနေချိန် တချို့တာဝန်ရှိသူများဘက်မှ ပေါ့လျော့မှုများရှိကောင်းရှိနိုင်ပါသည်။ ထို့ကြောင့်လည်း လုပ်ငန်း ကြီးကြပ်မှုအားနည်းသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများအား အရေးယူမှုများကို အချိန်ဆိုင်းမနေဘဲ အရှိန်အဟုန်မြှင့် လုပ်ငန်းစဉ်နှင့်အတူ တစ်ပြိုင်တည်းလုပ်ဆောင်သွားမည်ဟုသိရသည်။

ကမ္ဘာ့အလယ်မှာ နိုင်ငံ့မျက်နှာစာကို ညှိုးနွမ်းစေသည့် ၎င်းမူးယစ်ဆေးဝါးပြဿနာစုံကို အမြစ်ဖြတ်တိုက်ဖျက်နိုင်ရေးတွင် တာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင် အင်တိုက်အားတိုက်နှင့် တက်ညီလက်ညီ လုပ်ဆောင်ကြရမည်မှာနိုင်ငံသားတိုင်း၏အမျိုးသားရေးတာဝန်ကြီးတစ်ရပ် ဖြစ်လာနေပါပြီ။ ။

# မိတ္ထီလာကန်ကူးတံတားသစ်တည်ဆောက်ပြီးစီးပါက မူလတံတားဟောင်းအား ပြန်လည်ပြုပြင်တည်ဆောက်မည်



**မိတ္ထီလာ ဇွန် ၁၂**

မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမပေါ်ရှိ မိတ္ထီလာကန်ကူးတံတားသစ်အား ဇွန်လအတွင်း တည်ဆောက်ပြီးစီးသွားပါက လက်ရှိတံတားဟောင်းပေ ၂၀၀ အားခေတ္တပိတ်ပြီး ချဉ်းကပ်မြေသားတာပေါင်ကို ဖယ်ရှားကာ အရှည် ပေ ၆၀၀ တံတားသစ်အဖြစ်ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့ (၁၄) ထံမှ သိရသည်။

ယခုတည်ဆောက်နေသည့် မိတ္ထီလာကန်ကူးတံတားသစ်သည် အလျား ပေ ၈၀၀၊ အကျယ် ၂၄ ပေ နှစ်လမ်းသွားဖြစ်ပြီး တံတားအမျိုးအစားမှာ အုတ်မြစ် Mini Bored Pile၊ ကိုယ်ထည်သံကူကွန်ကရစ်တိုင်၊ အပေါ်ထည် RC Girder နှင့် PC Girder ဖြစ်ပြီး တံတားခံနိုင်ဝန်မှာယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။ မူလတံတားဟောင်းမှာ အရှည်ပေ ၂၀၀ သံကူကွန်ကရစ်ဖြစ်ပြီး ကျန် ပေ ၆၀၀ အား ချဉ်းကပ်မြေသား တာပေါင်အဖြစ် တည်ဆောက်ထားခြင်းဖြစ်သည်။ ချဉ်းကပ်မြေသားတာပေါင် ပေ ၆၀၀ အားဖယ်ထုတ်ကာ တံတားအသစ်တည်ဆောက်မည်ဖြစ်၍ မိတ္ထီလာကန်ကူးတံတား အသစ်နှစ်စင်းအလျား ပေ ၈၀၀၊ ယာဉ်သွားလမ်းအကျယ် ၄၈ ပေ၊ လူသွားလမ်း တစ်ဖက်ခြောက် ပေ စီပါဝင်သည့် လေးလမ်းသွား ကန်ကူးတံတားသစ်ကြီးကို ၂၀၁၅ ခုနှစ်မကုန်မီ ဒေသခံပြည်သူများနှင့် မော်တော်ယာဉ်များ ယာဉ်အန္တရာယ်ကင်းရှင်း၍ လမ်းခရီး အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်သည်။

မိတ္ထီလာကန်ကူးတံတားသစ်အား ဇွန်လအတွင်း တည်ဆောက်ပြီးစီးအသုံးပြုနိုင်တော့မည်ဖြစ်ပြီး ကန်ကူးတံတားဟောင်းပေ ၂၀၀ အား တံတားအသစ် ပေ ၆၀၀ အဖြစ် အောက်တိုဘာလတွင် စတင်တည်ဆောက်မည်ဖြစ်ကာ ဒီဇင်ဘာလတွင်ပြီးစီးအောင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၁၂**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၃၃၀၀၀ | - | ၇၃၃၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၃၃၀၀၀ | - | ၇၃၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၁၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၂၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၅၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၁၀၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၄၃. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၈. ၀၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂. ၇၈၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၅. ၉၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇. ၂၇၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၉၄. ၄၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၉. ၃၇၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၅၅. ၅၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၂၁. ၆၈ |


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇွန် ၁၂**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် Mekong Entrepreneurship Ecosystem Summit 2015 သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူး (၃) ဦးပြည့်စုံဦး၊ အလုပ်အမှုဆောင် ဒေါ်မိဖြိုးသီရိဝင်း၊ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့များမှ စုစုပေါင်း ၁၁ ဦးတို့သည် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

**(ကြေးမုံ)**




**သွေးသည် အသက်**

Mercury TRAINING CENTRE
July လအတွင်း ဖွင့်လှစ်မည့် ရေကြောင်းအင်ဂျင်နီယာသင်တန်းများ
Workshop Skills သင်တန်း အပတ်စဉ် (7)
Mercury Training Centre သည် ရေကြောင်းအင်ဂျင်နီယာသင်တန်းများကို (အထူးပြု) သင်ကြားပေးသော သင်တန်းကျောင်းဖြစ်သည်၊ ယခင်သင်္ဘောကျင်းလုပ်သက် (Dockyard Service) အစားထိုး သင်တန်းဖြစ်သည့် Workshop Skills သင်တန်းကို B.E, B.Tech, G.T.I နှင့် Sea Service (၂) နှစ်ရှိ Grade XI အောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်၊
သင်တန်းကာလ ( 5 )လ
သင်တန်းကြေး (13) သိန်း
ကြိုတင်စာရင်း ပေးသွင်းနိုင်ပြီ
ဒေါပုံသင်္ဘောကျင်းဝင်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့
09 792236855, 09 792236865, 09 792236863, 09 421165656, 09 5175960, 09 5015620

တိုက်ခန်းငှားမည်
ကျောက်မြောင်း
မြို့သစ်(၁)လမ်း၊ အပေါ်လမ်း၊
တည်နေရာကောင်း၊
ဒုတိယထပ်(15'×60')
အိပ်ခန်း(၂)ခန်း၊ A/C
(၁)လုံး၊ ဘိုထိုင်၊ သံပန်း၊
သန့်ရှိတ်ပါပြီး (၁)လ(၃)သိန်းကျပ်
ကျောက်မြောင်း
ဣန္ဒာသယလမ်း(အလယ်)
တည်နေရာကောင်း၊
ဒုတိယထပ်(15'×50')
အိပ်ခန်း(၂)ခန်း၊ သံပန်း၊
သန့်ရှိတ်ပါပြီး (၁)လ(၂)သိန်းကျပ်
09-450066151

ကန့်ကွက်နိုင်ပါသည်
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ လူနေရပ်ကွက်အမှတ် (ရွှေသံလွင် စက်မှုဇုန်)၊ မြေကွက်အမှတ် (၁၄၀)၊ ဧက (၂.၅၅၀) စတုရန်းပေ (၁၁၁၉၄၉)၊ ဧကအကျယ်ရှိ ဦးအေးနိုင်+၁ (၁၂/ဒဂန(နိုင်) ဝ၀၄၃၃၈) အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် အမှတ်(၁၄၀)၊ ရွှေသံလွင်စက်မှုဇုန်၊ မင်းရော(၃)လမ်း၊ လှိုင်သာယာမြို့နယ်ဟု ခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက် ဝယ်ထား ပိုင်ဆိုင်သူ ဦးအေးနိုင်+၁ (၁၂/ဒဂန(နိုင်) ဝ၀၄၃၃၈)တို့ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရံငွေတစ်ချို့ကို ပေးချေပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း (မူရင်း)များနှင့်တကွ ၎င်းကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို တရားဥပဒေနှင့်အညီ စာချုပ်ပါစည်းမျဉ်းများအတိုင်း ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်နိုင်ထူး LL.B , WIBO (Switzerland)
Higher Grade Pleader
အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉–၄၂၀၀၀၀၉၅၀၊ ၀၉–၄၂၀၃၀၅၅၃၃

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် / နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

မဲစာရင်းတွင် မိမိတို့၏အမည်ပါ/မပါကိုသိရှိနိုင်ရန် သွားရောက်ကြည့်ရှုကြပါ

မိမိ၏ အမည်မပါလျှင် ပုံစံ(၃)ဖြင့် လျှောက်ထားပါ

အချက်အလက် မှားနေလျှင် ပုံစံ(၄ - ဂ)ဖြင့် လျှောက်ထားပါ

မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ

# အိမ်နီးချင်းနိုင်ငံကောင်းများ ဖြစ်သည်နှင့်အညီ အခက်အခဲများကို အချိန်မီ ဖြေရှင်းနိုင်ခဲ့


**နေပြည်တော် ဇွန် ၁၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရန်ဟို့လန်အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်နိုင်ငံ သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Senior Colonel Wang Jinbo နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှစ်နိုင်ငံဆက်ဆံရေးတွင် အစိုးရချင်း၊ နိုင်ငံချင်း ပြဿနာကြီးကြီးမားမားမရှိခဲ့ဘဲ နယ်စပ်ဒေသရှိ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များအပေါ် မူတည်ပြီး အခက်အခဲဖြစ်သည်ဟု ရှုမြင်ပါကြောင်း၊ သို့ဖြစ်၍ နယ်စပ်ဒေသ စီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး တရားဥပဒေနှင့်အညီ ငြိမ်းချမ်းစွာဆောင်ရွက်နိုင်သည့် နည်းလမ်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ရန်ဟို့လန်က နိုင်ငံတကာအခြေအနေ၊ ပြည်တွင်းအခြေအနေများ မည်သို့ပင်ပြောင်းပြောင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အခြေအနေ ပြောင်းလဲရန်မရှိပါကြောင်း၊ ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းကောင်းနိုင်ငံများ ဖြစ်သည်နှင့်အညီ အခက်အခဲများကို အချိန်မီဖြေရှင်းနိုင်ခဲ့ပါကြောင်း၊ ဖုန်ကြားရှင်ကို ဆက်သွယ်၍ ကိုးကန့်ဒေသတွင် ဖြစ်ပေါ်ခဲ့သည့်



တိုက်ပွဲများရပ်စဲရန်၊ ပြဿနာကိုနိုင်ငံရေးနည်းဖြင့် ဖြေရှင်းပေးရန် တောင်းဆိုခဲ့ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများသည် နှစ်နိုင်ငံစလုံးအတွက် အနှောင့်အယှက်ဖြစ်စေ၍ မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေး ကိစ္စရပ်များအား အခိုင်အမာထောက်ခံအားပေးပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

---

### ❖ အိန္ဒိယမှ

နှစ်နိုင်ငံနယ်စပ်သံတံတားကြီးသည် တမူးမြို့၏ အနောက်ဘက်နှစ်မိုင်ခန့် အကွာတွင်ရှိသည်။ ထိုသံတံတားကြီးကို မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံက တစ်ဝက်စီပိုင်ကြပြီး သံတံတားကြီးကို ဆေးအဖြူနှင့်ဆေးအဝါ တစ်ဝက်စီ သုတ်ထားသည်။ ဆေးအဝါဘက်သည် အိန္ဒိယဘက်ကပိုင်၍ ဆေးအဖြူဘက်သည် မြန်မာဘက် ဖြစ်သည်။

ထိုနှစ်နိုင်ငံနယ်စပ်သံတံတားကြီး၏ ဝင်ပေါက် တစ်ဖာလုံအကွာတွင် (AH 1) "အေအိပ်ချ်ဝမ်း" ဟူသော အင်္ဂလိပ်စာလုံးဖြူကြီးကို သံပြားပေါ်တွင် အမည်းရောင်အောက်ခံဖြင့်ရေးထိုးကာ သံတိုင်ဖြင့်စိုက်ထူကမ္ပည်းထိုးထားသည်။

တမူး-ကလေး-ကလေးဝ လမ်းမကြီးသည် (AH 1) ခေါ် အာရှပတ်လမ်းမကြီးဖြစ်သည်။ အိန္ဒိယမှ စတင်ဝင်ရောက်သည့် ပထမဆုံးသော လမ်းမကြီးလည်းဖြစ်သည်။

ထို တမူး-ကလေး-ကလေးဝ အာရှပတ်လမ်းမကြီးသည် တမူးမြို့မှ ကလေးမြို့၊ ထိုမှကလေးဝအထိ မိုင် ၁၀၀ ကျော်ရှည်လျားသည်။ ကလေးမြို့နှင့် တမူးမြို့မှာ ၈၃ မိုင်ဝေးကွာပြီး ကလေးမြို့နှင့် ကလေးဝမြို့မှာ ၂၄ မိုင်ကွာဝေးသည်။ ထို့ကြောင့် တမူး-ကလေး-ကလေးဝသည် ၁၀၇ မိုင်ရှည်လျားသည်။

တမူးမြို့ အိန္ဒိယနယ်စပ်က ဖောက်လုပ်ခဲ့သော အိန္ဒိယ-မြန်မာချစ်ကြည်ရေးလမ်းမခေါ် အာရှပတ်လမ်းမကြီးသည် ကလေးမြို့နယ် ကျီကုန်းလမ်းဆုံအရောက်တွင် ကလေးမြို့ဘက်သို့ လမ်းတစ်သွယ်၊ ကလေးဝဘက်သို့ လမ်းတစ်သွယ် နှစ်သွယ်ခွဲ၍ ဖောက်လုပ်ထားသည်။

တမူး-ကလေး-ကလေးဝ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမကြီးခေါ် အာရှပတ်လမ်းမကြီးကို အိန္ဒိယနိုင်ငံရှိ အိန္ဒိယနိုင်ငံနယ်စပ်လမ်းတံတားများ တိုးတက်ဖောက်လုပ်ရေးအဖွဲ့ (B-RTF-760) က ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်က ဖောက်လုပ်ပြီးစီးခဲ့သည်။ ၁၉၉၇ ခုနှစ်က တမူးမြို့ရှိ နယ်စပ်သံတံတားကြီးကစ၍ စတင်ဖောက်လုပ်လာခဲ့ရာ လေးနှစ်အကြာ ၂၀၀၁ ခုနှစ်တွင် ဖောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်သည်။ လမ်းပိုင်းကို ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်က ဖွင့်လှစ်ပေးခဲ့သည်။

ထိုအာရှပတ် (AH1) လမ်းမကြီးတွင် သံဘေလီတံတားကြီးပေါင်း ၇၀ ကျော်ရှိရာ အချို့သံတံတားတို့မှာ မူလီပြုတ်ထွက်၍ ကားဖြတ်သွားတိုင်း "တဂျုံးဂျုံး"မြည်သံပေးလျက်ရှိသည်။ ထိုပျက်စီးယိုယွင်းသော သံတံတားကြီးများကို ပြန်လည်ပြင်ဆင်နိုင်ရန် အိန္ဒိယဘက်မှ မြန်မာနိုင်ငံဘက်သို့ တံတားသစ်များ ပေးပို့ထားပြီး ဖြစ်သည်။

ထိုအိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမကြီးခေါ် ကလေး-ကလေးဝ-တမူးလမ်းမကြီးမှာ အင်္ဂလိပ်အစိုးရကိုလိုနီခေတ်က အင်္ဂလိပ်များမြန်မာပြည်မှ ဆုတ်ခွာရာ၌ ဖောက်လုပ်ထားခဲ့သော လမ်းဟောင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဖောက်လုပ်ထားခဲ့သော မြေသားလမ်းဖြစ်၍ ယခင်က လမ်းအလွန်ဆိုးခဲ့သည်။ ကလေးမြို့နှင့် တမူးမြို့ကို ကားတစ်နေကုန်မောင်းရပြီး ကားပျက်၊ တံတားပျက်၊ ဗွက်နစ်လျက် တစ်လကိုးသီတင်းပင်ကြာသည်။ ဤမျှ ခက်ခဲသောလမ်းဖြစ်သည်။

ယခုကဲ့သို့ အိန္ဒိယနိုင်ငံမှ အိန္ဒိယ-မြန်မာချစ်ကြည်ရေးလမ်းမကြီးအဖြစ် ပြုပြင်တိုးချဲ့ဖောက်လုပ်ပေးခဲ့သောအခါ သွားရေးသာ၍ လာရေးဖြောင့်ခဲ့ကြရပါတော့သည်။

ယခုအခါ တမူး-ကလေး-ကလေးဝလမ်းမကြီးသည် သနပ်ခါးကျောက်ပျဉ်ကဲ့သို့ ပြောင်လက်ချောမွေ့ကာ သွားရေးသာ၍ လာရေးဖြောင့်နေကြပါပြီ။ ယခင်က ကလေး-တမူး တစ်ပတ်ကြာ၊တစ်လကြာသွားခဲ့ရသောခရီးမှာ အာရှပတ်လမ်းမကြီးကြောင့် ကလေး-တမူး သုံးနာရီနှင့်ကူး၍ နေ့ချင်းပြန်ပင်သွားလာနေကြပါပြီ။

လမ်းပန်းဆက်သွယ်ရေးကောင်းလာသဖြင့် တမူးမြို့ရှိ နန်းဖာလုံ နယ်စပ်ဈေးကြီးသည်လည်း ဆိုင်ခန်းပေါင်း ၁၂၉၀ ကျော်ဖြင့် စည်ကားလျက်ရှိနေသည်။ တမူး-ကလေး-ကလေးဝ မြို့သူ မြို့သားတို့မှာလည်း ရောင်းဝယ်ဖောက်ကားမှုကောင်းလာပြီး ဆင်းရဲသားဘဝမှ ချမ်းသာကြွယ်ဝသူများဖြစ်ပေါ်လာကြသည်။ တိုက်ပိုင်၊ ကားပိုင်၊ ကုန်စုံဆိုင်ပိုင်ရှင်ကြီးများ ဖြစ်လာခဲ့ကြရသည်။

တမူး-ကလေး-ကလေးဝ အာရှပတ်လမ်းမကြီး(AH1)ပေါ်တွင် ကလေး-တမူး- ယခုအခါ ရန်ကုန်-မန္တလေး-မုံရွာအဝေးပြေးယာဉ်လိုင်းများ၊ ကလေး-ကလေးဝ-တမူး ပြေးဆွဲပေးနေသော ယာဉ်လိုင်းငယ်မျိုးစုံဖြင့် ရောင်းဝယ်ဖောက်ကားနေကြသည်။

ဥဒဟိုသွားလာလျက်ရှိနေကြသည်။ အဟောသုခံကောင်းလေစွတကား။ ။

**(ကလေး-ဝင်းသူ)**

---

# နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ နှလုံးသွေးကြောကျဉ်းရောဂါ အောင်မြင်စွာ ကုသပေးနိုင်ခဲ့



**နေပြည်တော် ဇွန် ၁၂**

နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ နှလုံးသွေးကြောကျဉ်းရောဂါ ရှိ မရှိ ၁၀၀ ရာခိုင်နှုန်းတိကျစွာ စစ်ဆေးကုသနိုင်သော နှလုံးသွေးကြောကျဉ်းရောဂါ ရှာဖွေခြင်း (Coronary Angiogram) နှင့် နှလုံးသွေးကြောထောက် ကိရိယာ (Stent) ထည့်၍ ကုသခြင်းများကို ဝန်ဆောင်မှုပေးနိုင်ရန်အတွက် Allura Xper FD 10/10 Biplane (Phillips) စက်ကြီးအား မြန်မာနိုင်ငံတွင် ပထမဆုံးအဖြစ် တပ်ဆင်ပြီးစီး၍ ယနေ့နံနက်ပိုင်းတွင် နှလုံးသွေးကြောကျဉ်း ရောဂါဝေဒနာရှင်တစ်ဦးအား အောင်မြင်စွာ ကုသပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**(ဇော်မင်းအောင်)**

✪ **ရှေ့ဖုံးမှ**

ဆက်လက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ရပ်တန့်မှုမရှိဘဲ စဉ်ဆက်မပြတ်ဝင်ရောက်လျက်ရှိပါကြောင်း၊ ယခုလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ ရင်းနှီးမြှုပ်နှံရန်ရှိပါကြောင်း၊ ဗဟိုဘဏ်အနေဖြင့် လက်ရှိငွေကြေးအခြေအနေကို အဆင်ပြေအောင်ဆောင်ရွက်မှသာ ပြည်ပမှ ငွေကြေးစီးဝင်မှု လျင်မြန်မည်ဖြစ်၍ အဆင်ပြေအောင် စီမံဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒနှင့် ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင် က ပြည်တွင်း၌ ခွင့်ပြုထားသည့်နိုင်ငံခြားဘဏ်များက ပြည်တွင်းဘဏ်များကို အကူအညီပေးနိုင်မည့် အခြေအနေကို ရှင်းလင်းပြောကြားပြီး ပြည်တွင်းတွင်ရှိသည့် နိုင်ငံခြားဘဏ်များအနေဖြင့် ပြည်တွင်းဘဏ်များ၏ လိုအပ်ချက်ကို များစွာအကူအညီပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက ငွေကြေးဖောင်းပွမှုအနေအထားနှင့် ဆောင်ရွက်ရမည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူက ဆန်စပါးတင်ပို့မှုအခြေအနေနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူက လုပ်ငန်းများဆောင်ရွက်မှုအခြေအနေနှင့် အကြံပြု ချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ငါးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် အခက်အခဲများကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဘဏ်အသီးသီးမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နိုင်မှု အနေအထားနှင့် အကြံပြုချက်များကို တင်ပြဆွေးနွေးကြသည်။

ထို့အပြင် နိုင်ငံတွင်းသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ လျှောက်ထားသည့် ပြည်ပချေးငွေများကို လျင်မြန်စွာ ခွင့်ပြုပေးရန်ကိစ္စ၊ မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ယူထားသည့် နိုင်ငံခြားဘဏ် ဘဏ်ခွဲများကလည်း ပြည်တွင်းဘဏ်များကို Interbank Market မှ တစ်ဆင့် အမေရိကန်ဒေါ်လာဖြင့် ချေးငွေများ လွယ်ကူလျင်မြန်စွာ ချေးပေးရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က စီးပွားရေးဆိုင်ရာ ရေတို၊ ရေရှည်ဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် စီမံဆောင်ရွက်မှုများအပေါ် ပြည်တွင်းပုဂ္ဂလိကဘဏ်များအနေဖြင့် လိုက်ပါဆောင်ရွက်ရန် အချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာသူများက နယ်စပ်ကုန်သွယ်ရေးကို တရားဝင်ဘဏ်စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ စာရင်းပြောင်းနည်းဖြင့် ဒေါ်လာများ ရောင်းဝယ်သည့်စနစ်ကို လျှော့ချနိုင်ရေး၊ ဈေးကွက်အတွင်း ဈေးကစားမှုများလျှော့ချရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဆွေးနွေးတင်ပြချက်များအပေါ် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို အကြံပြုဆွေးနွေးသည်။




**လတ်တလောဖြစ်ပေါ်နေသည့် ငွေလဲလှယ်နှုန်းကိစ္စနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် အစည်းအဝေးကျင်းပစဉ်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိဂုံးချုပ်ပြောကြားရာတွင် လတ်တလောဖြစ်ပေါ်နေသော ငွေကြေးကိစ္စများအပေါ် ဘက်ပေါင်းစုံမှ တာဝန်ရှိသူများကအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ငွေကြေးစနစ်တည်ငြိမ်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုငွေများ အလွယ်တကူဝင်ရောက်နိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့ အမြန်ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပြည်တွင်း၌ ဖွင့်လှစ်ထားသော နိုင်ငံခြားဘဏ်များအနေဖြင့် ပြည်တွင်းဘဏ်များကို ငွေကြေးကူညီမှုပြုနိုင်ရေးဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၎င်းတွင်ရှိသော အရန်ငွေထဲမှ ပြည်တွင်းဘဏ်နှင့် ပို့ကုန်လုပ်ငန်းရှင်များအတွက် လိုအပ်သောငွေကြေးများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီသွားရန် လိုအပ်ပါကြောင်း၊ ပို့ကုန်များအတွက် ရရှိသည့်ငွေကြေးကိုလည်း ဘဏ်များမှတစ်ဆင့် ပေးသွင်းရန်လိုအပ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရေးလိုအပ်သည့်အဖွဲ့များဖွဲ့စည်းပြီး အမြန်ဆုံးကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

# ဒေါ်လာဈေးမတည်ငြိမ်မှုနှင့်အတူ စက်သုံးဆီဈေးနှုန်းများ မြင့်တက်နေ

**နေပြည်တော် ဇွန် ၁၂**

ယခုရက်ပိုင်းအတွင်း ဒေါ်လာဈေးမြင့်တက်မှုများ ရှိလာခဲ့ခြင်း၏ နောက်ဆက်တွဲအဖြစ် စက်သုံးဆီဈေးနှုန်းများလည်း မြင့်တက်မှုများ ရှိလာခဲ့ကြောင်း ဇွန် ၁၁ ရက်က နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည့် သတင်းထုတ်ပြန်ခြင်း အခမ်းအနားမှ သိရသည်။

စက်သုံးဆီဆိုင်များတွင် ဓာတ်ဆီဈေးနှုန်းသည် ယခင်က တစ်လီတာလျှင် ငွေကျပ် ၆၀၀ ဝန်းကျင်သာရှိခဲ့ရာမှ လက်ရှိတွင် အမေရိကန်ဒေါ်လာဈေး တက်လာခြင်းကြောင့် ဓာတ်ဆီ တစ်လီတာလျှင် ငွေကျပ် ၇၄၀ အထိ ရှိလာခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် စွမ်းအင်ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ၂၀၁၀ ခုနှစ်မှစတင်ကာ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့် လိုင်စင်များကို ခွင့်ပြုပေးခဲ့ရာ ယခုနှစ် ဇွန် ၃ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စက်သုံးဆီ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ရယူ၍ လုပ်ငန်းလုပ်ကိုင်နေသည့် ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင် ၁၅၂၂ ဆိုင်၊ ပုဂ္ဂလိကစက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရေးစခန်းခြောက်ခု၊ ရေယာဉ်များသို့ စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်အား ရေယာဉ် ၁၆ စင်းနှင့် လေယာဉ်ဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်တစ်ခုတို့ကို ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ ခွင့်ပြုပေးထားသော်လည်း ပုဂ္ဂလိက အရောင်းဆိုင်များတွင် ရောင်းချနေသော စက်သုံးဆီများအား စက်သုံးဆီအရည်အသွေးနှင့် အခြင်အတွယ် မှန်ကန်စေရေးအတွက် စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပြီး ကလေးမြို့တွင် စက်သုံးဆီအရောင်းဆိုင် မီးလောင်မှုကြောင့် ရောင်းချခွင့်လိုင်စင် ခြောက်လပိတ်သိမ်းခြင်း၊ ဘုရားကြီးမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်အခြင်အတွယ်မပြည့်မီခြင်းကြောင့် ရောင်းချခွင့်လိုင်စင် ပထမအကြိမ်တစ်လ၊ ထပ်မံစစ်ဆေးတွေ့ရှိသည့်အတွက် ဒုတိယအကြိမ် သုံးလပိတ်သိမ်းခြင်း၊ ၂၀ လီတာစံခွက် သို့မဟုတ် လေးဂါလန်စံခွက်များမထားရှိသည့် စက်သုံးဆီအရောင်းဆိုင်လေးဆိုင်ကို သတိပေးအရေးယူခြင်းများ အပါအဝင် စက်သုံးဆီ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ခွင့်ပြုမိန့်မရရှိသေးသည့် စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချမှုမရှိစေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင် သယ်ယူချက်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီနှင့် ညှိနှိုင်းကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒေါ်လာဈေးမတည်ငြိမ်မှုနှင့်အတူ စက်သုံးဆီ ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိရာတွင် ဇွန် ၁ ရက်မှ ၅ ရက်အထိ ဆိပ်ကမ်းအရောက် စက်သုံးဆီတစ်လီတာ တန်ဖိုး (ဥပမာ-အောက်တိန်း 92) ငွေကျပ် ၇၂၀ ရှိခဲ့ကြောင်း၊ သို့ရာတွင် ဆိပ်ကမ်းမှ သက်ဆိုင်ရာအရောင်းဆိုင်များ အရောက်ဆိုလျှင် သယ်ယူစရိတ်မပါ တွက်ချက်ပါက ငွေကျပ် ၇၉၀ အထိ ကုန်ကျကြောင်း၊ သို့သော် ဝယ်ယူသုံးစွဲသူများအတွက် သင့်တင့်သော ဈေးနှုန်းဖြစ်စေရန် စက်သုံးဆီအရောင်းဆိုင်များနှင့် ညှိနှိုင်းကာ ငွေကျပ် ၇၉၀ အထိ ရောင်းချခြင်း မရှိခဲ့ကြောင်း၊ ဆိပ်ကမ်းအရောက် တစ်လီတာ တန်ဖိုးနှင့် လက်လီအရောင်းဆိုင်များ၏ တစ်လီတာတန်ဖိုးသည်လည်း ၁၀ ကျပ်၊ ၁၅ ကျပ်မျှသာကွာဟကြောင်းနှင့် ဒေါ်လာဈေး အတက်အကျအပေါ် မူတည်ကာ စက်သုံးဆီဈေးနှုန်းသည်လည်း အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်း မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းရုံးအဖွဲ့မှူး ဦးဝင်းနိုင်က ပြောကြားခဲ့သည်။

**(ငွေကြယ်)**

■

# ယင်းမာ အထူးစီမံချက် ဒုတိယပတ် ဆောင်ရွက်ပြီးစီးမှု အခြေအနေ

**နေပြည်တော် ဇွန် ၁၂**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဦးဆောင်မှုဖြင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအထူးလုပ်ငန်းစီမံချက် (ယင်းမာ) စီမံချက်ကို မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ဆောင်ရွက်လျက်ရှိပြီး အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ ရှမ်းပြည်နယ်ဟူ၍ သုံးဇုန်ခွဲ၍ မူးယစ်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များအလိုက် တာဝန်ခွဲဝေခဲ့သည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ဒုတိယရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ဆိုင်းဘုတ်ချိတ်ဆွဲခြင်း ၄၁ မြို့နယ်၊ အသိပညာပေးဟောပြောပွဲ ၃၅ မြို့နယ်၌ ၆၅ ကြိမ်၊ ညှိနှိုင်းအစည်းအဝေးများကို ၁၃ မြို့နယ်၌ ၁၈ ကြိမ်၊ သီးနှံများအစားထိုး စိုက်ပျိုးရေးအဖွဲ့က နှစ်ချင်းသီးနှံမျိုးစေ့ ဖြန့်ဝေခြင်း ရှစ်မြို့နယ်၊ နှစ်ရှည်ပျိုးပင်ဖြန့်ဖြူးခြင်း ငါးမြို့နယ်၊ သင်တန်းဖွင့်ခြင်း ခြောက်မြို့နယ် ဆောင်ရွက်နိုင်ခဲ့သည်။

မွေးမြူရေးလုပ်ငန်းအဖွဲ့က သင်တန်းဖွင့်လှစ်ခြင်း ခုနစ်မြို့နယ်၊ ပညာပေးဟောပြောခြင်း နှစ်မြို့နယ်၌ လေးနေရာ၊ ကာကွယ်ဆေးထိုးပေးခြင်း လေးမြို့နယ်၊ ဆေးကုသပေးခြင်း လေးမြို့နယ် ဆောင်ရွက်နိုင်ခဲ့သည်။ ဆေးကုသရေးလုပ်ငန်းအဖွဲ့က One Stop Service ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းမှ လူနာသစ် ၄၃ ဦးတက်ရောက်ခဲ့ပြီး မက်သာဒုံးဆေးရည်သောက်သုံးသူ ၈၄၀၀၊ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး ၁၃၅ ဦး စစ်ဆေးခဲ့ပြီး ဘီပိုးကာကွယ်ဆေး ၁၂၃ ဦးအား ထိုးနှံပေးခြင်း၊ HIV ပိုး ရှိ/မရှိ ၁၀ ဦးအား ART ဆေးသောက်သုံးနိုင်ရန် ညွှန်းပို့ပေးခြင်းနှင့် မြို့နယ်နှစ်မြို့နယ်တွင် အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်နိုင်ခဲ့သည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့က မြို့နယ်နှစ်မြို့နယ်တွင် ဟောပြောပွဲ ကျင်းပခြင်း၊ အသိပညာပေးခြင်း ငါးမြို့နယ်၊ ကျောင်းသား လူငယ်များအား အသိပညာပေးရေးလုပ်ငန်းအဖွဲ့က မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်မှု တိုက်ဖျက်ရေးနေ့အကြို အခမ်းအနား သုံးမြို့နယ်နှင့် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာ၊ ပိုစတာပြိုင်ပွဲ ကျင်းပခြင်း ၃၉ မြို့နယ်တွင် ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်သူများအား အသိပညာပေး လှုံ့ဆော်ရေးအဖွဲ့က နယ်လှည့်စာကြည့်တိုက်လှုပ်ရှားမှု ၅၄ မြို့နယ်၊ လက်ကမ်းစာစောင်များထုတ်ဝေမှု ၄၈ မြို့နယ်၊ နံရံကပ်စာစောင် ပြသမှု ၂၃ မြို့နယ်၊ ဓာတ်ပုံပြပွဲကျင်းပခြင်း ၂၁ မြို့နယ်၊ ဟောပြောပွဲကျင်းပခြင်း ငါးမြို့နယ်တို့တွင် ဆောင်ရွက်နိုင်ခဲ့သည်။ ထိန်းချုပ် ဓာတုပစ္စည်းများ ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့က ကွင်းဆင်းစစ်ဆေးခြင်း ခြောက်မြို့နယ်၌ ကိုးကြိမ်၊ အသိပညာဆွေးနွေးခြင်း ရှစ်မြို့နယ်တို့တွင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




**သစ်တောနဲ့သစ်ပင်**
**ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက်**
**ရွှေတိုက်ကိုစိုး**




တာဝန်ရှိသူများက ကင်ဆာရောဂါကုသပျောက်ကင်းသူများနှင့် ကလေးငယ်များအား အမှတ်တရ လက်ဆောင်များ တပျော်တပါး ပေးအပ်နေစဉ်။

# ကင်ဆာကုသအောင်မြင်သူများနေ့ ကျင်းပ

**ရန်ကုန် ဇွန် ၁၂**

ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော ဒုတိယအကြိမ်မြောက် "ကင်ဆာကုသအောင်မြင်ထားသူများနေ့" (Cancer Survivors Day 2015) အခမ်းအနားကို ဇွန် ၇ ရက် နံနက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပရာ ကင်ဆာရောဂါပညာရပ်ဆိုင်ရာ ပါမောက္ခ၊ သမားတော်၊ အထူးကုဆရာဝန်ကြီးများ၊ ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ဝန်ထမ်းများ၊လူမှုရေးစေတနာရှင်အလှူရှင်များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ကင်ဆာရောဂါကုသအောင်မြင်သူများနှင့် ကလေးသူငယ်များ သက်ရှည်ကျန်းမာ ကင်ဆာရောဂါလက္ခဏာ အသိပေးပညာပေးဟောပြောပွဲသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိ ပါမောက္ခဦးရဲမြက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကင်ဆာဖောင်ဒေးရှင်းအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်ရင်ရင်ထွန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်မှာ ကြိုတင်ကာကွယ်၍ ရသော ကင်ဆာရောဂါများကို ကာကွယ်၍ မရနိုင်ပါက စောစီးစွာ တွေ့ရှိပြီး စောစီးစွာ ကုသကာ ရောဂါပျောက်ကင်းနိုင်ခြေရှိကြောင်း၊ ကင်ဆာရောဂါလက္ခဏာများ သိရှိနိုင်ရန် ကျန်းမာရေးပညာပေး ဗဟုသုတ ရရှိပြီး စာနာထောက်ထားသောအားဖြင့် လိုအပ်သည့် ကူညီနိုင်မှု ထောက်ပံ့ပေးရန် ပြောကြားခဲ့သည်။

ထို့နောက် အသင်းဝင်အဖွဲ့ငယ်များက ဆွေးနွေးအကြံပြုခြင်းနှင့် ရောဂါပျောက်ကင်းသူတို့က အတွေ့အကြုံများကို ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် ကင်ဆာရောဂါပျောက်ကင်းသူများ၊ ကလေးသူငယ်များအား တာဝန်ရှိသူတို့က အမှတ်တရ ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကျော်ဗိုလ်ဝင်း)**

# ကျပ် ၁၀၀ ခရီးစဉ်အား ကျပ် ၂၀၀တောင်းသည့် အမှတ် (၁၀၅) ယာဉ်လိုင်း ယာဉ်နောက်လိုက်ဒဏ်ကြေးငွေကျပ် တစ်သောင်းနှင့်ဂိတ် တစ်လပိတ်အရေးယူခံရ

**ရန်ကုန် ဇွန် ၁၂**

ခရီးစဉ်အပိုင်းအလိုက် သတ်မှတ်ထားသောယာဉ်စီးခထက် ပိုမိုတောင်းခံခြင်းနှင့် ခရီးသည်အပေါ် ရိုင်းပျစွာ ဆက်ဆံခြင်းကို ဓာတ်ပုံနှင့်တကွ တင်ပြလာမှုအပေါ် မထသ(ဗဟို) ၏ ညွှန်ကြားချက်ဖြင့်စုံစမ်းစစ်ဆေး၍ သတ်မှတ် စည်းကမ်းဖောက်ဖျက်ကျူးလွန်သူ ယာဉ်နောက်လိုက်အား ပြစ်ဒဏ်ကြေးငွေကျပ်တစ်သောင်းနှင့် ယာဉ်နောက် လိုက်ခွင့်တစ်လပိတ် အရေးယူဆောင် ရွက်ပြီးစီးကြောင်း ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းများ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ရုံးမှ ပို့ဆောင်ရေးမှူး ဦးမြသိန်းက ဇွန် ၉ ရက်က ပြောကြားသည်။

ဖြစ်စဉ်မှာ ဇွန် ၄ ရက် ညနေ ၃ နာရီ မိနစ် ၂၀ခန့်က ရန်ကုန်မြို့ တာမွေဂိတ်စမှ မော်တင်ကျုံးကြီးဂိတ်အထိ ခရီးစဉ်တစ်ပိုင်းကို ကျပ် ၅၀ ဖြင့် ခရီးစဉ် သုံးပိုင်းသတ်မှတ်၍ ခရီးစဉ်အစ၊အဆုံးကျပ် ၁၅၀ ဖြင့် ခရီးတိုပြေးဆွဲနေသော အနောက်ပိုင်းခရိုင် မထသလက်အောက်ရှိ အမှတ် (၁၀၅) ယာဉ်လိုင်း ဘီအမ်ဟီးနိုးယာဉ်အမှတ် 1J ဘတ်စ်ကားမှယာဉ်နောက်လိုက်သည် ကန်တော်ကလေးစာတိုက် မှတ်တိုင်မှ အနော်ရထာလမ်း (ဘားလမ်း) မှတ်တိုင်အထိ သုံးမှတ်တိုင်ခရီးကို သတ်မှတ်သည့်ယာဉ်စီးခ ကျပ် ၁၀၀ အစား ကျပ် ၂၀၀ တောင်းခဲ့ခြင်း ပင်ဖြစ်သည်။ မည်သည့်အတွက် ကျပ် ၂၀၀ တောင်းခြင်းကို ပြန်လည်မေးမြန်းသည့် သက်ရွယ်ကြီးရင့်သူ ခရီးသည်အား အများသူငါရှေ့တွင် ရိုင်းပျစွာ ပြောဆိုပြုမူဆက်ဆံခဲ့ခြင်းများကို စစ်ဆေးတွေ့ရှိသဖြင့် ပြစ်ဒဏ်ကြေးငွေ ကျပ်တစ်သောင်းပေးဆောင်ရန်နှင့် ယာဉ်နောက်လိုက်ခွင့် တစ်လဂိတ်ပိတ်အရေးယူဆောင်ရွက်လိုက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီ စီမံမှုအောက်ရှိ ယာဉ်လိုင်းများမှ ယာဉ်မောင်းသူနှင့် ယာဉ်နောက်လိုက်များသို့ ဇန်နဝါရီ ၁ ရက်မှ မေ ၃၁ ရက်အထိ ငါးလတာကာလအတွင်း ခရီးသွားပြည်သူများက တိုင်ကြားမှုပေါင်း ၈၆၃ မှုရှိခဲ့ရာ ယာဉ်စီးခပိုမိုတောင်းခံခြင်းအတွက် တိုင်ကြားမှုပေါင်း ၅၇၂ မှုဖြင့် ပထမအများဆုံးဖြစ်သည်ဟု သိရသည်။ ခရီးသည်အားရိုင်းပျစွာ မချေမငံ ပြောဆိုခြင်းအတွက်တိုင်ကြားမှုဒုတိယအများဆုံး ၁၂၆ မှုရှိသဖြင့် ၂၀၁၄ ခုနှစ် ငါးလတာကာလထက်သာလွန်နေကြောင်း ခရီးသည်များ၏ တိုင်ကြားမှု အခြေပြဇယားများအရ သိရှိရသည်။ ခရီးသွားပြည်သူများ၏ ခံစားမှုတိုင်ကြားချက်များကို မထသ (ဗဟို)မှ လက်ခံကြိုဆိုပြီး တိကျပြတ်သားစွာ အရေးယူဆောင်ရွက်ပေးလျက်ရှိနေကြောင်း မထသ(ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်က မီဒီယာများသို့ ပြောကြားသည်။

**အောင်သန်း (မင်္ဂလာတောင်ညွန့်)**

ဖတ်စရာ မှတ်စရာ

# ပြည်သူတစ်ဦး၏ရင်ဖွင့်သံ

ပြည်သူတစ်ဦး

၃-၆-၂၀၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဆောင်းပါးရှင်ကျော်ခိုင်(လမ်းမတော်)၏ "ရန်ကုန်မြို့တွင်းပြေးဆွဲနေသော ယာဉ်လိုင်းများ ယာဉ်စီးခပိုတောင်းခံမှုပိုမိုရဲတင်းလာ" ဟူသောဆောင်းပါးကို ထပ်ဆင့်ထောက်ခံရေးသားအပ်ပါသည်။ ယာဉ်လုပ်သားများကို နစ်နာစေလိုသော သဘောဖြင့်မဟုတ်ပါ။ ကြုံတွေ့ခဲ့သမျှ အခြေခံ၍ လိုင်းကားများကို အားပြုပြီး နေ့စဉ်လုပ်ကိုင်စားသောက်နေကြရသော အခြေခံလူတန်းစားများကိုယ်စား ရေးသားတင်ပြရခြင်းဖြစ်ပါသည်။ လိုင်းကားများ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များသည် ကျွန်တော်တို့ အခြေခံလူတန်းစားများ၏ ကျေးဇူးရှင်များဖြစ်သလို အခြေခံလူတန်းစားများသည်လည်း ယာဉ်လုပ်သားများ၏ ကျေးဇူးရှင်၊ ထမင်းရှင်များဖြစ်ကြပါသည်။ ကိုယ်ပိုင်ကားရှိသူများက နေ့စဉ်လိုင်းကားစီးကြမည်မထင်ပါ။

ကျွန်တော်သည် ဗဟန်းမြို့နယ်တွင် နေထိုင်၍ စမ်းချောင်းမြို့နယ်(မြေနီကုန်း)တွင် အလုပ်လုပ်ပါသည်။ ဈေးကွေ့ မှတ်တိုင်မှကားစီးရသည်။ (၁၆၇) တစ်လိုင်းသာ တိုက်ရိုက်ရောက်သည်။ သတ်မှတ်ဈေးနှုန်းမည်မျှရှိသည်မသိရပါ။ နံနက်ပိုင်းမြေနီကုန်းသို့သွားလျှင် ကျပ် ၂၀၀ ပေးရပြီး ညနေ မြေနီကုန်းမှပြန်လျှင် ကျပ် ၃၀၀ ပေးရသည်။

လူကျပ်လျှင် ဒဂုံ-ဆူးလေ BM ကိုစီးပြီး တာမွေအဝိုင်းထိပ်မှမြေနီကုန်းသို့ ကားပြောင်းစီးပါသည်။ BM များမှာ ဈေးကွေ့မှ ဆူးလေသို့ ကျပ် ၁၀၀ သာပေးရသော်လည်း ဆူးလေမှလာလျှင် ရွှေဂုံတိုင်၊ တာမွေကျော်ပါက ကျပ် ၂၀၀ ယူပါသည်။ သတ်မှတ်ဈေးနှုန်းနှင့်ကွာခြားနေပါသည်။

တာမွေမှမြေနီကုန်းသို့ လိုင်းကားများစွာရှိပါသည်။ ၁၀၇၊ ၄၈၊ ရွှေစည်သည်(၁)တို့ပုံသေ ကျပ် ၂၀၀ ပေးရသည်။ ၃၄၊ ၃၈၊ ၅၀၊ ၁၇၄၊ မေတ္တာလိုင်း ၄ နှင့် စစ်မှုထမ်းကားတို့ရှိကြသည်။ ထိုခြောက်လိုင်းသည် ခရီးစဉ်တစ်ပိုင်း ကျပ် ၅၀ ဖြင့် ပြေးဆွဲပေးရသော လိုင်းများဖြစ်သော်လည်း ကျပ် ၅၀ တန်ခရီးစဉ်မရှိတော့ပါ။ တာမွေမှမြေနီကုန်း ကျပ် ၁၀၀ တောင်းခံပါသည်။ ကျပ် ၅၀ မရ၍ မည်သည့်ခရီးသည်မှ ရန်မတွေ့တော့ပါ။ ကျပ် ၁၀၀ ကို ကြည်ကြည်ဖြူဖြူပေးပါသည်။ ယခုတစ်လော တာမွေမှ မြေနီကုန်း အသွား/အပြန်ကို ရွှေဂုံတိုင်ထိ ကျပ် ၁၀၀ ကျော်လျှင် ကျပ် ၂၀၀၊ရွှေဂုံတိုင်မှ မြေနီကုန်း ကျပ် ၁၀၀ ကျော်လျှင် ကျပ် ၂၀၀၊ ရွှေဂုံတိုင်မှတာမွေ ကျပ် ၁၀၀ ကျော်လျှင် ကျပ်၂၀၀ တောင်းခံနေကြပါသည်။ ယာဉ်စီးခသည် မထသမှ သတ်မှတ်ပေးထားသော ဈေးနှုန်းပေါ်တွင် မူမတည်၊ ယာဉ်နောက်လိုက်များ၏ ပိုင်းဖြတ်တောင်းခံမှုများပေါ်တွင်သာ မူတည်နေပါသည်။

ယာဉ်လုပ်သားများ ယူနီဖောင်းအပြည့်ဝတ်ပြီး ခရီးသည်ကို ပျူငှာစွာ၊ဖော်ရွေစွာ ဆက်ဆံလျက် တာမွေ-မြေနီကုန်းကို ကျပ် ၁၀၀ သာ တောင်းသောယာဉ်နောက်လိုက်များစွာရှိပါသေးသည်။ယာဉ်နောက်လိုက်အချို့သည် ယူနီဖောင်းမဝတ်၊ တစ်ခါတစ်ရံ စွပ်ကျယ်အကျႌ၊ ဘောင်းဘီတို(ဒူးထိ)ဝတ်လျက် လေသံမာကျောစွာဖြင့် "ရွှေဂုံတိုင် ၁၀၀၊ ကျော်ရင် ကျပ် ၂၀၀ ပဲ၊ ကြိုပြောထားတယ်နော်။ ပြီးမှကချီကချောင်မလုပ်နဲ့၊ ကြိုက်မှတက်၊ မကျေနပ်ကြိုက်တဲ့နေရာသွားတိုင်" ဟု သက်ကြီးရွယ်အိုများ၊ ဆရာတော် သံဃာတော်များကိုပင် အားနာရိုသေရမှန်းမသိသော ယာဉ်နောက်လိုက်များ တွေ့လာရသည်။

လိုင်းကားအများစုမှာ ခရီးစဉ်ဖြတ်ပိုင်းဈေးနှုန်းဖော်ပြထားသော စာရွက်များကပ်ထားခြင်းမရှိတော့ပါ။ အချို့ကားများမှာ အလွယ်တကူ မမြင်နိုင်သော နေရာများတွင် ကပ်ထားခြင်း၊ဈေးနှုန်းနေရာကို မီးတိပ်အမည်းဖြင့် ဖုံးထားခြင်း၊ ဆုတ်ဖြဲထားခြင်းများလည်း တွေ့နေရပါသည်။

ကိုယ်ချင်းမစာတတ်သော၊ တစ်ကိုယ်ကောင်းဆန်သော၊ ပြောရဆိုရခက်သော ခရီးသည်များလည်းရှိနိုင်ပါသည်။ ခရီးသည်နှင့်ယာဉ်လုပ်သားများ ရန်ဖြစ်ကြသောဇာတ်လမ်းများ များစွာ ရှိနိုင်ပါသည်။ တစ်ခါတစ်ရံ Mini Bus များတွင်ကားက နိမ့်နိမ့်သေးသေး၊ လူကကျပ်ကျပ်၊ဆေးလိပ်မီးခိုးနံ့များက မွှန်နေတတ်သည်။ လူကျပ်နေ၍ ခရီးသည်များမှာ ဆေးလိပ်သောက်၍မရနိုင်ပါ။ ဆေးလိပ်သောက်သူမှာ ယာဉ်မောင်းဆရာတချို့ပင်။ ထို Mini Bus များတွင် ခေါင်းခန်း ကျပ် ၅၀၀ တောင်းခံမှုများရှိနေပါသေးသည်။ ၃၈ လိုင်းမှ ကားတစ်စီးကို စီးဖူးသည်။ ခေါင်းခန်း ကျပ် ၅၀၀ မယူပါ။ "ကျွန်တော့်ကားမှာ ခေါင်းခန်းမရှိဘူး။ ကြိုက်တဲ့ခုံထိုင် ပုံမှန်ဈေးပဲ" တဲ့။ ကျေးဇူးတင်ပါသည်။ ထိုကဲ့သို့ ယာဉ်မောင်း၊ယာဉ်နောက်လိုက်များ များစွာ လိုနေပါသည်။

၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းက ထင်ပါသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက မီးပျက်လျှင် ချက်ချင်းလာမပြင်လျှင်၊ မချေမငံပြန်ပြောလျှင် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးဗဟိုထိ တိုင်ကြားနိုင်သော ဖုန်းနံပါတ်များကို သတင်းစာမှ ဖော်ပြခဲ့ဖူးပါသည်။ လိုအပ်၍ ဆက်သွယ်ကြည့်သောအခါ အလွန်အကျိုးထူးထိရောက်ကြောင်းတွေ့ရပါသည်။ မော်တော်ယာဉ်လိုင်းများတွင် အကြွေပြန်အမ်းရန် အခက်အခဲဖြစ်ခဲ့စဉ် နိုင်ငံတော်အဆင့် တာဝန်ရှိသူများက ကူညီဖြေရှင်းပေးခဲ့ဖူးပါသည်။ ထိရောက်မှုလည်း ရှိပါသည်။

သို့ပါ၍ မထသမှ တာဝန်ရှိသူများကို အကြံပြုတင်ပြလိုပါသည်။

(၁) မော်တော်ယာဉ်လိုင်းအလိုက် ခရီးစဉ်ဖြတ်ပိုင်းဈေးနှုန်းများ ကျေနပ်မှုမရှိသည့်အခါ ထိရောက်စွာဖြေရှင်းပေးနိုင်မည့် ဖုန်းနံပါတ်များကို မီဒီယာများမှ တစ်ဆင့်ဖော်ပြပေးရန်(သို့) အိတ်ဆောင်ပြက္ခဒိန်အရွယ်စာအုပ်များ ရိုက်နှိပ်ရောင်းချပေးရန်။

(၂) ခရီးစဉ်ဖြတ်ပိုင်း ဈေးနှုန်းများပါသော စာရွက်များကို လိုင်းကားများ၏ လူမြင်သာသောနေရာများတွင် ကပ်ထားပေးရေး ညွှန်ကြားပေးရန်၊ ထိုသို့ ပြည့်စုံမြင်သာစွာ ကပ်ထားသော လိုင်းကားများကိုသာ လိုင်းဆွဲခွင့်၊ Gas (သို့) ဆီထုတ်ယူခွင့်ပြုရန်။

(၃) ယာဉ်လုပ်သားများ ယူနီဖောင်းပြည့်စုံမှုရှိ၊ မရှိ ဆက်ဆံရေးပြေပြစ်မှုရှိ၊ မရှိ၊ သတ်မှတ်ဈေးနှုန်းအတိုင်းကောက်ခံမှု ရှိ၊ မရှိ၊ တို့ကို ရှောင်တခင်စစ်ဆေး၍ မလိုက်နာပါက ထိရောက်စွာ အရေးယူရန်။

အချို့သော ကားမှတ်တိုင်များတွင် မထသမှ တာဝန်ရှိသူ (လှည့်ကင်းနှင့် မျဉ်းကျားမှ ကူးသူများကို ဖမ်းသောအဖွဲ့များမဟုတ်) တစ်ဦးတလေကို တွေ့ရပါသည်။ မည်သည့် တာဝန်များထမ်းဆောင်နေသည်ကိုတော့ မသိပါ။

ကျွန်တော်တင်ပြခဲ့သော အချက်များထက် ပိုမိုထိရောက်နိုင်သော အခြေအနေများရှိပါကလည်း အမြန်ဆုံး ထိရောက်အောင် ပြုပြင်ပေးနိုင်ပါရန် လေးစားစွာ အကြံပြုရေးသားအပ်ပါသည်။

ပြည်သူ့ထံမှ ပြည်သူ့အသံကို သက်ဆိုင်သူများကြားသိနိုင်ကြပါစေ။ ။

# သတင်းပြန်လည်ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၆-၂၀၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၁)တွင် ဖော်ပြပါရှိသော သန့်ဇင်ဝင်း ရေးသားပေးပို့သည့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူရှေးမြို့ဟောင်းများ ဆက်လက်ထိန်းသိမ်းရေးစီမံကိန်းဆွေးနွေးအစည်းအဝေးသတင်းတွင် ပြည်ထောင်စုဝန်ကြီးက "သာစည်မြို့နယ်အရှေ့ဘက် ၁၄ မိုင်အကွာ ဆင်ရွာကျေးရွာတွင် ပျူစာပါ ကျောက်စာချပ်တစ်ခုကို လွန်ခဲ့သည့် ၄-၅-၆ နှစ်ကတည်းက တွေ့ရှိခဲ့ပါကြောင်း၊ ယခုအခါ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ယူနက်စကို ပူးပေါင်းဆောင်ရွက်မှုများကြောင့် ပြည်သူများ အသိပညာတိုးပွားလာပြီး ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးကို တန်ဖိုးထားမြတ်နိုးလာကြပါကြောင်း" တို့ကိုသာ ထည့်သွင်းပြောကြားခဲ့ပါသည်။

အဆိုပါ ပျူစာပါကျောက်စာချပ်ကို ၂၀၀၇ ခုနှစ်က ဆင်ရွာအရှေ့ဘက် သုံးမိုင်ခန့်အကွာ ရှုပါတောင်သစ်တောကြိုးဝိုင်းရှိ ကိုထူး၏ယာခင်းတွင် ယာထွန်ရာမှ တွေ့ရှိရပြီး တူးဖော်၍ ယာခင်းဘေးတွင်ထားရှိခဲ့ပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လခန့်က ယင်းကျောက်တုံးတွင် စာများပါရှိသည်ကိုတွေ့ရှိရ၍ ဆင်ရွာအရှေ့ပိုင်း သဗ္ဗသိဒ္ဓိဖူးသူချမ်းသာဘုရားဝင်းအတွင်း ပြောင်းရွှေ့ထားခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်စာချပ်တွင် ပျူအက္ခရာဖြင့် ရေးထိုးထားသည့် စာကြောင်း(၈)ကြောင်းပါရှိကြောင်းနှင့် အဆိုပါကျောက်စာကို မန္တလေးမြို့နန်းတွင်းကျောက်စာရုံ(၁)၌ သယ်ယူစိုက်ထူထိန်းသိမ်းထားပြီး အများပြည်သူ သွားရောက်လေ့လာဖတ်ရှုနိုင်ပြီဖြစ်ကြောင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်း)**

# ရန်ကုန်မြို့အနှံ့ လျှောက်လည်မယ်

ဆောင်းပါး - ခင်မောင်ထွေး
ဓာတ်ပုံ - ဇော်မင်းလတ်

ရန်ကုန်မြို့ပြ ဒိုင်ယာရီရက်စွဲထဲမှာ ဇွန် ၁ ရက်နှင့် ဇွန် ၉ ရက်ကို မောင်ချစ်ဖေတစ်ယောက် ကောင်းကောင်းကြီးမှတ်မိနေဆဲ။

ဇွန် ၁ ရက် နံနက်။ ရုံးလုပ်ငန်းတာဝန်တစ်ခု ချက်ချင်းပေါ်ပေါက်လာ၍ မီရာတက္ကစီ တစ်စီးငှားပြီး ရုံးရှိရာ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းကို အမြန်ချီတက်ခဲ့သည်။

ပြင်ပလုပ်ငန်းတာဝန်ဖြင့် သူရောက်နေသည့်နေရာက သင်္ဃန်းကျွန်းမြို့နယ်။ လေးထောင့်ကန်လမ်းမကြီးအတိုင်း သွားမည်ဆိုလျှင် မကြာခဏ ယာဉ်ကြောပိတ်ဆို့မှုအန္တရာယ်ရပ်ဝန်းများဖြစ်သည့် အသင်းတိုက်မီးပွိုင့်၊ တာမွေလမ်းဆုံနှင့် မင်္ဂလာဈေးရပ်ဝန်းတို့၌ ပိတ်မိနိုင်သည်။ မျက်မှောက်မှာပင် အသင်းတိုက်မီးပွိုင့် မရောက်မီ လေးထောင့်ကန်လမ်းမကြီးထက်ဝယ် မော်တော်ယာဉ်တန်းကြီးများက အမျှင်မပြတ်။ သို့ဖြင့် တက္ကစီကားဆရာကို သုဝဏ္ဏမြို့သံသုမာလမ်းဘက်က မောင်းနှင်ပေးရန် အကြံပြုမိသည်။

မောင်ချစ်ဖေ၏ အကြံက လမ်းကြိုလမ်းကြားထဲ ကွေ့ဝိုက်ဝင်ရုံနှင့်ပင် ထောင်တန်သော အကြံမဟုတ်တော့။ ကိုယ်လိုလူစား အများသားဟုဆိုရအောင်ပင် ကားမျိုးစုံက မြွေးမိ ငါးလို ခေါင်းချင်းဆိုင်နေကြပါပြီ။ တန်ဖိုးရှိသောအချိန်များကို ပေးဆပ်ပြီးမှ ထိုနေရာကို ကျော်ဖြတ်နိုင်ခဲ့၏။ သို့နှင့် ခရီးဆုံးရည်မှန်းချက်ပန်းတိုင်သို့ လှမ်းနိုင်တော့မည်။

သို့တစေ လှူ့ဘဝခရီးလမ်းကဲ့သို့ပင် မမျှော်လင့်သော အချိုးအကွေ့များက ကြိုလင့်နေသည်။ ပုဇွန်တောင်ပန်းခြံထောင့်အရောက်တွင်မူ ယာဉ်ကြောပိတ်ဆို့မှုက ကားမပြောနှင့် လူပင်ဖြတ်ကူး၍ မရအောင်ဖြစ်နေသည်။

"ခါတိုင်း ဒီနေရာမှာ ဒီလောက်ကားမပိတ်ပါဘူးဗျာ"၊ "ဒီနေ့ ဇွန် ၁ ရက် ကျောင်းဖွင့်ရက်လေဗျာ" မောင်ချစ်ဖေ၏ ညည်းညူမှုကို ကားဆရာက ဖြေသိမ့်ပေးသည်။ ၁၉၇၀ ကျော်လွန်နှစ်များနှင့် ၁၉၈၀ ကျော်လွန်နှစ်များအတွင်းက မောင်ချစ်ဖေတို့ ငယ်စဉ်ကျောင်းသားဘဝတွင် မိဘများက ကလေးများကိုကျောင်းပို့/ကျောင်းကြို မရှိလှ။ ကျောင်းစည်းကမ်း ဖောက်ဖျက်မှုရှိမှသာ ဆရာ ဆရာမက မိဘများကို ခေါ်တွေ့လေ့ရှိသည်။ ပုံမှန်ကျောင်းတက် ကျောင်းဆင်းချိန်များတွင် မိဘများလိုက်ပို့/လိုက်ကြိုပါက အခြားသူများတော့မသိ၊ မောင်ချစ်ဖေက ရှက်စနိုးဖြစ်မိသည်။ ပစ္စုပ္ပန်တွင်မူ ကျောင်းသား ကျောင်းသူ ၁၀ ဦးတွင် ရှစ်ဦးအထိကို မိဘများက ကျောင်းပို့/ကျောင်းကြိုကြသည့် ဓလေ့ဖြစ်ပေါ်လာသည်။ အချို့က ခေတ်အခြေအနေအရ မသမာသူတို့၏ရန်ကို စိုးရိမ်ကြ၍ဖြစ်သည်။ မည်သို့ပင်ဆိုစေ ရန်ကုန်မြို့တွင် လူကုံထံအများစုက ကလေးတစ်ဦးကို ကိုယ်ပိုင်ယာဉ်တစ်စီးနှင့် ကြို/ပို့လေ့ရှိ၍ ယခင်ရက်များကထက် ကျောင်းဖွင့်ရက်တွင် ယာဉ်ကြောပိတ်ဆို့မှုပိုများလေ့ရှိသည်။ အခြားကိုယ်ပိုင်ယာဉ်များကလည်း လူတစ်ဦး၊ နှစ်ဦးလျှင် တစ်စီးနှုန်းဖြင့် ရန်ကုန်မြို့၏ လမ်းမထက်ဝယ် မောင်းနှင်သွားလာနေကြရာ ယာဉ်ကြောပိတ်ဆို့မှုပြဿနာက ပို၍ ပို၍ ကြီးထွားလာပြန်သည်။

ထိုသောအခါ မောင်ချစ်ဖေ တစ်ယောက် တွေးမိပြန်ပါသည်။ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တော်ဝယ် နေ့စဉ် ယာဉ်သန်းနှင့်ချီသွားလာနေမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ရာ မြို့တော်တာဝန်ရှိသူများက လူတစ်ဦး နှစ်ဦးဖြင့် ကိုယ်ပိုင်ယာဉ်မောင်းနှင်ခြင်းမပြုဘဲ မြေအောက်ရထားများ၊ အများပြည်သူပို့ဆောင်ရေးမော်တော်ယာဉ်များသာစီးနင်းကြရန် မေတ္တာရပ်ခံခဲ့ကြောင်း မှတ်သားခဲ့ဖူးသည်။

သို့တစေ ဤဖြစ်ရပ်ကို မောင်ချစ်ဖေတို့ မြန်မာနိုင်ငံတွင် ပုံတူကူးချ၍မရ။ ရထားစနစ်က ပြည်သူများ အားကိုးအားထားပြုရန် ဆောင်ရွက်နေဆဲ။ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်က ယခုမှမြေစမ်း ခရမ်းပျိုးနေဆဲ။ ထို့ပြင် မြန်မာလူမျိုးအများစု၌ ရပ်ကွက်ထဲ ကိုယ်ပိုင်ကားဝယ်စီးနိုင်လျှင် လူကုံထံစာရင်းတန်းဝင်သည်ဟု ယခုတိုင်အရိုးစွဲ ထင်မှတ်မှားနေကြပြီး မလိုအပ်ဘဲ ကိုယ်ပိုင်ကားဝယ်စီး၊ ရန်ကုန်မြို့ထဲကို လူတစ်ဦး၊ နှစ်ဦးတည်းဖြင့် သွားလာနေကြဆဲပင်။

ကိုယ့်အတွေးနှင့်ကိုယ် အတွေးရေအလျဉ်ထဲ မျောပါနေစဉ် ယာဉ်ကြောပိတ်ဆို့မှုက နာရီဝက်နီးပါး ကြာမြင့်လာချေပြီ။ မောင်ချစ်ဖေတစ်ယောက် တက္ကစီကားထဲတွင် ထိုင်မရထမရ ဖင်တကြွကြွဖြစ်ရချေပြီ။ လူကြီးက ငြိုငြင်ပြီး ရွှေ့လိုက်မည်၊ ပြောင်းပစ်လိုက်မည်၊ ထုတ်ပစ်လိုက်မည်ဟုဆိုလျှင်ဒုက္ခ။ ကိုယ်က ဝန်ထမ်းအလုပ်ပဲ လုပ်တတ်သူ။ အခြားဘာမျှ မလုပ်တတ်။ ထမင်းအိုးတော့ အကွဲမခံနိုင်။ သို့နှင့်တက္ကစီကားထဲမှ ဆင်း၍ သိမ်ဖြူလမ်းသို့ ခပ်သွက်သွက် လမ်းလျှောက်ပစ်လိုက်သည်။

ဇွန်(၉)ရက်။ ညနေပိုင်းမှအစပြု၍ ရန်ကုန်မိုးကသည်းထန်လာသည်။ မောင်ချစ်ဖေ တစ်ယောက် ညနေ ၆ နာရီခွဲခန့်တွင် ရုံးဆင်းသည်။ ထီးတစ်ချောင်းဖြင့် စိန်ပေါလ်ကားမှတ်တိုင်သို့ ချီတက်လာသည်။

အလာကောင်းသော်လည်း အခါနှောင်းခဲ့ချေပြီ။ ကားမှတ်တိုင်တွင် ဘဲအုပ်က တစ်ရာ နှစ်ရာ၊ မပေဒါက တစ်ပင်တည်း၊ လမ်းကြောင်းပြောင်းမှ ဖြစ်ပေတော့မည်။ သို့နှင့် ပုဇွန်တောင်ဈေးမှတ်တိုင်သို့ လမ်းလျှောက်ပစ်လိုက်သည်။ မောင်ချစ်ဖေတစ်ယောက် မိုးထဲရေထဲတွင် ထီးတစ်ချောင်းနှင့် နိုင်ငံကျော်အဆိုတော် စိုင်းထီးဆိုင်၏ "ရန်ကုန်မှာ ဖြည်းဖြည်းပေါ့၊ ရန်ကုန်မြို့ကြီး ထွက်မပြေးပါဘူး" သီချင်းစာသားကိုညည်းရင်း ထွက်လာမိသည်။

သို့သော် ပုဇွန်တောင်ဈေးမှတ်တိုင်တွင်လည်း ကိုယ်လိုလူစားက အများသား။ နာရီဝက်ကျော် တစ်နာရီနီးပါးခန့်အထိ ဘတ်စ်ကားက တက်၍မရ၊ အချို့ကားများက ခြေနင်းခုံပင်အပြည့်။ သူ လူပျိုပေါက်အရွယ် ၁၉၈၀ ကျော်လွန်နှစ်များအတွင်းက ရန်ကုန်မြို့ထဲမှ သုဝဏ္ဏမြို့သို့ပြန်ရန် ထိုစဉ်က ဟိုင်းလတ်စ်အမှတ်(၄၆)ကားကို ကားမရပ်ခင်မှာပင် လူအုပ်ကြီးနှင့်အတူ ကားနောက်မှ တောက်လျှောက်ပြေးလိုက်ခဲ့ရသည်ကို ပြန်မြင်ယောင်လာမိသည်။

နောက်ပိုင်းတွင် ခရီးသည်အများစုက ဂိတ်ရင်း ရန်ကုန်ဘူတာကြီး ခုံးတံတားအောက်မှ စောင့်မစီးကြတော့ဘဲ ဘားလမ်းဂိတ်ဆုံးမှတ်တိုင်မှပင် ပတ်စီးလာကြ၍ တက်၍မရတော့။ သို့ဖြင့် သူများထက်လူပေါ်လူဇော် လုပ်တတ်သူ မောင်ချစ်ဖေတစ်ယောက် ရန်ကုန်ဘူတာကြီးမှ ဗိုလ်ချုပ်လမ်းအတိုင်း လမ်းလျှောက်ပစ်လိုက်ပြီး ပုဇွန်တောင်ဈေးမှ ကြိုစောင့်ကာ ကားပတ်စီးပစ်လိုက်သည်။

အတိတ်၏ အရိပ်များကို ပြန်တွေးရင်း ဝိပ္ပလ္လာသတရားတို့ဖြင့် ဒုက္ခကို ပျော်စရာသုခအဖြစ် ပြောင်းလဲပစ်ပြီး တစ်ကိုယ်တည်း ပြုံးနေဆဲမှာပင် ကားသံကြား၍ ပုဆိုးတိုတို ပြန်ပြင်ဝတ်ကာ အသင့်ပြင်လိုက်သည်။ သို့တစေ ငါးပိငါးချဉ်သိပ်သည့်အလား ခရီးသည်များက ပြည့်နှက်နေ၍ နှမလက်လျှော့နေလိုက်ရပြန်သည်။ ဘေးက မိန်းမပျိုတစ်သိုက်မှာလည်း စိတ်ပျက်လက်ပျက် မျက်နှာငယ်လေးများဖြင့် ပိုနေမြဲ ကျားနေမြဲအတိုင်း မိုးထဲရေထဲတွင် ရပ်နေကြဆဲ။ နောက်ကားတစ်စီးကို လည်တဆန့်ဆန့်ဖြင့် မျှော်လင့်စောင့်စားနေကြဆဲ။

သူတို့ကို သနားကရုဏာကြီးစွာကြည့်နေရင်း အတွေးတစ်ခုကြောင့် မသနားနိုင်တော့။ သူတို့အသက်က ယခုရှိလှမှ (၂၀)ကျော်ပင်။ ကိုယ့်အသက်က ယခု (၄၀) ကျော်။ သူတို့ကို သနားနေ၍မဖြစ်။ ကိုယ့်ကိုယ်ကိုယ် ပြန်သနားရဦးမည်။ ယခုလို ဒုက္ခကို သူငယ်စဉ်မှသည် ပစ္စုပ္ပန်အထိ ခံစားနေရဆဲ။ ရန်ကုန်မြို့ပြ၏ ဘတ်စ်ကားပြဿနာကား လက်ရှိအချိန်အထိ အဆင်မချောသေး။ ရာစုနှစ်ဝက်နီးပါးအထိ မပြုပြင်နိုင်သေး။ "ဩော် သနားစရာ ကောင်းလိုက်ပါဘိ မောင်ချစ်ဖေလေးရယ်" ဟူ၍သာ သံဝေဂဖြစ်ရသည်။

မကြာမီ ဘတ်စ်ကားတစ်စီး ဆိုက်ရောက်လာသည်။ ရန်ကုန်မှာ ကျောတစ်ခင်းစာရဖို့ ခက်သလို ရုံးတက်ရုံးဆင်းချိန်တွင် ဘတ်စ်ကားပေါ် ခြေချစရာရဖို့ခက်သည်။ ခြေချစရာ မြင်လိုက်ရ၍ မဖြစ်မနေ ပြေးတက်လိုက်သည်။ သည်တစ်ခါဖြင့် အောင်ပန်းကို လှမ်းကိုင်မိပြီ ဟူသောစိတ်ကူးဖြင့် ကားပေါ်မတ်မတ်ရပ်၍ လိုက်လို့မှမဆုံးမီ ပုဇွန်တောင်စာတိုက်အထွက်မှသည် စံပြဈေးအထိ ယာဉ်ကြောပိတ်ဆို့မှုနှင့် ကြုံရပြန်သည်။ သို့နှင့် အိမ်ရောက်တော့ ည ၉ နာရီကျော်ခဲ့ချေပြီ။ ဇွန် ၁ ရက်နှင့် ဇွန် ၉ ရက်ဖြစ်စဉ်များ ကြုံပြီးနောက်မှ သည်တစ်ခါဖြင့် ဆုံးဖြတ်ချက်တစ်ရပ်ကို ရဲရဲကြီးချမှတ်ရပေတော့မည်။ ဆိုခဲ့ပါ ပြဿနာများကို မည်သူ့အကူအညီမျှမပါဘဲ ဖြေရှင်းနိုင်ဖို့ အနုလုံပဋိလုံ စဉ်းစားနေမိသည်။

သူတို့ပြောနေသည့် ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီနှင့် အမြန်ဘတ်စ်ကားလိုင်း (BRT-Lite) များကိုလည်း မစောင့်နိုင်တော့။ ရာစုနှစ်ဝက်နီးပါး ခံစားခဲ့ရသော ရန်ကုန်ဘတ်စ်ကား ပြဿနာများကြောင့် လူမမာက မျက်ဖြူဆိုက်နေချေပြီ။ ကိုယ်ပိုင်ယာဉ်တစ်စီး ဝယ်စီးနိုင်လောက်အောင်လည်း တွေးရုံမျှဖြင့်ပင် မတန်တရာရှိလှသည်။ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းဖို့ မိုးပျံတံတားများ၊ မြေအောက်ရထားစီမံကိန်းများကလည်း ဒီတစ်သက် မီနိုင်မည်မထင်။ တစ်နေ့က မိုးထဲရေထဲတွင် ဝီစီသံတညံညံပေးရင်း လမ်းရှင်းနေသော ယာဉ်ထိန်းရဲများကို မြင်ရပြန်တော့လည်း အပြစ်မတင်ရက်ဖြစ်ရပြန်သည်။

အနုလုံပဋိလုံစဉ်းစားမှုနှင့်အတူ မောင်ချစ်ဖေအတွက် အဖြေတစ်ခုထွက်ပေါ်လာသည်။ သတင်းစာဆရာကြီး အထောက်တော်လှအောင်၏ ရေးဟန်အတိုင်း အကြောင်းကြောင်းကို အကြောင်းပြု၍သကာလ ဆုံးဖြတ်ချက်ကို ရဲရဲကြီးချမှတ်လိုက်သည်။ နောင်အခါ ဆိုခဲ့ပါပြဿနာများ ကြုံတွေ့လာပါက မည်သူ့အကူအညီမျှမယူတော့ဘဲ မိမိ၏သလုံးမြင်းခေါင်းကို သာအားပြု၍ "ရန်ကုန်မြို့ အနှံ့လျှောက်ပစ်လိုက်မယ်"။ ။……




ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက်တွင် ယာဉ်ကြောပိတ်ဆို့မှုကို ဤသို့ တွေ့ရစဉ်။

# ကျင်းပဆဲလွှတ်တော်အသီးသီး၏ (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးများအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၂**

ကျင်းပဆဲလွှတ်တော်အသီးသီး၏ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးများအတွက် ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၅)ကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကားပြောကြားရာတွင် လွှတ်တော်အစည်းအဝေးကျင်းပသည့် ကာလအတွင်းလုံခြုံရေး၊ သတင်းပြန်ကြားရေး၊ တည်းခိုနေထိုင်ရေးအပါအဝင် အချို့ကိစ္စများ၌ လိုအပ်ချက်၊ လစ်ဟင်းချက်များရှိ၍ ယခုအစည်းအဝေး ခေါ်ယူကျင်းပရခြင်းဖြစ်ပါကြောင်း၊ ယခုအခါကမ္ဘာတစ်ဝန်းလုံး၌ လုံခြုံရေးနှင့်ပတ်သက်၍ အထူးဂရုပြုဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်သကဲ့သို့ နိုင်ငံ၏ ပြယုဂ်၊ ဒီမိုကရေစီ၏ ပြယုဂ်ဖြစ်သော လွှတ်တော်များ၏ လုံခြုံရေးသည်လည်း အရေးကြီးပါကြောင်း။



ပြီးခဲ့သည့်ရက်ပိုင်းက လွှတ်တော်အတွင်း၌ သတင်းမီဒီယာသမားများကို သတင်းယူခွင့် ပိတ်ပင်လိုက်သည်ဟု သတင်းများ ထွက်ပေါ်လာပါကြောင်း၊ လွှတ်တော်ကသတင်းယူခွင့် ပိတ်ပင်ခြင်းမရှိပါကြောင်း၊ Interpreter Booth အတွင်း သတင်းယူခွင့်မပြုခြင်းသာဖြစ်ပါကြောင်း၊ သတင်းမီဒီယာသမားများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တွေ့ဆုံမေးမြန်းခြင်းများကို ပိတ်ပင်ခြင်းမဟုတ်ပါကြောင်း၊ သတင်းရယူရာတွင် စနစ်တကျဖြစ်စေရေး ဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်း၊ သတင်းရယူရန်နေရာ၊ တွေ့ဆုံမေးမြန်းရန်နေရာများ စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း၊ လုံခြုံရေး၊ သတင်းရယူရေးအပါအဝင် လွှတ်တော်အစည်းအဝေးများ အောင်မြင်အဆင်ပြေစွာကျင်းပနိုင်ရေးအတွက် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ယခုနှစ်သည် ပထမအကြိမ် လွှတ်တော်ပုံမှန်အစည်းအဝေးများ၏ နောက်ဆုံးနှစ်ဖြစ်၍ အရေးကြီးသည့် ကာလဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အစည်းအဝေးများအောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြသည့် တာဝန်ရှိသူများကိုကျေးဇူးတင်ရှိပါကြောင်း၊ ယခုအောင်မြင်သကဲ့သို့ ဆက်လက်အားထုတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် ၂၀၁၅ ခုနှစ်လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူးက လွှတ်တော်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးရဲထွဋ်၊ ဦးမြတ်ဟိန်း၊ ဦးညဏ်ထွန်းအောင်၊ ဦးခင်မောင်စိုး၊ ဒေါက်တာသန်းအောင်နှင့် ဦးကျော်လွင်၊ ဒုတိယဝန်ကြီးဒေါက်တာတင်ရွှေ၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်တို့က သက်ဆိုင်ရာကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်းနှင့် ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဝင်းနှင့် တာဝန်ရှိသူများက လွှတ်တော်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အထွေထွေဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မြေယာကိစ္စများနှင့်စပ်လျဉ်းသည့်မေးခွန်းများကို ပြန်လည်ရှင်းလင်းဖြေကြား

**နေပြည်တော် ဇွန် ၁၂**

ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၆၃)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြေယာကိစ္စများနှင့်စပ်လျဉ်းသည့်မေးခွန်းများကို ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို၏ **ပေါက်မြို့နယ် မျှားပိုင်ကျေးရွာအုပ်စုအတွင်း ကာကွယ်ရေးပစ္စည်းစက်ရုံ(ကပစ-၂၄) တည်ဆောက်ခဲ့သည့်အတွက် သိမ်းဆည်းခဲ့သည့် စိုက်ပျိုးမြေများအား ထိုက်သင့်သည့် လျော်ကြေးပေးရန်နှင့် မြေစာရင်းပုံစံ(၇)ရရှိပြီး၍ တောင်သူများလက်ရှိ စိုက်ပျိုးမြေအတွင်း စက်ရုံနယ်နိမိတ်အဖြစ် သတ်မှတ်စိုက်ထူခဲ့သော အုတ်တိုင်များကို ဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ရွှေ့ပြောင်းပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်**စပ်လျဉ်း၍ အမှတ်(၂၄)ကာကွယ်ရေးပစ္စည်းစက်ရုံ၏ တပ်ပိုင်မြေသိမ်းဆည်းခြင်းတွင် ဦးပိုင်ပေါက်လယ်မြေ(၁၃၀)ကျော်၊ ယာမြေ(၁၀၆၀)ကျော်နှင့် ကိုင်းမြေ(၂၀၀)ကျော်သိမ်းဆည်းခဲ့ပြီး မြေလျော်ကြေးငွေကျပ် ၁၇၄၀၀၀၀၀ ကျော်အား ၂၀၁၁ ခုနှစ်တွင် ပေးလျော်ခဲ့ပြီးဖြစ်ပါကြောင်း၊ စက်ရုံနယ်နိမိတ် ကျောက်တိုင်များမှာ မှားယွင်းမှုမရှိကြောင်း၊ စက်ရုံ၏လုံခြုံရေးမထိခိုက်စေသောနေရာများတွင် တောင်သူများသို့ အခမဲ့စိုက်ပျိုးခွင့်ပေးထားသောကြောင့် တပ်နယ်နိမိတ်ကျောက်တိုင်များအား ပြန်လည်ပြင်ဆင်ရွှေ့ပြောင်းပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်။



ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို။

မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်းက **မိုးမောက်မြို့နယ်၊ နောင်ကွမ်ကျေးရွာအုပ်စုရှိ တောင်သူ(၁၂)ဦး၏ လယ်ဧက(၆၇)ဧကခန့်ကို အမှတ်(၃၇၀) အမြောက်တပ်ရင်းမှ သိမ်းယူထားရာ ပိုလျှံလယ်မြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအား ပြန်လည်လွှဲအပ်ပေးရန် အစီအစဉ် ရှိမရှိ မေးခွန်းနှင့်**စပ်လျဉ်း၍ တပ်ပိုင်မြေ သိမ်းဆည်းရာတွင်ပါဝင်ခဲ့သည့် ဦးပိုင်ပေါက်လယ်မြေ ၃၇ ဧကမှာ တပ်ပိုင်မြေသိမ်းဆည်းစဉ် မူလမြေပိုင်ရှင် ၆ ဦး၏ သဘောတူညီကြောင်း ဝန်ခံချက်လက်မှတ်ရေးထိုးထားခဲ့ပြီး မှန်ကန်ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနတို့၏ ထောက်ခံတင်ပြထားခဲ့ကြောင်းကို စိစစ်တွေ့ရှိရပါကြောင်း၊ တပ်ပိုင်မြေ(၆၁၇)ဧကအား ၂၀၀၄ ခုနှစ် အမှတ်(၃၇၀) အမြောက်တပ်ရင်းဖွင့်လှစ်ရန် လွှဲပြောင်းပေးအပ်ခဲ့ပြီး လက်ရှိအချိန်တွင် အဆိုပါလယ်မြေ(၃၇)ဧကအား တပ်မိသားစု စိုက်ပျိုးမွေးမြူရေးများ ဆောင်ရွက်လျက်ရှိပြီး တပ်အဆောက်အအုံများနှင့် လုံခြုံရေးအရ လွတ်ကင်းမှုမရှိကြောင်းကို စိစစ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ တပ်မှလက်ရှိအသုံးပြုလျက်ရှိပြီး အဆောက်အအုံများနှင့် လုံခြုံရေးအရ လွတ်ကင်းမှုမရှိခြင်းတို့ကြောင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း မရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းက သီပေါမြို့နယ်၊ မိုးတေကျေးရွာအုပ်စု၊ နောင်သကြားကွင်းတွင် တည်ရှိသည့် လယ်မြေဧက(၂၀)ခန့်နှင့် တောင်ယာဧက(၂၀)ခန့်တို့ကို ၁၉၉၅ ခုနှစ်က (၅၀၃)တပ်ရင်းမှ သိမ်းယူသွားခဲ့သဖြင့် မည်သည့်အချိန်တွင် ပြန်လည်စွန့်လွှတ်မည်ကို သိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ လယ်မြေနှင့် တောင်ယာ(၄၀)ဧကခန့်အား ပြန်လည်စိစစ်ချက်အရ အမှတ်(၅၀၃) ခြေမြန်တပ်ရင်း၏ တပ်ပိုင်မြေ(၉၆ ဒသမ ၆၇)ဧကအတွင်း ပါဝင်ခဲ့သော်လည်း အဆိုပါနေရာသည် ဂေါ်ဒန်ကျောက်ထုတ်လုပ်ရေးသို့ သွားရောက်သည့် ကျောက်ခင်းလမ်း၏ တစ်ဖက်တွင်ရှိခြင်းကြောင့် ပြန်လည်စွန့်လွှတ်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ထို့ပြင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီအတွင်းရေးမှူး ဦးခိုင်မောင်ရည်က ပြင်ဆင်ချက်များနှင့်စပ်လျဉ်း၍ တင်ပြခဲ့ပြီး လွှတ်တော်က အတည်ပြုသည်။

**(သတင်းစဉ်)**

# ထိုင်းနိုင်ငံမှ သမားတော်ကြီးများအဖွဲ့ အခမဲ့ဆေးဝါးများ ငါးကြိမ်မြောက် လာရောက်ကုသပေးမည်

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းမပေါ်ရှိ လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေဘုန်းတော်ကြီးကျောင်း ပဓာနနာယကဆရာတော်က ဆေးဝါးကုသိုလ်ပြုအဖြစ် ထိုင်းနိုင်ငံ စူဆာဝပ်ဆေးရုံမှ နှလုံးအထူးကုသမားတော်ကြီးနှင့် အရိုး၊ အကြော အထူးကုဆရာဝန်ကြီး၊ အထွေထွေအထူးကုဆရာဝန်ကြီးနှင့်အဖွဲ့သည် ငါးကြိမ်မြောက် လာရောက်၍ ခေတ်မီဆေးဝါးကုသမှုစက်များ၊ ECG+Echo စက်များဖြင့် ဇွန် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ဆေးဝါးများအခမဲ့ ပရဟိတလာရောက်ကုသပေးမည်ဖြစ်ရာ လာရောက်ကုသလိုသူများသည် မိမိတို့ကုသနေသော ဆေးကုသမှုမှတ်တမ်းများရှိပါက ယူဆောင်လာကြရန်နှင့် လာရောက်ကုသသော လူပုဂ္ဂိုလ်အားလုံးအား ပဓာနနာယကဆရာတော် ဘဒ္ဒန္တ နိမလက အာဟာရဒါနအဖြစ် ဧည့်ခံကျွေးမွေးလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန့်(ကြေးမုံ)**

## ဖြည့်စွက်ဖတ်ရှုပါရန်

ဇွန် ၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၈ တွင် ဖော်ပြထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အမှတ်စဉ် ၁၃။ ပုဒ်မခွဲ(ဂ) (၁) တတိယစာကြောင်းတွင် **“ဒုတိယပြည်ထောင်စုတရားသူကြီး”** အစား **“ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်”**ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

**ပြည်ထောင်စုလွှတ်တော်**

၁၁-၆-၂၀၁၅ ရက်နေ့နှင့် ၁၂-၆-၂၀၁၅ရက်နေ့ မြန်မာ့အလင်း၊ ကြေးမုံ နေ့စဉ်ထုတ်သတင်းစာများတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ပြည်သူများအနေဖြင့် အဆိုပါဥပဒေကြမ်းအား လေ့လာရာတွင် အထောက်အကူဖြစ်စေရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဥပဒေကြမ်းပါ ပြင်ဆင်လိုသည့် ပြဋ္ဌာန်းချက်များ နှိုင်းယှဉ်ချက်ဇယားကို အခန်းဆက်ဖော်ပြသွားမည်ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ပြင်ဆင်သည့်ဥပဒေကြမ်း နှိုင်းယှဉ်ဇယား

*(ယမန်နေ့မှအဆက်)*

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း |
|---|---|---|
| ၁ | **ပုဒ်မ ၆၂**<br>နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် မည်သည့်လွှတ်တော်ကိုယ်စားလှယ်မျှ မဖြစ်စေရ။ | **(ပယ်ဖျက်)** |
| | **ပုဒ်မ ၆၃**<br>နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှလည်းကောင်း နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ နုတ်ထွက်ပြီး သို့မဟုတ် အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်။ | **(ပယ်ဖျက်)** |
| | **ပုဒ်မ ၆၄**<br>နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေး ပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။ | **(ပယ်ဖျက်)** |
| ၂ | **ပုဒ်မ ၁၁၅ (င)**<br>**(တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင်မပါ)** | **ပုဒ်မ ၁၁၅ (င)**<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>**(င) ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီများကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် သတ်မှတ်သည်။** |
| ၃ | **ပုဒ်မ ၁၄၇ (င)**<br>**(တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင်မပါ)** | **ပုဒ်မ ၁၄၇ (င)**<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၄၇၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>**(င) အမျိုးသားလွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီများကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် သတ်မှတ်သည်။** |
| ၄ | **ပုဒ်မ ၂၃၂ (ခ) (၁)**<br>**လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ** ပုဒ်မခွဲ (က)ပါ သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်။ | **ပုဒ်မ ၂၃၂ (ခ) (၁)**<br>**ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များထဲမှ** ပုဒ်မခွဲ (က) ပါ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်။ |
| | **ပုဒ်မ ၂၃၂ (ဂ)**<br>နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် **ပုဂ္ဂိုလ်များ**၏ အမည်စာရင်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ ရရှိသည့် **တပ်မတော်သားများ**၏ အမည်စာရင်းတို့ကို စုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း**လျက်** သဘောတူညီချက်ရယူရမည်။ | **ပုဒ်မ ၂၃၂ (ဂ)**<br>နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် **လွှတ်တော်ကိုယ်စားလှယ်များ**၏ အမည်စာရင်းနှင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှရရှိသည့် **တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ**၏ အမည်စာရင်းတို့ကို စုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း**၍** သဘောတူညီချက်ရယူရမည်။ |
| | **ပုဒ်မ ၂၃၂ (ဈ)**<br>ပြည်ထောင်စုဝန်ကြီးသည် လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။ | **(ပယ်ဖျက်)** |
| | **ပုဒ်မ ၂၃၂ (ည) (၁)**<br>ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။<br>**ပုဒ်မ ၂၃၂ (ည) (၂)**<br>ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများအတွက် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်ထားခြင်းခံရသော တပ်မတော်သားများသည် တပ်မတော်မှ အငြိမ်းစားယူရန် သို့မဟုတ် နုတ်ထွက်ရန်မလို။ | **ပုဒ်မ ၂၃၂ (ည)**<br>**ပုဒ်မခွဲ(ည)၏ ပုဒ်မခွဲငယ်(၁)ကို ပယ်ဖျက်၍ ပုဒ်မခွဲငယ်(၂)ကို ပုဒ်မခွဲ(ည) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။**<br>ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများအတွက် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်ထားခြင်းခံရသော တပ်မတော်သားများသည် တပ်မတော်မှ အငြိမ်းစားယူရန် သို့မဟုတ် နုတ်ထွက်ရန်မလို။ |
| | **ပုဒ်မ ၂၃၂ (ဋ)**<br>ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။ | **(ပယ်ဖျက်)** |
| ၅ | **ပုဒ်မ ၂၃၄ (စ)**<br>ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူသည် **လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်သော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းသော်လည်းကောင်း၊ တပ်မတော်သားသော်လည်းကောင်း၊ နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်သော်လည်းကောင်း ဖြစ်ပါက ပုဒ်မ ၂၃၂ ပုဒ်မခွဲ (ဈ)၊ (ည) နှင့်(ဋ) ပါ ပြဋ္ဌာန်းချက်များနှင့်လည်း သက်ဆိုင်စေရမည်။** | **ပုဒ်မ ၂၃၄ (စ)**<br>ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူသည် **နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။ တပ်မတော်သားဖြစ်ပါက ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (ည)ပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်စေရမည်။** |
| ၆ | **ပုဒ်မ ၂၄၉**<br>ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သော ကိစ္စရပ်**များသို့ သက်ရောက်ပျံ့နှံ့သည်။ ထို့ပြင် ပြည်ထောင်စုဥပဒေတစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်များသို့လည်း သက်ရောက်ပျံ့နှံ့သည်။ | **ပုဒ်မ ၂၄၉**<br>ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သော အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်**များသို့ သက်ရောက်ပျံ့နှံ့သည်။ ထို့ပြင် ပြည်ထောင်စုဥပဒေတစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်များသို့လည်း သက်ရောက်ပျံ့နှံ့သည်။ |

*စာမျက်နှာ - ၉ သို့*

စာမျက်နှာ - ၈ မှ

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း |
|---|---|---|
| ၇ | **ပုဒ်မ ၂၆၁ (ခ)**<br>**နိုင်ငံတော်သမ္မတသည်** သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် **ခန့်အပ်တာဝန်ပေးရန်-**<br>(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထဲ**က** သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသောသင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်ရမည်။<br>(၂) **ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ပေးပို့လျက် သဘောတူညီချက်ရယူရမည်။** | **ပုဒ်မ ၂၆၁ (ခ)**<br>**သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည်** သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် **ရွေးချယ်တာဝန်ပေးအပ်နိုင်ရန်-**<br>(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲ**မှ** သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသော သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား **ဆန္ဒမဲဖြင့်** ရွေးချယ်ရမည်။<br>(၂) **ဆန္ဒမဲဖြင့် ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။** |
| | **ပုဒ်မ ၂၆၁ (ဂ)**<br>နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် **၏ သဘောတူညီချက်ရရှိပြီးသည့်** လွှတ်တော်ကိုယ်စားလှယ်အား သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။ | **ပုဒ်မ ၂၆၁ (ဂ)**<br>နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် **က ဆန္ဒမဲဖြင့် ရွေးချယ်ထားသည့်** လွှတ်တော်ကိုယ်စားလှယ်အား သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။ |
| | **ပုဒ်မ ၂၆၁ (ဃ)**<br>**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်အား** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်**မရှိစေရ။** | **ပုဒ်မ ၂၆၁ (ဃ)**<br>**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆန္ဒမဲဖြင့် ရွေးချယ်ထားသော ပုဂ္ဂိုလ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ အရည်အချင်းများနှင့်ပြည့်စုံမှုမရှိကြောင်း ခိုင်လုံသည့်အချက် ပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆန္ဒမဲဖြင့် ရွေးချယ်ထားသော ပုဂ္ဂိုလ်အား** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်**ရှိစေရမည်။** |
| | **ပုဒ်မ ၂၆၁ (င)**<br>**နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။** | **ပုဒ်မ ၂၆၁ (င)**<br>**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် အမည်စာရင်းသစ်ကို နိုင်ငံတော်သမ္မတထံ ထပ်မံတင်သွင်းခွင့်ရှိသည်။** |
| ၈ | **ပုဒ်မ ၂၆၂ (က) (၁)**<br>သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ**ထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ** ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်တွင် သတ်မှတ်ထားသည့် အရည်အချင်း**များ**နှင့်ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်။<br>**ပုဒ်မ ၂၆၂ (က) (၂)**<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာ တာဝန်ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် **တပ်မတော်သားများ**၏ အမည်စာရင်းကို တောင်းခံရမည်။ | **ပုဒ်မ ၂၆၂ (က) (၁)**<br>သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ**ထဲမှ** ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်**များ**တွင် သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်။<br>**ပုဒ်မ ၂၆၂ (က) (၂)**<br>လုံခြုံရေးရာနှင့်နယ်စပ်ရေးရာ တာဝန်ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် **တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ**၏ အမည်စာရင်းကို တောင်းခံရမည်။ |
| ၉ | **ပုဒ်မ ၂၆၂ (ခ)**<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် မိမိရွေးချယ်ထားသည့်ပုဂ္ဂိုလ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှရရှိသည့် **တပ်မတော်သားများ**၏ အမည်စာရင်းကို စုစည်းပြီး သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။ | **ပုဒ်မ ၂၆၂ (ခ)**<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် မိမိရွေးချယ်ထားသည့် ပုဂ္ဂိုလ်များနှင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှရရှိသည့် **တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ**၏ အမည်စာရင်းကို စုစည်းပြီး သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။ |
| | **ပုဒ်မ ၂၆၂ (ည)**<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် လုံခြုံရေးနှင့်နယ်စပ်ရေးရာတာဝန်များမှအပ အခြားတာဝန်များအတွက် **တပ်မတော်သားများ** အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အမည်စာရင်းတောင်းခံ၍ ယင်းအမည်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူလျက် နိုင်ငံတော်သမ္မတထံ တင်ပြရမည်။ | **ပုဒ်မ ၂၆၂ (ည)**<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် လုံခြုံရေးနှင့်နယ်စပ်ရေးရာ တာဝန်များမှအပ အခြားတာဝန်များအတွက် **တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ**အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အမည်စာရင်းတောင်းခံ၍ ယင်းအမည်စာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူလျက် နိုင်ငံတော်သမ္မတထံ တင်ပြရမည်။ |
| ၁၀ | **ပုဒ်မ ၂၆၄ (က)**<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီး တစ်ဦးဦးသည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။ | **ပုဒ်မ ၂၆၄ (က)**<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီး တစ်ဦးဦးသည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း **သက်ဆိုင်ရာလွှတ်တော်မှတစ်ဆင့်** နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။ |
| | **ပုဒ်မ ၂၆၄ (ခ) (၁)**<br>လုပ်ငန်းတာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအား ရာထူးမှနုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှ ရပ်စဲရမည်။ | **ပုဒ်မ ၂၆၄ (ခ) (၁)**<br>လုပ်ငန်းတာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအား ရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှ ရပ်စဲရမည်။ **ခိုင်လုံသော အထောက်အထား အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်ကို ငြင်းပယ်ခွင့်မရှိစေရ။** |
| ၁၁ | **ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း** | ပြည်ထောင်စုတရားသူကြီးချုပ် **သို့မဟုတ် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များ**နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေး**အပ်**ခြင်း |
| ၁၂ | **ပုဒ်မ ၂၉၉ (ခ)**<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပြည်ထောင်စုတရားသူကြီးချုပ်အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဦးရေ အနည်းဆုံး ခုနစ်ဦးမှ အများဆုံး ၁၁ ဦး အထိ ခန့်အပ်နိုင်သည်။ | **ပုဒ်မ ၂၉၉ (ခ)**<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပြည်ထောင်စုတရားသူကြီးချုပ်၊ **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှစ်ဦး** အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဦးရေ အနည်းဆုံး ခုနစ်ဦးမှ အများဆုံး ၁၁ ဦး အထိ ခန့်အပ်နိုင်သည်။ |
| | **ပုဒ်မ ၂၉၉ (ဂ)**<br>(၁) နိုင်ငံတော်သမ္မတ**သည် ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်သင့်သော ပုဂ္ဂိုလ်၏ အမည်စာရင်းကို** ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း**သဘောတူညီချက်ရယူရမည်။**<br>(၂) **ပုဒ်မ ၃၀၁ တွင် သတ်မှတ်ထားသော ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ အရည်အချင်းများနှင့်မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်ရန် အမည်စာရင်းတင်သွင်းသူကို ငြင်းပယ်ခွင့်မရှိစေရ။**<br>(၃) **နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။**<br>(၄) **နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်ရမည်။** | **ပုဒ်မ ၂၉၉ (ဂ)**<br>(၁) နိုင်ငံတော်သမ္မတ၊ **ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်တစ်ဦးစီ ရွေးချယ်ထားသည့် အမည်စာရင်းကို** ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း**ရမည်။**<br>(၂) **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များသည် ပြည်ထောင်စုတရားသူကြီးချုပ်အတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံခြင်း ရှိ မရှိ ကို ပြည်ထောင်စုလွှတ်တော်နှင့်ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်သော လွှတ်တော်နှစ်ရပ်၏ ဒုတိယအကြီးအမှူးများ ပါဝင်သည့်အဖွဲ့က စိစစ်ရမည်။**<br>(၃) **ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး ပါဝင်သော ပြည်ထောင်စုတရားသူကြီးချုပ် ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ပြည်ထောင်စုတရားသူကြီးချုပ်လောင်းများဖြစ်သည့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သုံးဦးအနက် မိမိတို့ ကြိုက်နှစ်သက်သည့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်တစ်ဦးကို ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ဆန္ဒမဲပေးရွေးချယ်တင်မြှောက်ရမည်။**<br>(၄) **ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှစ်ဦးတို့ ညှိနှိုင်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းပြီး သဘောတူညီချက်ရယူရမည်။** |

စာမျက်နှာ - ၁၀ သို့

စာမျက်နှာ - ၉ မှ

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း |
|---|---|---|
| | | **(၅) ပုဒ်မ ၃၀၁ တွင် သတ်မှတ်ထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းများနှင့်ပြည့်စုံမှုမရှိကြောင်း ခိုင်လုံသည့်အချက် အထင်အရှားပေါ်ပေါက်ပါက ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်ရန် အမည်စာရင်းတင်သွင်းခံရသူများကို ငြင်းပယ်နိုင်ခွင့်ရှိစေရမည်။**<br>**(၆) ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။**<br>**(၇) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ရွေးချယ်တင်မြှောက်ခဲ့သည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များနှင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိသည့် ပုဂ္ဂိုလ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။** |
| | **ပုဒ်မ ၂၉၉ (ဃ)**<br>(၁) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ညှိနှိုင်းကာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအဖြစ် ခန့်အပ်သင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသဘောတူညီချက် ရယူရမည်။<br>(၂) ပုဒ်မ ၃၀၁ တွင် သတ်မှတ်ထားသော ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းများနှင့်မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်ရန် အမည်စာရင်းတင်သွင်းသူများကို ငြင်းပယ်ခွင့်မရှိစေရ။<br>(၃) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။<br>(၄) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိသည့် ပုဂ္ဂိုလ်များအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်ရမည်။ | **(ပယ်ဖျက်)** |
| ၁၃ | **ပုဒ်မ ၃၀၀ (က)**<br>ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။ | **ပုဒ်မ ၃၀၀ (က)**<br>ပြည်ထောင်စုတရားသူကြီးချုပ် **သို့မဟုတ် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်** သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်။ |
| | **ပုဒ်မ ၃၀၀ (ခ)**<br>ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။ | **ပုဒ်မ ၃၀၀ (ခ)**<br>ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် **ဒုတိယပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး သို့မဟုတ်** ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် **ဒုတိယပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး သို့မဟုတ်** ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့် အညီ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။ |
| ၁၄ | **ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းများ** | **ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏အရည်အချင်းများ** |
| ၁၅ | **ပုဒ်မ ၃၀၁**<br>ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်- | **ပုဒ်မ ၃၀၁**<br>ပြည်ထောင်စုတရားသူကြီးချုပ်၊ **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်**နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်- |
| | **ပုဒ်မ ၃၀၁ (ဃ) (၄)**<br>ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် **နိုင်ငံတော်သမ္မတက** ယူဆသူ။ | **ပုဒ်မ ၃၀၁ (ဃ) (၄)**<br>ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် **နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက** ယူဆသူ။ |
| ၁၆ | **ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအား စွပ်စွဲပြစ်တင်ခြင်း** | **ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအား စွပ်စွဲပြစ်တင်ခြင်း** |
| ၁၇ | **ပုဒ်မ ၃၀၂ (က)**<br>နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည် - | **ပုဒ်မ ၃၀၂ (က)**<br>နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ်** ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးတစ်ဦးဦးအား အောက်ပါအကြောင်း တစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်- |
| | **ပုဒ်မ ၃၀၂ (က) (၄)**<br>ပုဒ်မ ၃၀၁ တွင် ပြဋ္ဌာန်းထားသော ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းပျက်ယွင်းခြင်း။ | **ပုဒ်မ ၃၀၂ (က) (၄)**<br>ပုဒ်မ ၃၀၁ တွင် ပြဋ္ဌာန်းထားသော ပြည်ထောင်စုတရားသူကြီးချုပ်၊ **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်** နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းပျက်ယွင်းခြင်း။ |
| ၁၈ | **ပုဒ်မ ၃၀၂ (ခ) (၈)**<br>ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံနှစ်ပုံက စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်းဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော်နာယကသည် ထိုဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတထံ တင်ပြအစီရင်ခံရမည်။<br>**ပုဒ်မ ၃၀၂ (ခ) (၉)**<br>ယင်းသို့ တင်ပြအစီရင်ခံသည့်အခါ နိုင်ငံတော်သမ္မတသည် စွပ်စွဲ ပြစ်တင်ခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးကို ရာထူးမှ ရပ်စဲရမည်။ | **ပုဒ်မ ၃၀၂ (ခ) (၈)**<br>ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံနှစ်ပုံက စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုတရားသူကြီးချုပ်၊ **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်** သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော်နာယကသည် ထိုဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတထံ တင်ပြအစီရင်ခံရမည်။<br>**ပုဒ်မ ၃၀၂ (ခ) (၉)**<br>ယင်းသို့ တင်ပြအစီရင်ခံသည့်အခါ နိုင်ငံတော်သမ္မတသည် စွပ်စွဲပြစ်တင်ခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် **ဒုတိယပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့မဟုတ်** ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးကို ရာထူးမှ ရပ်စဲရမည်။ |
| | **ပုဒ်မ ၃၀၂ (ဂ) (၂)**<br>ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးတစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း စုံစမ်းစစ်ဆေးသည့် လွှတ်တော်က ဆုံးဖြတ်တင်ပြလျှင် နိုင်ငံတော်သမ္မတသည် စွပ်စွဲပြစ်တင်ခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအား ရာထူးမှ ရပ်စဲရမည်။ | **ပုဒ်မ ၃၀၂ (ဂ) (၂)**<br>ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ်** ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ်** ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးရာထူးတွင် ဆက်လက်ထမ်းရွက်စေရန်မသင့်ကြောင်း စုံစမ်းစစ်ဆေးသည့် လွှတ်တော်က ဆုံးဖြတ်တင်ပြလျှင် နိုင်ငံတော်သမ္မတသည် စွပ်စွဲပြစ်တင်ခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်** သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအား ရာထူးမှ ရပ်စဲရမည်။ |

*(ဆက်လက်ဖော်ပြပါမည်)*

# ပခုက္ကူတစ်သက်တာစာပေဆုကို အမျိုးသားစာပေဆုရ ဆရာကြီးညိုဝင်းနှင့် ဒေါက်တာချစ်တို့ရရှိ

**ရန်ကုန် ဇွန် ၁၂**

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုများကို နှစ်စဉ် ချီးမြှင့်လျက်ရှိရာ ၂၀၁၄ ခုနှစ်အတွက် ပခုက္ကူစာပေဆု ရရှိသူများ၏ အမည်စာရင်းကို ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို သန်းမြင့်သန်း ရေးသားသည့် "အဖေ့အတွက် ဟင်းတစ်ခွက်" ဝတ္ထုတိုများ စာမူ၊ ဒုတိယဆုကို ရဲမြတ်တင် ရေးသားသည့် "ကျွန်တော့်ဝတ္ထုတိုများ" စာမူ၊ တတိယဆုကို မကျေးဥရေးသားသည့် "မေတ္တာမိုးရေနှင့် အခြားဝတ္ထုတိုများ" စာမူတို့ကလည်းကောင်း၊ ဝတ္ထုရှည်ဆုတွင် ဒုတိယဆုကို သိန်းဇော်ဦး(ရွှေလီ) ရေးသားသည့် "လှိုင်ဆမ်ဆစ်တောင်သုံးဆယ်တစ်လုံးတည်းထားချင်တယ်"စာမူ၊ တတိယဆုကို ကေတုလှနိုင် ရေးသားသည့် "ရင်ဆိုင်တိုက်ပွဲ" စာမူတို့ကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို မောင်ရိုးညှာ(ပင်လည်ဘူး) ရေးသားသည့် "သံစဉ်ကွဲစောင်းကြိုးနှင့် အခြားကဗျာများ"စာမူ၊ ဒုတိယဆုကို ထွန်းထွန်း(သာယာဝတီ) ရေးသားသည့် "အောက်ကွင်း အင်းကောရွှေလယ်တောနှင့် အခြားကဗျာများ" စာမူ၊ တတိယဆုကို ကျော်စိုး(မြင်းမူ) ရေးသားသည့် "ကန္ဒြေချစ်သူကဗျာများ"စာမူတို့က လည်းကောင်း၊ သုတေသနဆုတွင် ဒုတိယဆုကို ဦးထွန်းညို(ရန္တပို) ရေးသားသည့် "စုစည်းရှာဖွေ မန်လည်ဂန္ထဝင်စာပေ" စာမူ၊ တတိယဆုကို မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်) ရေးသားသည့် "မြန်မာမှုပန်းအလက်ာ" စာမူတို့က လည်းကောင်း၊ ကျမ်းစာပေဆုတွင် ဒုတိယဆုကို နေမျိုးသန့် ရေးသားသည့် "စိုပြည်လှပ မြန်မာ့သက်ကြီးရွယ်အိုဘဝ" စာမူ၊ တတိယဆုကို မောင်မောင်ချစ်ဦး(မုံရွာ) ရေးသားသည့် "သွေးချင်းတို့ရဲ့ အင်းတော်ကြီး" စာမူတို့က လည်းကောင်း အသီးသီးရရှိကြသည်။

၂၀၁၄ ခုနှစ်အတွက် "တစ်သက်တာစာပေဆု" ကို အမျိုးသားစာပေဆုရ စာရေးဆရာကြီး ညိုဝင်းနှင့် ဒေါက်တာချစ်တို့က ရရှိသည်။

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ပညာသင်ဆုများအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ မအိထက်ထက်စံ၊ ဒုတိယနှစ် (ဂီတအထူးပြု) နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) မှ မခိုင်မာလာဦး၊ ဒုတိယနှစ် (သဘင်အထူးပြု)တို့က ရရှိကြသည်။

၂၀၁၄ ခုနှစ်အတွက် စာကြည့်တိုက်စာအုပ်ဆုကို ဆွေကြည်အေး ရေးသားသည့် "သူတို့လို အတွဲလေးများ" ဝတ္ထုတိုပေါင်းချုပ်စာအုပ်နှင့် တက္ကသိုလ်မင်းသူ ရေးသားသည့် "မေယုကို စုတ်တံချီ" ဝတ္ထုရှည် စာအုပ်တို့က ရရှိကြသည်။

ဆုနှင်းသဘင်အခမ်းအနားကို ၂၀၁၅ ခုနှစ် ဇူလိုင် ၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယိုခန်းမ (A) ၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများသည် စာတည်းမှူးချုပ်၊ စာပေဗိမာန် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ၀၁-၃၈၇၇၂၄ နှင့် စီမံရေးရာဌာန ၀၁-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

**(သတင်းစဉ်)**



# ရိုးရာလက်ရက်ကန်းဖြင့် ယနေ့တိုင်လုပ်ငန်းများ စဉ်ဆက်မပြတ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိ

**စစ်ကိုင်း ဇွန် ၁၂**

ရှမ်းတပ်ကျေးရွာသည် စစ်ကိုင်းမြို့ နှင့် မိုင် ၂၀ခန့် ကွာဝေးပြီး စစ်ကိုင်း-ရွှေဘိုသွား ကားလမ်းမဘေး တစ်မိုင်ခွဲခန့် သွားရောက်ရသည့် ကျေးရွာဖြစ်သည်။

အဆိုပါကျေးရွာသည် ရှေးယခင်က မိရိုးဖလာ တောင်သူလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများပြားလျက်ရှိပြီး ယခုအခါတွင် လက်ရက်ကန်းဖြင့် တိုင်းရင်းသားရိုးရာ အမျိုးသမီးဝတ်လုံချည် အဆင်ဆန်းများ ခေတ်စားလာခြင်းကြောင့် ကျေးရွာရှိအမျိုးသမီးလေးများ ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူများပြားပြီး မိသားစုစားဝတ်နေရေးအဆင်ပြေလျက်ရှိသည်။

"ကျွန်မတို့က ညီအစ်မနှစ်ယောက်ရှိပါတယ်။ အရင်ကတော့ တောင်သူလုပ်ငန်း လုပ်ကိုင်ခဲ့ပါတယ်။ အခုတော့ အိမ်မှာပဲရက်ကန်းစင်ထောင်ပြီး ရက်ကန်းခတ်နေပါတယ်။ တိုင်းရင်းသားရိုးရာ အဆင်ဆန်းလေးတွေပါ။ အမျိုးသမီးဝတ်လုံချည်လေးတွေ၊ ရိုးရိုးချည်ရောင်စုံနဲ့ ရွှေကြည်ချည်ရောပြီးခတ်ရတယ်။အဆင်ဒီဇိုင်းကတော့ အထည်တိုက်ပိုင်ရှင်တွေက ပြုပြင်ပေးပါတယ်။ ဒီအဆင်ရိုးရင် နောက်တစ်မျိုးပေါ့။ အမျိုးသမီးဝတ်လုံချည်တစ်ထည်ကို ကျပ် ၆၅၀၀ သွင်းရပါတယ်။ ချည်တွေကတော့ အထည်တိုက်က ပဲဝယ်ရပါတယ်။ ကုန်ချောပစ္စည်းသွင်းတော့လည်း သူတို့ဆီမှာသွင်းပေါ့။ တစ်ထည်ပြီးရင် ကိုယ့်အတွက် ကျပ် ၄၅၀၀ လောက်ရပါတယ်။ ကျွန်မတို့ညီအစ်မ နှစ်ယောက်အလှည့်ကျခတ်သွားတာ တစ်နေ့တစ်ထည် ပုံမှန်ပြီးပါတယ်။ ကျွန်မတို့က သိပ်ပြီး မကျွမ်းကျင်သေးဘူး။ အခုဆိုရွာထဲမှာ တော်တော်များများ ရက်ကန်းခတ် နေကြပါပြီ။ တောလုပ်ငန်းကို သိပ်ပြီးမလုပ်ဖြစ်ကြတော့ဘူး"ဟု ရက်ကန်းခတ်နေသူ အမျိုးသမီးတစ်ဦးက ပြောသည်။

"အခုဆို ကျွန်တော်တို့တောင်သူတွေ သီးနှံရိတ်သိမ်းချိန်တွေမှာ အလုပ်သမားရှားပါးမှုနဲ့ ကြုံတွေ့နေရပြီး တခြားကျေးရွာက အလုပ်သမားတွေရှာပြီး လုပ်ကိုင်နေရတယ်။ အလုပ်သမားဈေးပိုပေးရတယ်။ ကိုယ်စားရမယ့် အထဲက ပုံ့ပါသွားတာပေါ့။ ဒါကလည်း သူတို့တွေရွေးချယ်တဲ့လမ်းပဲလေ ဘယ်တတ်နိုင်ပါ့မလဲ။ နေပူမရှောင်၊ မိုးရွာမရှောင် လုပ်ကိုင်ရတဲ့ တောလုပ်ငန်းနဲ့ စာရင်ဒီရက်ကန်းလုပ်ငန်းက မိသားစုစားဝတ်နေရေးအတွက် အဆင်သင့်နေတာကိုး အိမ်လုပ်ငန်းမပျက် အရိပ်ထဲမှာလုပ်ရတော့ ဒီရက်ကန်းလုပ်ငန်းကို ပိုပြီးလုပ်ကိုင်နေကြပါတယ်"ဟု အဆိုပါကျေးရွာရှိတောင်သူလုပ်ငန်း လုပ်ကိုင်နေသူ ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

# အထွက်တိုး၊ ဝင်ငွေတိုးသည့် ချဉ်ပေါင်လျှော်စိုက်ပျိုးထုတ်လုပ်မှု ညောင်တုန်း၌ သရုပ်ပြဟောပြော

**ညောင်တုန်း ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ထိပ်ဝကြီးကျေးရွာအုပ်စု အေးရွာကျေးရွာမှ (ရန်ကုန်-ပုသိမ်ကားလမ်းဘေး) တောင်သူကြီး ဦးအေးသိန်း၏ ခေတ်မီသိပ္ပံနည်းကျ (GAP) စနစ်ဖြင့် MK.1 မျိုးချဉ်ပေါင်လျှော်စံပြနှစ်ဧကတွင် သရုပ်ပြပွဲကို ဇွန် ၁၁ ရက်နံနက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ထွန်းက စက်မှုသီးနှံကုန် ကြမ်းတစ်ခုဖြစ်သည့် ဂုန်လျှော်၊ ချဉ်ပေါင်လျှော်သီးနှံအား အထွက်တိုး နည်းစနစ်များဖြင့် တောင်သူများ ဝင်ငွေတိုးစေရေး အတွက် ဧကတိုးချဲ့ စိုက်ပျိုးရန်နှင့် ပိုးသတ်ဆေးအမျိုးမျိုး၏ ကောင်းကျိုးနှင့် ဆိုးကျိုးအကြောင်းများ၊ မြေဩဇာသုံးစွဲမှုနည်းစနစ်များ၊ သိပ္ပံနည်းကျမျိုးကောင်းမျိုးသန့်များကို နည်းစနစ်မှန်မှန် စိုက်ပျိုးခြင်းအားဖြင့် တောင်သူများဝင်ငွေတိုးပြီး အရည်အသွေးကောင်းလျှော်များ စိုက်ပျိုးထုတ်လုပ်ကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မအူပင်ခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးမှူး ဒေါ်ခင်မြစီက ဓာတ်မြေဩဇာသုံးစွဲခြင်းနှင့် ပတ်သက်၍ ဗဟုသုတများအား ရှင်းလင်းပြောကြားပြီး မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးမှူးဒေါ်ခင်သိန်းနွဲ့က စိုက်ပျိုးလျာထားဧကနှင့် အမှန်တကယ်စိုက်ပျိုးထားသည့် ဧကများအကြောင်း ရှင်းလင်း ပြောကြားသည်။

တက်ရောက် လာကြသော တောင်သူများက စိုက်ပျိုးထားသည့် မိုးကြိုချဉ်ပေါင်လျှော်ခင်းတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းနေမှု၊ ပိုးမွှား အန္တရာယ်ကျရောက်ပါက ပိုးသတ်ဆေးဖျန်းခြင်း၊ စနစ်တကျမြေဩဇာကျွေးခြင်းနှင့် ပင်ကြားခွဲခြင်းတို့ကို လက်တွေ့သရုပ်ပြရှင်းလင်းကြသည်။

ညောင်တုန်းမြို့နယ်အနေဖြင့် ဂုန်လျှော်နှင့် ချဉ်ပေါင်လျှော်များကို စံပြစိုက်ပျိုးသော ထိပ်ဝကြီးကျေးရွာအုပ်စုနှင့် ကျုံတမာကျေးရွာတို့တွင် စိုက်ပျိုးကြပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဂုန်လျှော် ဧက စုစုပေါင်း ၃၂ ဧကနှင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဂုန်လျှော် စုစုပေါင်း ၈၆ ဧက တိုးချဲ့စိုက်ပျိုးလာသည်။ ထွက်ရှိလာသော မိုးကြိုဂုန်လျှော်နှင့် ချဉ်ပေါင်လျှော်များ အား ထွက်ရှိသမျှ အားလုံးကို သဇင်ဦးကုမ္ပဏီက အတန်းအစား သတ်မှတ်ချက်နှင့်အညီ ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# ရေစကြိုမြို့နယ်တွင် နှမ်းစပါးများစတင်ရိတ်သိမ်း ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းရရှိ

**ရေစကြို ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ယခုအခါ နှမ်းစပါးများ စတင်ရိတ်သိမ်းနေကြပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ရွှေချောင်းလျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာမှာ စိုက်ပျိုးထားတဲ့ နှမ်းစပါးတွေ စတင်ရိတ်သိမ်းနေကြပါပြီ။ ရွှေချောင်းလျှပ်စစ်မြစ်ရေတင် ဧရိယာမှာ ရွှေချောင်းကွင်း၊ ကျောမကြားကွင်း၊ ညောင်စောက်ကွင်းတွေ ပါဝင်ပါတယ်။ စိုက်ဧက ၃၆၀ ရှိပါတယ်။ ကျွန်တော်ကတော့ ပုလဲသွယ်အထူးအထွက်တိုးစပါး နှစ်ဧက စိုက်ခဲ့တာပါ။ အခုစတင်ရိတ်သိမ်းနေတာက ပုလဲသွယ်စပါးပါ။

"မနောသုခကတော့ ရိတ်သိမ်းဖို့ သုံးပတ်လောက် စောင့်ရဦးမှာဖြစ်ပါတယ်။ ဒီနှစ်စပါးအထွက်နှုန်း ခန့်မှန်းရင် တစ်ဧက တင်း ၁၈၀-၂၀၀ တော့ထွက်မှာပါ။ ဘာဖြစ်လို့လည်းဆိုတော့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးသန့်တွေ ဖြန့်ပေးတယ်။ သိပ္ပံနည်းကျ GAP စနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ ကွင်းဝန်ထမ်းတွေက လက်တွေ့ ပြသပေးတယ်"ဟု တောင်သူဦးသန်းစိုးက ပြောသည်။

"ကျွန်မတို့က ကောက်စိုက်ချိန် ကောက်စိုက်ပါတယ်။ ပဲစိုက်ချိန် ပဲစိုက်လိုက်ပါတယ်။ ပဲကောက်လိုက်ပါ တယ်။ တမန်းနှိုးပေါင်းနုတ်လည်း လိုက်တယ်။ ကောက်ရိတ်ချိန်ဆိုရင်လည်း ကောက်ရိတ်ဆိုတော့ နွေ၊ မိုး၊ ဆောင်းအလုပ်က မပြတ်ရှိပါတယ်။ အခုရက်က ရာသီဥတုပူတော့ သိပ်မလုပ်နိုင်ဘူး။ တစ်နေ့ ကျပ် ၂၅၀၀ ရပါတယ်။ အမျိုးသားတွေက ကောက်ရိတ်တဲ့အလုပ်မလုပ်ကြတော့ဘူး။ ဒီထက်ဝင်ငွေပိုရတဲ့အလုပ် လုပ်ကြပါတယ်။ ကျွန်မတို့ကတော့ မောင်တစ်ထမ်း၊ မယ်တစ်ရွက်ဆိုသလို မိသားစု စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရှာရတာပါ"ဟု ကောက်ရိတ်သမတစ်ဦးက ပြောပြသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



Sage 300 ERP

Enterprise Resources Planning for Financial & Operational Management

- လုပ်ငန်းတစ်ခုလုံး၏ Financial Area များအပြင် Operational Area များကိုပါ ချိတ်ဆက်အသုံးပြုနိုင်သော Enterprise Resource Planning Software ဖြစ်ခြင်း
- မိမိလုပ်ငန်းအတွက် လိုအပ်သော Module များကို လွတ်လပ်စွာရွေးချယ်ဝယ်ယူနိုင်ခြင်း
- တစ်ဦးတည်းပိုင်လုပ်ငန်းအသေးဆုံးမှ Large Co-operate လုပ်ငန်းကြီးများအထိ လိုက်လျောညီထွေစွာ အသုံးပြုနိုင်ခြင်း
- Version တစ်ခုမှ Next Version တစ်ခုသို့ လွယ်ကူစွာ ပြောင်းလဲနိုင်ရန် စီစဉ်ထားခြင်း
- Single Desktop Application မှ Webpage Application အထိ တိုးမြှင့်လုပ်ဆောင်နိုင်ခြင်း

CONSULT YOUR BUSINESS NEEDS WITH OUR SUPPORT TEAM

sage Authorised Partner

Management & Accountancy Training Limited
No. 355, 2nd Floor, Thein Phyu Road, Mingalar Taung Nyunt Tsp, Yangon.
E.mail: myintoo.mat@gmail.com
Website : www.matprofessional.com, www.sageasiapac.com
Phone : 951-246618, 95-9-73033534, 95-9-5036915

ဆရာချို (ရှယ)

၂၀၁၅–တက္ကသိုလ်ဝင်စာမေးပွဲ (၁၂)ဦးဝိုင်း၊ (၁၁)ဦးအောင် (၃)ဘာသာ၊(၂)ဘာသာ၊(၁)ဘာသာ ဂုဏ်ထူးရှင်(၄)ဦး။

ကျောင်းသားသစ်လက်ခံမည်

အမှတ်(၂၆)၊ဦးဝိစ္စာလမ်း၊ပုဇွန်တောင်။ ဖုန်း–၀၉၂၅၄၂၀၀၁၇၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာ၊ဦးပိုင်အမှတ်(၃၅)၊ကွင်းအမှတ်(၅၂၄)၊ဥယျာဉ်ခြံမြေ၊ (၁၈၀×၁၄၀)ပေရှိ ဦးသာခင် အမည်ပေါက်မြေနှင့် ယင်းမြေပေါ်အကျိုးခံစားခွင့်အားလုံးကို လက်ရှိပိုင်ဆိုင်သူ ဦးခင်မောင်လတ် (၁၂/ပဘတ(နိုင်) ၀၂၀၇၁၆) ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးစောလွင်(၁၂/ဒဂရ(နိုင်)၀၀၀၅၇၉)မှ ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုး၏ တစ်စိတ် တစ်ဒေသကို စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးတင်မောင်အေး | ဒေါ်နီလာဝင်း | ဒေါ်မြတ်သင်းယဉ် |
|---|---|---|
| LL.B,DL-101WIPO(Switzerland) | LL.B,DL-101WIPO(Switzerland) | LL.B,DL-101WIPO(Switzerland) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

RIGHT LAW FIRM အမှတ် (၁၃၃)၊ ဒုထပ်၊ လမ်း-၃၀(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။၀၁-၂၅၄၈၈၉၊၀၉၇၀၅၀၃၇၀၊၀၉ ၄၂၁၁၅၇၈၈၀။

# ဇင်ဘာဘွေတွင် ပြည်တွင်းသုံးငွေ ဖယ်ရှား၍ ငွေကြေးစုံစနစ် စတင်ကျင့်သုံး




**ဇင်ဘာဘွေ ဇွန် ၁၂**

ဇင်ဘာဘွေနိုင်ငံသည် ငွေကြေးဖောင်းပွမှုကြီးမားစွာဖြစ်ပေါ်နေစဉ်ကာလအတွင်း ၎င်း၏ ပြည်တွင်းသုံးငွေကြေးကို ဖယ်ရှား၍ ငွေကြေးစုံစနစ်ကို စတင်ကျင့်သုံးနေပြီဖြစ်ကြောင်း ဗဟိုဘဏ်က ယနေ့ ပြောကြားသည်။

လွန်ခဲ့သည့် ခြောက်နှစ်ကတည်းက ငွေကြေးဖောင်းပွမှု မြင့်တက်လာခဲ့သဖြင့် အမေရိကန်ဒေါ်လာ၊ တောင်အာဖရိက ရန်းကဲ့သို့သော နိုင်ငံခြားငွေကြေးတို့ကို သုံးစွဲလာခဲ့ကြသည်။

ဇွန် ၈ ရက်နေ့မှစ၍ ဇင်ဘာဘွေဘဏ်တွင် အမေရိကန်ဒေါ်လာ ငါးဒေါ်လာကို ဇင်ဘာဘွေ ဒေါ်လာ ၁၇၅ ကွာဒရီလီယံ (၁၇၅ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀) ဖြင့် လဲလှယ်ရသည်။ အမေရိကန်တစ်ဒေါ်လာလျှင် ဇင်ဘာဘွေဒေါ်လာ ၃၅ ကွာဒရီလီယံနှုန်းဖြစ်သည်။

ဇင်ဘာဘွေနိုင်ငံသားများသည် စက်တင်ဘာလကုန်မတိုင်မီ ၎င်းတို့၏ ပြည်တွင်းသုံး ဒေါ်လာများကို လဲလှယ်ကြရမည်ဖြစ်သည်။

ငွေကြေးဖောင်းပွမှု မြင့်လွန်းလှသဖြင့် ဈေးဆိုင်များ၌ ကုန်ပစ္စည်းဈေးနှုန်းများမှာ တစ်ရက်တည်းမှာပင် အကြိမ်ကြိမ် ပြောင်းလဲလျက်ရှိပြီး အခြေခံကုန်စည်များမှာလည်း ရှားပါးလျက်ရှိသည်။

ပြည်သူများသည် ဈေးဝယ်ထွက်လျှင် ငွေများကို လက်တွန်းလှည်းပေါ်တင်၍ တွန်းသွားကြရသည်ဟု ဆိုသည်။

ဇင်ဘာဘွေအစိုးရက နောက်ဆုံးရိုက်နှိပ်သော ငွေစက္ကူသည် ဇင်ဘာဘွေ ဒေါ်လာ ၁၀၀ ဘီလီယံတန်ဖိုးရှိ၍ ယင်းငွေစက္ကူဖြင့် ဘတ်(စ်)ကားလက်မှတ်တစ်စောင် ဝယ်ရန်ပင် မလုံလောက်ဟု ဆိုသည်။ **ရိုက်တာ။**

# အိုပက်အဖွဲ့သို့ အင်ဒိုနီးရှားပြန်ဝင်မည်




**ဂျကာတာ ဇွန် ၁၂**

အင်ဒိုနီးရှားနိုင်ငံသည် ရေနံထုတ်လုပ်သော နိုင်ငံများနှင့် ရင်းနှီးစွာဆက်ဆံနိုင်ရေးအတွက် ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့ (အိုပက်)သို့ ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားခဲ့ကြောင်း ယနေ့သတင်းများ၌ ဖော်ပြသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ကျင်းပသော အစည်းအဝေးပွဲတွင် အင်ဒိုနီးရှားနိုင်ငံက အိုပက်သို့ ပြန်လည်ဝင်ရောက်ရေး လျှောက်ထားခြင်းကို အဖွဲ့ဝင်နိုင်ငံများအားလုံးက အတည်ပြုသဖြင့် ၎င်း၏နိုင်ငံသည် အဖွဲ့ဝင်အဖြစ် ပြန်လည်လှုပ်ရှားတော့မည်ဖြစ်ကြောင်း အင်ဒိုနီးရှားရေနံနှင့်ဓာတ်ငွေ့ ညွှန်ကြားရေးမှူးချုပ်က စွမ်းအင်ဝန်ကြီးရုံး၌ ထုတ်ဖော်ပြောဆိုခဲ့သည်။

၁၉၆၀ ခုနှစ်တွင် အိုပက်အဖွဲ့ကို တည်ထောင်ဖွဲ့စည်းပြီးနောက် နှစ်နှစ်အကြာတွင် အင်ဒိုနီးရှားနိုင်ငံသည် အဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး နှစ်ပေါင်း ၅၀ နီးပါးအကြာ ၂၀၀၈ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခဲ့သည်။

အိုပက်အဖွဲ့ဝင်ဖြစ်သည့်အခါ ရေနံထုတ်လုပ်ရောင်းချနိုင်စွမ်း ခိုင်မာလာပြီး ပြည်တွင်းစွမ်းအင်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မည်ဟု အင်ဒိုနီးရှားက မျှော်လင့်ထားသည်။

အရှေ့တောင်အာရှတွင် ရေနံထုတ်လုပ်မှုအကြီးမားဆုံးနိုင်ငံဖြစ်သော်လည်း ရေနံတွင်းများ ဟောင်းနွမ်းခေတ်မမီတော့ခြင်း၊ ထပ်မံတူးဖော်မှုများ မအောင်မြင်ခြင်းတို့ကြောင့် လူဦးရေ သန်း ၂၅၀ အတွက် ပြည်ပမှ ရေနံများတင်သွင်းနေရသည်။

နိုင်ငံအတွင်း၌ ရေနံသုံးစွဲမှုမှာ မြင့်တက်လျက်ရှိသည်။ သို့သော် ကြိုတင်မှန်းဆမရနိုင်သော တရားရေးစနစ်နှင့် ဗျူရိုကရေစီယန္တရားတို့က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အတားအဆီးဖြစ်နေသည်။

ဂျကာတာသည် ၂၀၁၅ ခုနှစ်တွင် တစ်ရက်လျှင် ရေနံစည်ပေါင်း ၈၂၅၀၀၀ ထုတ်လုပ်ရန် ရည်မှန်းချက်ထားရှိသော်လည်း အိုပက်အဖွဲ့တွင် စတုတ္ထမြောက် ရေနံထုတ်မှုအနည်းဆုံး နိုင်ငံအဆင့်သာရှိမည်ဖြစ်သည်။

**ရိုက်တာ။**

❐❐

# မလေးရှားလေယာဉ် မဲလ်ဘုန်း၌ အရေးပေါ်ဆင်းသက်

**မဲလ်ဘုန်း ဇွန် ၁၂**

မလေးရှားလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် အင်ဂျင်ခန်းမှ မီးအန္တရာယ်စိုးရိမ်ရသဖြင့် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ အရေးပေါ်ဆင်းသက်ခဲ့ကြောင်း ယနေ့သတင်းတွင် ဖော်ပြသည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ဦးတည်ပျံသန်းလျက်ရှိသော ခရီးစဉ်အမှတ် ၁၄၈ လေယာဉ်သည် လေယာဉ်ကွင်းသို့ မဆင်းမီ လေယာဉ်ကွင်းကောင်းကင်ယံပေါ်၌ အချိန်အတန်ကြာမျှ ဝန်းပတ်ပျံသန်းနေခဲ့သည်ဟု သိရသည်။

သတင်းဝက်ဘ်ဆိုက်ပေါ်၌ ထုတ်ပြန်ထားသော ကြေညာချက်တွင် မလေးရှားလေကြောင်းလိုင်းက ၎င်း၏ လေယာဉ်သည် မဲလ်ဘုန်း တူလာမာရင်းလေဆိပ်သို့ ယနေ့ညနေပိုင်းတွင် အရေးပေါ်ဆင်းသက်ခဲ့သည်ကို အတည်ပြုထားသည်။

အဲဘတ်(စ်)၃၃၀ လေယာဉ်ကြီးကို အင်ဂျင်နီယာများနှင့် မြေပြင်ဝန်ထမ်းများက စစ်ဆေးလျက်ရှိသည်။ ကနဦး စစ်ဆေးချက်များအရ အင်ဂျင်အပြင်ဘက်တွင် မီးလောင်သည့် အထောက်အထားများ မတွေ့ရသော်လည်း စစ်ဆေးမှုများပြုလုပ်လျက်ရှိသည်ဟု ဆိုသည်။

လေယာဉ်ပေါ်၌ လိုက်ပါလာကြသော ခရီးသည်များကို လေယာဉ်ပေါ်မှ ဆင်းသက်စေခဲ့သည်ဟု ကြေညာချက်တွင် ဖော်ပြသည်။

လေယာဉ်အင်ဂျင်အတွင်း မီးလောင်မှုဖြစ်ခဲ့သည်၊ မဖြစ်ခဲ့သည် သို့မဟုတ် အခြားသောအကြောင်းတစ်ရပ်ကြောင့် ပြန်လှည့်ခဲ့ရခြင်းဖြစ်သည်ကို လေကြောင်းလိုင်းက ထုတ်ဖော်ပြောဆိုခြင်း မရှိပေ။

**ရိုက်တာ။**

# ဟင်းလျာများအတွင်း ဘိန်းစေ့ထည့်ချက်သည်ဆိုသော စားသောက်ဆိုင်မန်နေဂျာနှစ်ဦးအား ဖမ်းဆီး

**ဝူဟန် ဇွန် ၁၂**

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်ရှိ စားသောက်ဆိုင်တစ်ဆိုင်မှ မန်နေဂျာနှစ်ဦးအား ဟင်းအမယ်များအတွင်း ဘိန်းပင်အစိတ်အပိုင်းအချို့ ထည့်ခတ်သည်ဟူသော သံသယဖြင့် ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း အာဏာပိုင်များက ဇွန် ၁၂ ရက်တွင် ပြောကြားသည်။

ဝူဟန်မြို့တော်ရှိ ဟန်ရန်ခရိုင် စုံစမ်းစစ်ဆေးရေးဌာန၏အဆိုအရ ဒေသန္တရအစားအသောက်နှင့် မူးယစ်ဆေးဝါးတားဆီးရေးဌာနက ပြီးခဲ့သည့်မတ်လက ပြုလုပ်ခဲ့သည့် စားသောက်ဆိုင်များအား စမ်းသပ်သည့်ကာလအတွင်း စားသောက်ဆိုင်တစ်ဆိုင်၏ ဟင်းလျာများမှ ဘိန်းနှင့် မူးယစ်ဆေးဝါးများ အပါအဝင် အဓိကပါဝင်သည့်အရာများမှာ ဘိန်းစေ့များဖြစ်ကြောင်း စုံစမ်းတွေ့ရှိခဲ့သည်။

အဆိုပါစားသောက်ဆိုင်မှ မန်နေဂျာနှစ်ဦးက ဟင်းလျာအရသာ ပိုမိုကောင်းမွန်စေရန်နှင့် ဖောက်သည်များ ဆိုင်သို့အကြိမ်ကြိမ် ပြန်လည်လာရောက်ရန် ရည်ရွယ်ချက်ဖြင့် ချက်ပြုတ်ထားသည့် ဟင်းအိုးများအတွင်း ဘိန်းစေ့များ ထည့်ခဲ့ခြင်းဖြစ်သည်ဟုဆိုကြောင်း ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုက ဆိုသည်။ မော်ဖိန်းပါဝင်သော ဘိန်းစေ့များ အစားအသောက်များအတွင်း ထည့်ခြင်းကို ဥပဒေအရ ပိတ်ပင်တားမြစ်ထားသည်။ ၎င်းတို့သည် ဟင်းလျာများအတွင်း အယ်လ်ကာလွိုက်ပမာဏ အနည်းငယ်မျှသာ ထည့်သော်လည်း ယင်းကဲ့သို့ ဘိန်းစေ့ထည့်ထားသည့်ဟင်းလျာကို ရေရှည်စားသုံးမှုက ဆေးစွဲမှုကိုဖြစ်စေပြီး အာရုံကြောစနစ်ကို ထိခိုက်စေကြောင်း ဆရာဝန်များက ပြောကြားသည်။

**ဆင်ဟွာ။**

# စပိန်ဘုရင် ဖီးလစ်က ညီမဖြစ်သူ၏ မြို့စားဘွဲ့ကို ရုပ်သိမ်း

**မက်ဒရစ် ဇွန် ၁၂**

စပိန်ဘုရင် ဖီးလစ်က ၎င်း၏ညီမဖြစ်သူ ခရစ်စတီနာ ဒီဘော်ဘန်ထံမှ မြို့စားကတော်ဘွဲ့ကို ရုပ်သိမ်းခဲ့ကြောင်း၊ ခရစ်စတီနာသည် သူမ၏ထီးနန်းဆက်ခံခွင့် ရပိုင်ခွင့်များ ဆုံးရှုံးမည်ဖြစ်ကြောင်း မက်ဒရစ်တော်ဝင်နန်းတော်က သတင်းထုတ်ပြန်သည်။

(၄၇) နှစ်အရွယ် ဘုရင်ဖီးလစ်က နာမည်ဆိုးထွက်နေသည့် ဘုရင်စနစ်၏ပုံရိပ်ကို ပြန်လည်ရှင်သန်လာစေရန် ကြိုးပမ်းချက်တစ်ရပ်အနေဖြင့် ယင်းကဲ့သို့ လုပ်ဆောင်လိုက်ခြင်းဖြစ်သည်။



ခရစ်စတီနာသည် အခွန်လိမ်လည်မှုများကြောင့် ယခုနှစ်တွင် တရားရင်ဆိုင်ရဖွယ်ရှိပြီး ၎င်းသည် တရားစွဲဆိုခြင်းခံရသည့် ပထမဦးဆုံး မက်ဒရစ်တော်ဝင်အမျိုးသမီးတစ်ဦး ဖြစ်လာသည်။

ခရစ်စတီနာ၏ ဖခင်က ၁၉၉၇ ခုနှစ်တွင် ကျင်းပခဲ့သော သူမ၏လက်ထပ်ပွဲနေ့တွင် ပါလ်မာဒီမာလိုကာမြို့စားဘွဲ့ကို သူမအား အပ်နှင်းခဲ့ခြင်းဖြစ်သည်။

ခရစ်စတီနာ၏ခင်ပွန်း အိုလံပစ် လက်ပစ်ဘောကစားသမားဟောင်း အိုင်နာကီအာ ဒန်ဂါရင်သည်လည်း ၎င်း၏နိုးစ်ဖောင်ဒေးရှင်းအဖွဲ့မှ အများပြည်သူပိုင် ရန်ပုံငွေများကို အလွဲသုံးစားလုပ်သည်ဟု စစ်ဆေးတွေ့ရှိချက်ဖြင့် တရားစွဲဆိုခြင်း ခံထားရကြောင်း သိရသည်။ **ရိုက်တာ။**

# (၂၈)ကြိမ်မြောက် စင်ကာပူ ဆီးဂိမ်းပုံရိပ်များ

စင်ကာပူနိုင်ငံ၌ ကျင်းပလျက်ရှိသော (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာနိုင်ငံကိုယ်စားပြုအားကစားသမားများ၏ ပြိုင်ပွဲဝင်ပုံရိပ်များကို ကြေးမုံပရိသတ်ထံ ဝေမျှလိုက်ရပါသည် . . . .

## ဗီယက်နမ်ကိုအနိုင်ကစားပြီး ဖိုလ်လုပွဲသို့ အရောက်သွားမည်ဟု ဦးကြည်လွင် ဆို



မြန်မာနည်းပြချုပ် ဦးကြည်လွင်က ဗီယက်နမ်နှင့်ပွဲတွင် အဝါကတ် နှစ်ကြိမ်ထိထားသည့် နောက်ခံကစားသမား ရဲဝင်းအောင်နှင့် ခြေထောက်ဒဏ်ရာရထားသည့်ဝင်းဇင်ထွန်းတို့နှစ်ဦးပါဝင်ကစားမည်မဟုတ်သော်လည်း ဗီယက်နမ်အား အနိုင်ကစားကာ ဖိုလ်လုပွဲသို့တက်ရောက်နိုင်အောင်ကြိုးစားသွားမည်ဖြစ်ကြောင်း ဇွန်၁၂ရက်က ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

ဦးကြည်လွင်က "နောက်ခံလူ ရဲဝင်းအောင် မပါဝင်နိုင်ပေမယ့် ကျွန်တော်တို့ကြိုတင်ပြင်ဆင်ထားပါတယ်။ ဖိုလ်လုပွဲရောက်မယ်လို့လည်း ယုံကြည်ထားသလို ဖိုလ်စွဲမယ်လို့လည်း ယုံကြည်ထားပါတယ်။ ယုံကြည်မှုလွန်ကဲပြီးတော့ကစားမှာ မဟုတ်ပါဘူး။ ပြိုင်ဘက်တိုင်းကို လေးလေးစားစားနဲ့ ယှဉ်ပြိုင်မှာပါ" ဟု ပြောကြားခဲ့သည်။

အဆိုပါပွဲစဉ်ကို ဇွန် ၁၃ ရက် မြန်မာစံတော်ချိန်မွန်းလွဲ ၁၂ နာရီခွဲတွင် စင်ကာပူနိုင်ငံရှိ National Stadium ၌ကျင်းပသွားမည်ဖြစ်ပြီး ကွင်းကို အမိုးပိတ်ကာကစားစေမည်ဖြစ်ကြောင်းသိရသည်။ ဇွန်၁၃ရက်တွင် ကစားမည့်ပွဲတွင်မြန်မာအသင်းမှာ ဂျာစီအနီရောင် ဝတ်ဆင်မည်ဖြစ်ပြီး ဗီယက်နမ်အသင်းက အဖြူရောင်ဝတ်ဆင်ကစားမည်ဖြစ်သည်။



## စင်ကာပူနည်းပြ အစ္စကန်ဒါ ရာထူးမှ နုတ်ထွက်

ဆီးဂိမ်းဘောလုံးပြိုင်ပွဲတွင် စင်ကာပူအသင်းသည် အင်ဒိုနီးရှားအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ချက်ချင်းဆိုသလိုပင် စင်ကာပူနည်းပြချုပ် အစ္စကန်ဒါက ၎င်းအနေဖြင့်လက်ရှိရာထူးမှနုတ်ထွက်မည်ဟု ကြေညာခဲ့သည်။ နည်းပြချုပ် အစ္စကန်ဒါက သူ၏ဆုံးဖြတ်ချက်ကို ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် အတည်ပြု ပြောကြားခဲ့ ခြင်းဖြစ်သည်။

အစ္စကန်ဒါက "ဒီနေ့ အင်ဒိုနီးရှားအသင်းသားတွေနဲ့ နည်းပြကို ကျွန်တော် ဂုဏ်ပြုလိုပါတယ်။ ကျွန်တော်တို့အသင်းမှာ ဖန်ဒီနဲ့ ရာမလီတို့နှစ်ဦး ကြံ့ခိုင်မှုမပြည့်ဝသလို တစ်ယောက်လျော့အနေအထားနဲ့ ကစားခဲ့ရတာ ပါ။ စင်ကာပူအသင်းကို ပံ့ပိုးကူညီကြသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အခု ကျွန်တော့်မိသားစုကို အလှည့်ပေးရမယ့်အချိန်ပါ" ဟု ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

စင်ကာပူဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ နော်ဒင်က "ကျွန်တော် အဒီ(အစ္စကန်)ဘာကြောင့် ဒီလိုဆုံးဖြတ်ချက်ချခဲ့သလဲဆိုတာကို နားလည်ပါတယ်။ သူ ရက်အနည်းငယ်လောက်နားပြီးရင် သူနဲ့တွေ့ပြီး ကျွန်တော်တို့ပြန်အလုပ်လုပ်ခွင့်ရနိုင်ဖို့ ဆွေးနွေးမှုတွေလုပ်ဆောင်သွားမှာပါ။ စင်ကာပူအနေနဲ့ အခုဆီးဂိမ်းပွဲမှာ ဘယ်လို ရလဒ်မျိုးထွက်ပေါ်ပါစေ။ သူက အသင်းအတွက် တကယ်သင့်လျော်တဲ့နည်းပြဖြစ်ပြီး သူ့ကို အသင်းက အမြဲတမ်းလိုအပ်နေပါတယ် ဆိုတာပြောချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

### ၂၀၁၅ စင်ကာပူဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၇၁ | ၆၈ | ၅၄ | ၁၉၃ |
| ၂ | စင်ကာပူ | ၇၀ | ၆၂ | ၈၃ | ၂၁၅ |
| ၃ | ဗီယက်နမ် | ၆၂ | ၄၁ | ၅၀ | ၁၅၃ |
| ၄ | မလေးရှား | ၃၈ | ၄၀ | ၅၀ | ၁၂၈ |
| ၅ | အင်ဒိုနီးရှား | ၃၃ | ၄၁ | ၅၄ | ၁၂၈ |
| ၆ | ဖိလစ်ပိုင် | ၂၄ | ၂၉ | ၅၃ | ၁၀၆ |
| ၇ | မြန်မာ | ၁၁ | ၂၂ | ၂၅ | ၅၈ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၄ | ၇ | ၁၂ |
| ၉ | လာအို | ၀ | ၃ | ၁၄ | ၁၇ |
| ၁၀ | ဘရူနိုင်း | ၀ | ၀ | ၅ | ၅ |
| ၁၁ | တီမော | ၀ | ၀ | ၁ | ၁ |

## အိမ်ရှင်စင်ကာပူအား အနိုင်ယူကာ အင်ဒိုနီးရှား အကြိုဖိုလ်လုပွဲတက်



တစ်လုံးတည်းသောအနိုင်ဂိုး သွင်းယူခဲ့သော အင်ဒိုကွင်းလယ် ကစားသမား အီဗန်ဒီးမက်စ်။

ဇွန်၁၁ရက်က ယှဉ်ပြိုင်ကစားခဲ့သော အိမ်ရှင်စင်ကာပူအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ အကြိုဖိုလ်လုပွဲတက်ရောက်ရေး အဆုံးအဖြတ်ပွဲစဉ်တွင် အင်ဒိုနီးရှားအသင်းက စင်ကာပူအား တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ယူကာ အကြိုဖိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သည်။ အင်ဒိုနီးရှားအသင်းသည် အဆိုပါပွဲတွင်သရေကစားနိုင်ရုံဖြင့် အကြိုဖိုလ်လုပွဲသို့တက်ရောက်နိုင်မည်မှန်သော်လည်း ကွင်းလယ်လူအီဗန်ဒီးမက်စ်၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် စင်ကာပူအား အုပ်စုအဆင့်မှာပင် ကျန်ရစ်အောင်နောက်ကောက်ချနိုင်ခဲ့သည်။

စင်ကာပူအသင်းသည် အင်ဒိုနီးရှားအသင်းအားအနိုင်ရမှသာ အကြိုဖိုလ်လုပွဲသို့တက်ရောက်နိုင်မည်ဖြစ် သောကြောင့် အနိုင်ရအောင်ကြိုးစားကစားခဲ့သော်လည်း ဖိအားများကြောင့် အပိုင်အခွင့်အရေးများကိုဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ပေ။ ထို့ကြောင့် ဒုတိယပိုင်းအစ ပွဲချိန်၄၆မိနစ်တွင် ကစားခွင့်ပိတ်ပင်ထားရာမှပြန်လည်ကင်းလွတ်ခွင့်ရရှိလာခဲ့သော အင်ဒိုကွင်းလယ်ကစားသမား ဒီးမက်စ်က ယင်းပွဲ၏ တစ်လုံးတည်းသောအနိုင်ဂိုးကို ပင်နယ်တီဧရိယာအစပ်မှ စင်ကာပူဂိုးသမားဆိုင်ရာဝမ်ကိုကျော်၍ သွင်းယူပေးခဲ့သည်။

ယခုပွဲအနိုင်ကြောင့် အင်ဒိုနီးရှားမှာ အုပ်စု(က)တွင်မြန်မာအသင်းနှင့်အတူ အကြိုဖိုလ်လုပွဲသို့ တက်ရောက်သွားနိုင်ခဲ့ပြီး ဇွန် ၁၄ ရက်တွင် ထိုင်းအသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ထိုင်းအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင်အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေပြီး နောက်ဆုံးကစားခဲ့သည့်(၁၁)ကြိမ်တွင်ကိုးကြိမ်အထိဖိုလ်စွဲနိုင်ခဲ့သည်။

အင်ဒိုနီးရှားအသင်းနည်းပြချုပ်ဆန်တိုဆိုက"ထိုင်းအသင်းကဒေသတွင်း အကောင်းဆုံးအသင်းတစ်သင်းဖြစ်တယ်ဆိုတာ ကျွန်တော်ထောက်ခံပါတယ်။ ဒါပေမယ့် ဘောလုံးကစားနည်းဆိုတာအချိန်မရွေး အမြဲတမ်းအပြောင်းအလဲများနေတဲ့ကစားနည်းဆိုတာ ခင်ဗျားတို့လည်း သိသားပဲ။ ထိုင်းကိုကျွန်တော်တို့ဘယ်လိုကစားမယ်ဆိုတာတကယ့်ကစားချိန်ကျမှ သာစောင့်ကြည့်စေချင်ပါတယ်" ဟု ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

## အိမ်ရှင်စင်ကာပူအသင်း အုပ်စုမှ လှည့်ပြန်ခဲ့ရပြီးနောက် ဘောလုံးပြိုင်ပွဲ အကြိုဖိုလ်လုပွဲလက်မှတ်များကျန်နေ

အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စု(က) နောက်ဆုံးပွဲစဉ်တွင် အင်ဒိုနီးရှားအသင်းကို စင်ကာပူအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်ကာ အကြိုဖိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခြင်းမရှိသည့်အတွက်အကြိုဖိုလ်လုပွဲလက်မှတ်များ မြောက်မြားစွာကျန်ရှိနေသေးသည်။

အိမ်ရှင်စင်ကာပူပရိသတ်များသည်အင်ဒိုနီးရှားနှင့်ပွဲမှရလဒ်ကို စောင့်ဆိုင်းနေသဖြင့် ဒုတိယအကြိုဖိုလ်လုပွဲလက်မှတ်များကို ဇွန် ၁၂ ရက်မှသာ အွန်လိုင်းမှတစ်ဆင့်စတင်ရောင်းချပေးမည်ဟု ဆီးဂိမ်းကျင်းပရေးကော်မတီက ဇွန်၁၀ ရက်၌ထုတ်ပြန်ကြေညာပေးခဲ့သည်။ သို့သော် စင်ကာပူဘောလုံးပရိသတ်များ မှန်းချက်နှင့်နှမ်းထွက်မကိုက်ခဲ့ဘဲ စင်ကာပူအသင်း ပြိုင်ပွဲမှစောစောစီးစီးပင် ထွက်ခွာခဲ့ရသည့်အတွက် ယခုကဲ့သို့ အကြိုဖိုလ်လုပွဲလက်မှတ်များ များစွာကျန်ရှိနေခြင်းဖြစ်သည်။

ကြက်တောင်ရိုက်ပြိုင်ပွဲတွင်လည်း ထိုင်းအသင်းကို စင်ကာပူအသင်းက ရှုံးနိမ့်ခဲ့သောကြောင့် အဆိုပါပွဲ လက်မှတ်များလည်း ကျန်ရှိနေသေးသည်။ ဆီးဂိမ်းပြိုင်ပွဲပြီးဆုံးရန် နီးကပ်နေချိန်တွင် တခြားအားကစားနည်းအတော်များများမှလက်မှတ်များအားလုံးအကုန်အစင်ရောင်းချခဲ့ရပြီးဖြစ်သော်လည်း ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ဝါတာပိုလိုနှင့် ဘောလုံးပြိုင်ပွဲအကြိုဖိုလ်လုပွဲ ပွဲစဉ်နှစ်ပွဲမှလက်မှတ်များမှာကျန်ရှိနေသေးသည်။

မေလဲ့သင်း - စုစည်းရေးသားသည်

## ဝန်းကျင်လှပသာယာဖို့ ဆေးစွဲသူကိုဝိုင်းကူစို့

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



လောဆိုင်၊ တင်စိုး၊ မြင့်နိုင်နှင့် ကျော်သိန်းတို့လေးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**လွိုင်ကော်**

မူးယစ်တပ်ဖွဲ့စု(၂၀) လွိုင်ကော်မှ တပ်ဖွဲ့ဝင်များသည် ဇွန် ၉ ရက်က လွိုင်ကော်မြို့နယ် လွိုင်လင်လေး ကျေးရွာအုပ်စု အိုက်စန့်ကျေးရွာ အရှေ့ဘက်ရှိ လောဆိုင်၏ တောင်ယာခင်းတဲသို့ ဝင်ရောက်ရှာဖွေရာ လောဆိုင်နှင့်အတူ တင်စိုး၊ မြင့်နိုင်နှင့် ကျော်သိန်းတို့အား တွေ့ရှိပြီး ဘိန်းစိမ်းအလေးချိန် ၃ ဒသမ ၁၀၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀တို့ကို သိမ်းဆည်းရမိသဖြင့် လောဆိုင် (၅၃)နှစ်၊ တင်စိုး (၂၀)နှစ်၊ မြင့်နိုင် (၃၁)နှစ်နှင့် ကျော်သိန်း (၃၆) နှစ်တို့လေးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထား ကြောင်း သိရသည်။

**နမ့်ခမ်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ရွှေလီစစ်ဆင်ရေး(၂)စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၈ ရက်က မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်၊ မူးယစ်တပ်ဖွဲ့စု(၁၀၂)နေပြည်တော်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ် နမ့်ခမ်း-မုံးဝီးကားလမ်းတွင် နမ္မတီးကျေးရွာဘက်မှ နမ့်ခမ်းမြို့ဘက်သို့ ကျောင်ရှင်ချန်း မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူအလေးချိန် သုည ဒသမ ၂၈၆ ကီလို သိမ်းဆည်းရမိပြီး ပိုင်ရှင်များဖြစ်သည့် မြင့်လွင်(ခ) နစီးရိုးတင်နှင့် လှိုင်မျိုးနိုင်(ခ) မော်တားတို့နှစ်ဦးအား နမ့်ခမ်းမြို့ စည်ပင်သာယာဈေးအနီး မီးပွိုင့်လမ်းဆုံတွင် ဖမ်းဆီးရမိသဖြင့် ကျောင်ရှင်ချန်း (၂၅)နှစ်၊ မြင့်လွင်(ခ)နစီးရိုးတင် (၃၅)နှစ်နှင့် လှိုင်မျိုးနိုင်(ခ)မော်တား (၃၁)နှစ်တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထား ကြောင်း သိရသည်။ **(ကြေးမုံ)**

# ရေနံခပ်ခွက် သံကိုင်းနှင့် ရေနံကျင်းသံပိုက်တို့ ပွတ်တိုက်မိရာမှ မီးလောင်မှုဖြစ်ပွား

**မင်းလှ ဇွန် ၁၂**

မင်းလှမြို့နယ် ထန်းကိုင်းကျေးရွာ အရှေ့မြောက်ဘက် လေးဖာလုံခန့်အကွာရှိ ဦးညွန့်စိန်၏ ယာခင်းအနီးတွင် ဇွန် ၁၁ ရက် နံနက် ၃ နာရီခွဲက ရေနံကျင်းထဲမှ ရေနံခပ်နေစဉ် ရေနံခပ်ခွက်သံကိုင်းနှင့် ရေနံကျင်းသံပိုက်တို့ ပွတ်တိုက်မိရာမှ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ရွက်ဖျင်တဲငါးလုံး၊ ကလပ်ခုံနှင့် တရုတ်နီ အင်ဂျင်ငါးစုံ မီးလောင်ဆုံးရှုံးခဲ့ပြီး အဆိုပါ မီးလောင်မှုဖြစ်ပွားခဲ့သည့် ယာခင်းအတွင်းရှိ ရေနံတွင်းအား တွင်းပိုင်ရှင် မောင်နိုင် (၃၂)နှစ်နှင့် အလုပ်သမား ကျော် ကျေးရွာ မြိုင်မြို့နယ်နေသူတို့ ရေနံခပ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျ**

# မုပ္ပလင်၌ ကလေးတစ်ဦး ရေတွင်းထဲပြုတ်ကျသေဆုံး

**ကျိုက်ထို ဇွန် ၁၂**

ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာတွင် ကလေးငယ်တစ်ဦး ရေတွင်းထဲပြုတ်ကျသေဆုံးမှု ဇွန် ၁၀ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။။

ယင်းနေ့ညနေ ၅နာရီ ၁၀ မိနစ်ခန့်က မုပ္ပလင်ရဲကင်းစခန်း၌ စခန်းမှူးရဲအုပ်အောင်မြင့်ဦး တာဝန်ထမ်းဆောင်နေစဉ် လူတစ်ဦးရေနစ်သေဆုံးကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မြို့သစ်(၂)ရပ်ကွက်နေ ကိုထွန်းထွန်း၏သား မောင်ရဲလင်းထွန်း (၆)နှစ်ဖြစ်ပြီး ညနေ ၅ နာရီခန့်က နေအိမ်နှင့် ပေ ၁၀၀ ခန့်အကွာ လူမနေသည့်ခြံဝန်းတစ်ခုအတွင်းရှိ တွင်းအနက် ၁၀ ပေ၊ ရေအနက် ရှစ်ပေခန့်ရှိရေတွင်း၌ ရေသွားချိုးစဉ် ပြုတ်ကျသေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သိမ်ဇရပ်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်းသိရသည်။

**ရဲခေါင်ဦး**

# မြောင်းမြကြိုးတံတားအနီး လမ်းဖြတ်ကူးသူအမျိုးသမီးတစ်ဦး ကားတိုက်သေဆုံး

**မြောင်းမြ ဇွန် ၁၂**

မြောင်းမြမြို့ ကြိုးတံတားအနီး ဘုရားချောင်းကျေးရွာအုပ်စု ကုလားကုန်းလေးကျေးရွာအနီး လပ္ပတ္တာ-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ် (၄၅/၂) နှင့် (၄၅/၃) အကြားတွင် ဇွန် ၁၁ ရက် နံနက် ၅ နာရီခန့်က လမ်းဖြတ်ကူးသူ အမျိုးသမီးတစ်ဦး ကားဖြင့်တိုက်မိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လပ္ပတ္တာမှပုသိမ်သို့ သွားသည့် ကျော်ဇေယျ (ခ)ကတုံး မောင်းနှင်သော 1G/----- FAW အပြာရောင်ကားသည် လမ်းဖြတ်ကူးသူ မကတုံးမကို တိုက်မိပြီး အခင်းဖြစ်နေရာ၌ပင် ဒဏ်ရာများဖြင့် သေဆုံးခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ကျော်ဇေယျ(ခ)ကတုံး(၂၆)နှစ်အား မြောင်းမြမြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **ဇော်မင်းသွင်(မြောင်းမြ)**

# မိုးရွာသွန်းမှုကြောင့် လမ်းချော်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးကပ်တိုင်များအား ဝင်တိုက်မိ



**နေပြည်တော် ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၁၅၃/၇)နှင့် (၁၅၄/၀)ကြားတွင် ဇွန် ၉ ရက် မွန်းလွဲပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။ ဖြစ်ပွားပုံမှာ နေပြည်တော်မှ ရန်ကုန်သို့ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ကျော်ဝင်း(၃၅)နှစ် မောင်းနှင်သော 1D/×××× TOYOTA LEXUS ခဲရောင်ယာဉ်မှာ မိုးရွာသွန်းမှုကြောင့် လမ်းချော်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးကပ်တိုင်သုံးတိုင်အား ဝင်ရောက်တိုက်မိကာ တံတားပေါင်ကို ထပ်မံတိုက်မိပြီး ရပ်တန့်ခဲ့ကြောင်း သိရသည်။ ထိုသို့တိုက်မိမှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယာဉ်လမ်းချော်ပြီး လမ်းဘေးသစ်ပင်ဝင်တိုက်၍ နှစ်ဦးသေ၊ သုံးဦးဒဏ်ရာရ

**နေပြည်တော် ဇွန် ၁၂**

ကရင်ပြည်နယ် ဘားအံမြို့ သံလွင်တံတားအနီး ချဉ်းကပ်လမ်းတွင် ဇွန် ၉ ရက် ညနေပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဘားအံမြို့နယ် တရုတ်လှကျေးရွာမှ မြိုင်ကလေးဘက်သို့ ဘားအံမြို့နယ် ထုံးတောင် ရွာနေ ဦးချစ်သောင်း (၅၂)နှစ် မောင်းနှင်သော 5C/----- Mighty-X ခဲရောင်ယာဉ်မှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းချော်ပြီး ချဉ်းကပ်လမ်း၏ ယာဘက်လမ်းပလက်ဖောင်းပေါ်သို့ ကျော်တက်ကာ လမ်းဘေးရှိရေတမာပင်အား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ထိုသို့ တိုက်မိမှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် နော်ရှီးကဖော်(၁၈)နှစ်၊ ဦးဖိုးချစ်ချစ် (၄၈)နှစ်၊ ဦးခင်ဝင်း(၅၂)နှစ်၊ ဒေါ်မြညွန့်(၅၆)နှစ်နှင့် ဒေါ်ရီမြ(၃၉)နှစ်တို့ငါးဦးတွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် ဘားအံပြည်သူ့ဆေးရုံသို့ တင်ပို့ကုသစဉ် နော်ရှီးကဖော်နှင့် ဒေါ်ရီမြတို့ နှစ်ဦးမှာ ရရှိသော ဒဏ်ရာများဖြင့် ဆေးရုံ၌ သေဆုံးသွားခဲ့သောကြောင့် ဦးချစ်သောင်းအား ဘားအံမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

# တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

**ရဲပြန်ကြား**

**နေပြည်တော် ဇွန် ၁၂**

ရှမ်းပြည်နယ် နောင်ချိုမြို့နယ် နောင်ချိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် မြို့နယ် Mobile Team အဖွဲ့မှ အဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဇွန် ၉ ရက် နံနက်ပိုင်းက နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်၌ စောင့်ဆိုင်းနေစဉ် မန္တလေးဘက်မှ မူဆယ်ဘက်သို့ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ ဦးစံမြ(၅၈)နှစ် မောင်းနှင်လာသည့် 1G/------ IPSUM ယာဉ်အား ရှာဖွေရာ တရားမဝင်သယ်ဆောင်လာသော ကျောက်စိမ်းတုံးအကြီး တစ်တုံး၊ အသေး ၁၇ တုံး စုစုပေါင်း ၁၈ တုံး (အလေးချိန် ၁၂၀ ကီလိုဂရမ်ခန့်) သိမ်းဆည်းရမိခဲ့သောကြောင့် ၎င်းအား နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

# ရန်ကုန် - ထားဝယ်အောင်ရတနာခရီးသည်တင် မှန်လုံယာဉ် လမ်းဘေးထိုးကျ

**မော်လမြိုင် ဇွန် ၁၂**

မော်လမြိုင်-ရေးကားလမ်းမိုင်တိုင်အမှတ်(၇၅/၃)နှင့်(၇၅/၄)အကြား မော်တော်ယာဉ်တစ်စီး လမ်းဘေးထိုးကျမှု ဇွန်၁၂ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မော်လမြိုင်မှထားဝယ်သို့ ယာဉ်မောင်း သန့်ဇင်ထွန်း(၃၀)နှစ်မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူ မောင်းနှင်လာသည့် 2F/------HYUNDAIKMJ 18P16 အနီအဖြူကျား ရန်ကုန် ထားဝယ် ခရီးသည်တင်မှန်လုံယာဉ်သည် လမိုင်းမြို့မော့ကနင်ကျေးရွာအရောက်တွင် လမ်းအနောက်ဘက်ရှိ ဘုရားကြီးလမ်းသွယ်မှကားလမ်းမပေါ်သို့ ဆိုင်ကယ်တစ်စီး ဖြတ်တက်လာသဖြင့် ရှောင်တိမ်းရာ ကားလမ်းညာဘက်ဘေးရေမြောင်းထဲသို့ ထိုးကျခဲ့ပြီး ယာဉ်ပေါ်ပါ ခရီးသည်များ ထိခိုက်ဒဏ်ရာရမှု မရှိကြောင်းနှင့် ယာဉ်ပျက်စီးမှုမရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်ပေါ်ပါခရီးသည်များ ထားဝယ်ဘက်သို့ ဆက်လက်ခရီးသွားလာနိုင်ရေးအတွက် နောက်မှ ပါလာသည့် အောင်ရတနာ ခရီးသည်တင် ယာဉ်နှစ်စီးတို့ဖြင့် နံနက် ၈နာရီခွဲတွင် လွှဲပြောင်းပေးခဲ့ပြီး ယာဉ်မောင်း သန့်ဇင်ထွန်းအား လမိုင်းနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

## ပုံနှိပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ပါပြီ

လူကြီးမင်းတို့၏ စာအုပ်၊ စာစောင်၊ ဂျာနယ်နှင့် သတင်းစာ ပုံနှိပ်ခြင်းလုပ်ငန်းများအား ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့တွင် အဆင့်မီရောင်စုံစက်ကြီးများဖြင့် ပုံနှိပ်ခြင်းလုပ်ငန်းအား အရည်အသွေး အထူးအာမခံဖြင့် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ အသေးစိတ်အချက်အလက်များ သိလိုပါက အောက်ပါလိပ်စာများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(၁) နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ)၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၆၁၇၃

(၂) စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ခလရ(၉၀)လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၁-၆၄၅၇၃၂

(၃) အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ၊ စစ-၁၁၊ ၄၈-လမ်း၊ အောင်ပင်လယ်၊ မန္တလေး၊ ဖုန်း-၀၂-၆၂၉၃၀

**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**

# ပင်စင်အိုရဲ့ တစ်နေ့တာ

**ရေး** အောင်ကျော်ညို(ဆင်ချိဆိပ်)

အသက် (၆၀) ပြည့်သည်နှင့် နိုင်ငံ့ဝန်ထမ်းများဘဝမှာ မအိုမနေရ အိုလိုက်ကြရပြီ။ နှစ်ပေါင်းများစွာ သံယောဇဉ်တွယ် အဝိုင်းအဝန်းမှ အပြီးအပိုင် ကျောခိုင်းထွက်ခွာလာခဲ့ကြရပါပြီ။ ဘဝမှာ ပထမဆုံးအကြိမ်သေဆုံးခြင်း။ အထူးသဖြင့် ကလေးတွေကြားမှာ နှစ်ပေါင်းများစွာ နွေးနွေးထွေးထွေးရှိနေခဲ့သော ဆရာ၊ ဆရာမများဆိုလျှင်ကား အထီးကျန်သည့်ဒဏ် ခံနိုင်ရည်မရှိ။ တချို့ပင်စင်နာနှင့် ကြွေလွင့်စောစီးစွာ လောကကြီးမှ အပြီးအပိုင်ထွက်ခွာသွားခဲ့ကြရသည်။ ပညာရေးဝန်ထမ်း ကျွန်တော့်အတွက် လမ်းပြကြယ်များ။ ထို့ကြောင့်လည်း ပင်စင်အိုဘဝရောက်ခါနီးတွင် ကြိုတင်ပြင်ဆင်အသင့်ဖြစ်နေခဲ့ရသည်။ စပ်ကူးမတ်ကူးကာလမှာ ယောင်ချာချာဖြစ်မနေဖို့ ဝါသနာပါသည့် စာရေးခြင်းအလုပ်ကို ဇောက်ချလုပ်ကိုင်ရင်း ယခု သုံးနှစ်တိုင်ခဲ့ပါပြီ။

ပင်စင်မယူမီ ၃၊ ၄ လလောက်ကတည်းက ညနေစာကိုလည်း ရှောင်နိုင်ခဲ့သည်။ အပိုဝင်ငွေ မရှာတတ်သော ကျောင်းဆရာဘဝမှာရလာသည့် ပင်စင်ငွေက (ထိုစဉ်က သုံးသောင်းကျော်) တစ်နေ့တစ်ထောင်ကျော်ရုံလေးမို့ ညနေစာရှောင်မှ ဖြစ်တော့မည်။ တစ်ဖက်မှာလည်း ရာသက်ပန် အသီးအရွက်စား သက်သတ်လွတ်သမားမို့ ဝိစိကိစ္စာမရှိ။

ညနေစာရှောင်ခြင်းသည် ဝိကာလဘောဇနာ သိက္ခာပုဒ်ကဲ့သို့ ကျင့်သုံးခြင်းမျိုးကား မဟုတ်ပါ။ ထမင်းမှအပ အဆာပြေတစ်ခုခုကို အကျင့်ပါသော အစာအိမ်အတွက် ဖြည့်ဆည်းပေးနေရဆဲ။ တစ်ခါတစ်ရံ အဆင်ပြေလျှင် အဆာပြေ အသီးအရွက်စုံ အစိမ်းကြော်တစ်ပွဲ၊ တစ်ခါတစ်ရံ ပေါင်မုန့်တစ်ချပ်၊ လက်ဖက်ရည်တစ်ခွက်။ နောက်ဆုံး မတတ်နိုင်က ရေသောက်ဗိုက်မှောက် အစာအိမ်ကို သန့်ရှင်းပြီးသား ဖြစ်သွားသည်။

ပင်စင်အို၏ တစ်နေ့တာကို အချိန်ဇယားအတိအကျနှင့် ပုံမှန်လည်ပတ် ဝတ်မပျက်ခဲ့ပါ။ နံနက်မိုးသောက် နိုးသည်နှင့် ပျားရည်နှင့်တေထားသာ နနွင်းတစ်ဇွန်းကိုစား၊ ရေအပြည့် ငါးကြင်းခွက်သုံးခွက်ကိုသောက်၊ ပြီးလျှင် အိမ်သာတက်ရင်း အိမ်သာသန့်ရှင်းရေးကိုလုပ်။ နေ့တစ်နေ့၏ ပထမဆုံးအကြိမ် သန့်ရှင်းရေးလုပ်ဆောင်ခြင်း။ ပြီးလျှင် မျက်နှာသစ်၊ ခေါင်းခါးခြေလက် လေ့ကျင့်ခန်းကိုလုပ်၊ အဆုပ်တွင်းသို့ လေအပြည့်ရှူသွင်းထုတ် (၁၁) ကြိမ်ပြီးမှ ရေချိုး၊ ရုပ်ခန္ဓာအိမ်ကို သန့်စင်ခြင်း။ ဘုရားစင်ရှေ့မှာ အာနာပါနာကို နာရီဝက်ခန့်ရှုမှတ်ပွားများ နာမ်ခန္ဓာအိမ်အား သန့်ရှင်း၊ နံနက်ခင်း၏ ပုံမှန်သန့်စင်မင်္ဂလာသုံးရပ်ပါ။

နနွင်းနှင့် ပျားရည်စားခြင်းသည် ဆရာကြီးစန္ဒြ၏ ကိုယ်တိုင်သုံးဆောင် ဆေးနည်းကောင်း။ ပုံမှန်စားပေးခြင်းဖြင့် ကံနာ၊ ဝဋ်နာမှအပ ရောဂါမျိုးစုံကို ပျောက်ကင်းနိုင်ကြောင်း အာမခံချက်ပေးထားသည်။ လတ်တလောအကျိုးကျေးဇူးမှာ ကျွန်တော်တို့ မကြာမကြာဒုက္ခပေးနေသည့် အစာအိမ်လေနာရောဂါ ယူပစ်လိုက်သလို ပျောက်ကင်းသွားခြင်း။ ငါးကြင်းဖန်ခွက်အပြည့် ရေသုံးခွက်ကား အားလုံးသိပြီး ဂျပန်နည်း။

> ထမင်းမှအပအဆာပြေတစ်ခုခုကို အကျင့်ပါသော အစာအိမ်အတွက် ဖြည့်ဆည်းပေးနေရဆဲ။ တစ်ခါတစ်ရံ အဆင်ပြေလျှင်. . .

နံနက် ၈ နာရီခွဲမှာ အဆာပြေစား။ ရုံးသွား။ ရုံးရောက်ပြီဆိုသည်နှင့် ဦးစွာ ရုံးအိမ်သာကို ဆေးကြောသန့်စင်။ ပြီးမှ မင်္ဂလသုတ်၊ မေတ္တသုတ်၊ ဓာရဏပရိတ်တော်များကို ရွတ်ဖတ်ပူဇော်ပြီး ရုံးခန်းအတွင်း မြင်အပ်မမြင်အပ် ပုဂ္ဂိုလ်တို့အား အမျှအတမ်းပေးဝေ မေတ္တာပို့။ နံနက်ချိန်ခါ မင်္ဂလာကိစ္စများ။

အိမ်နှင့်ရုံးမှာ ကားစီးခရီး နာရီဝက်။ အသွားအပြန်မတ်တပ်။ တရားမှတ်။ တော်ကူးဆရာတော်ဘုရားကြီး တရားရှုမှတ်နည်း။ ကားပေါ်ရောက်သည်နှင့် မျက်စိစုံမှိတ်ကာ သဝေမပါကိုးဂါထာ၊ ရတနာသုံးပါးကို တစ်ရာ့ရှစ်ကြိမ်ရွတ်ပွား။ အကုသိုလ်ကင်းရှင်း ရတနာသုံးပါးနှင့်အတူ ခရီးသွားခြင်း။ ပိုက်ဆံအိတ်နှင့် ဖုန်းကိုလည်း ကြိုတင်သိမ်းဆည်း ကျေးဇူးရှင်လေးများအန္တရာယ်မှ ကာကွယ်ရသေးသည်။ ညနေအပြန်ခရီးလည်း ဤအတိုင်း။

'ရုံး' ဆို၍ ပြောရဦးမယ်။ ပင်စင်ယူပြီးမှ စာရေးရင်းနှင့် သိခွင့်ရလာခဲ့သော ဆရာသမား အယ်ဒီတာချုပ်တစ်ဦးကျေးဇူးကြောင့် စာပေအသိုက်အဝန်း အရိပ်အာဝါသအောက် ဝင်ရောက်ခွင့်ရလာခဲ့ခြင်းပါ။ ဝါသနာနှင့်ကိုက်ညီသည့် စာရေး၊ စာဖတ်ခြင်းအလုပ်အပြင် ပြည်သူ့အသံကိုနားဆင်၊ သိလိုသည်ကို အကျိုးဆောင်ပေး ကုသိုလ်ရေးမို့ စိတ်လက်ချမ်းသာ နှစ်နှစ်တိုင်လာခဲ့ပါပြီ။

ညနေ အိမ်ပြန်ရောက်ချိန် တစ်နေ့တာ ဝတ်ထားသမျှကို လျှော်ဖွတ်၊ ကိုယ်လက်လှုပ်ရှား ကျန်းမာရေးအတွက် ဆေးတစ်ခွက်။ ကိုယ်လက်သန့်စင် ညနေစာအဆာပြေစား။ အနားယူ။ တစ်နေ့တာ အလုပ်ဆောင်ခဲ့သမျှ ကံသုံးပါးအားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်။ မှတ်ဉာဏ်ကောင်းနည်း နည်းလမ်းကောင်း။ အိပ်ခါနီးမှာ အာနာပါနာနှင့် စိတ်ခန္ဓာအိမ်ကို သန့်ရှင်း၊ တစ်နေ့တာဖြတ်သန်းခရီးကို အိပ်စက်ခြင်းဖြင့် အနားပေးပင်စင်အို၏ ပုံမှန်လည်ပတ်ခရီးတိုလေး။

တစ်နေ့တာအလုပ် အနှစ်ချုပ်လိုက်ပါလျှင် ညမနက်ပုံမှန် အိမ်နှင့်ရုံးမှာ တစ်နေ့လေးကြိမ် အိမ်သာဆေးကြော၊ ရုပ်နာမ်ခန္ဓာနှစ်ဝကို နှစ်ကြိမ်စီသန့်စင်။ ရုံးချိန်တွင် စာဖတ်စာရေး၊ မေးလာသမျှ အကြောင်းခြင်းရာပေါင်းစုံကို နှုတ်၏စောင်မခြင်းဖြင့် ကြည်ကြည်ဖြူဖြူ ကုသိုလ်ယူ။ ကြုံလာ သမျှလောကဓံကို "ယောနိသော မနသိကာရ" နှင့် ဖြေလျှော့ပြဟ္မစိုရ်ပွား ပေ့ါပေ့ါပါးပါး။

တစ်နေ့တွင် ကျွန်တော့်ဘဝ၏ ဒုတိယအမေ၊ ကျောက်ဖြူဆရာအတတ်သင်ကျောင်းအုပ်ကြီး (ငြိမ်း) ဆရာမကြီး ဒေါ်တင်မေ၏ နာရေးရက်လည် ဆွမ်းသွတ်အလှူသို့ ရောက်သွားသည်။ ဆရာမကြီးအားရည်စူး၍ မိသားစုအလှူ ရဝေနွယ် (အင်းမ)၏ 'ကျန်ရှိနေတဲ့သက်တမ်းကို ဘယ်လိုနေမလဲ' တရားစာအုပ်လေး လက်ဆောင်ရလာသည်။ ဘဝနေညိုချိန်မှာ "သီလ၊ သမာဓိ၊ ပညာ" သိက္ခာသုံးပါးနှင့်အညီ နေတတ်အောင် လမ်းညွှန်ပေးထားခြင်း။ ဆရာတော်၏ စာအုပ်ကိုဖတ်ရင်း ကျွန်တော့်ဘဝ တစ်နေ့တာခရီး ဤစာစုကို ဘဝတူများသို့ရည်ရွယ် ပညာရှိသတိဖြစ်ခဲ ရေးဖြစ်ပါသည်။

လူ့ဘဝသက်တမ်းသည် ရေပွက်ပမာ တစ်သက်လျာတိုတိုလေး။ ထိုဘဝကိုတောင်မှ ရခဲသည်ဟုဆိုထားသည်။ နေ့ကိုလစား လကိုနှစ်စားနှင့် ပင်စင်အိုများဘဝသက်တမ်းသည် အချိန်ကာလ၏ တိုက်စားမှုအောက် တဖြောက်ဖြောက်နှင့် လွင့်ပျောက်ပျက်ပြယ် ကုန်သလောက်ဖြစ်သွားပါပြီ။ မိုးကုတ်ဆရာတော်ကြီး၏ စကားသုံးခွန်းကို မှတ်သားဖူးပါသည်။ နှစ်ခွန်းမှာ ဗုဒ္ဓညွှန်ပြ အနှစ်အသားကို ပြန်လည်ဟောပြခြင်း။ (၁) သောတာပန်ဖြစ်ချင်လျှင် ဒိဋ္ဌိကိုဖြုတ်၊ (၂) သကဒါဂါမ် မင်ဖို့ဉာဏ်ကိုရလိုက တဏှာကို ပယ်သတ်ပါဟူ၏။ လိုရင်းတိုရှင်း ဗုဒ္ဓ၏ အနှစ်စကား။ ဒိဋ္ဌိနှင့် တဏှာ၏ အကျယ်သဘောကို လေ့လာထားသူတိုင်း သိပါသည်။ သုံးခွန်းမြောက်စကားမှာ ဆရာတော်ကြီး၏ ပုထုဇဉ်များသို့ သတိပေးထား "အသေမဦးခင် ဉာဏ်ဦးအောင်ကြိုးစားကြ" ဟူသော ကရုဏာစကား။ "အတ္တာဟိ အတ္တနော နာထော" ဒေသနာတော်လာ စကားနှင့်အညီ မိမိကိုယ်သည်သာ ခိုကိုးရာအစစ်အမှန်မို့ အချိန်ရှိခိုက် လုံ့လစိုက်ဖို့ ပညာရှိသတိဖြစ်ခဲ အသိပေးခဲ့ခြင်း။

နေညိုချိန်တိမ်တောက် လောကကိုအလှဆင် နေမင်းကြီးကဲ့သို့ မစွမ်းဆောင်နိုင်သည့်တိုင် မိမိဘဝကို ကိုယ်တိုင်တည်ဆောက် နေညိုချိန်ခရီးမှာ ငြိမ်းချမ်းသာယာရှိနိုင်ကြပါစေ။ ။

## မင်းတုန်းမြို့နယ်အခြေပြု မူလတန်းဆရာ အတတ်ပညာ အထူးသင်တန်းဆင်း

**မင်းတုန်း ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်တွင် အခြေခံပညာဦးစီးဌာန အခြေခံပညာအထက်တန်းကျောင်းတွင် ဇွန် ၈ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အခြေပြု မူလတန်းဆရာအတက်ပညာ အထူးသင်တန်း (၂/၂၀၁၅) ဆင်းပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားတွင် မြို့နယ်ပညာရေးမှူးက သင်တန်းတွင်ပို့ချခဲ့သော သင်ခန်းစာများအား မိမိတာဝန်ကျရာဒေသတွင် တာဝန်ထမ်းဆောင်ကြသည့်အခါ ထပ်ဆင့်သင်ကြားပို့ချပေးစေလိုကြောင်း ပြောကြားခဲ့သည်။

**သက်ထွန်း(မင်းတုန်း)**

### ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
### တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
### ၂၀၁၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၇၉

ဒေါ်သန်းသန်းဌေး (တရားနိုင်) နှင့် ဒေါ်ညွန့်တင် (တရားရှုံး)

အမှတ်(၄/၃/၂၈၄)၊ ရွှေသို့လမ်း၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) တရားရှုံး သိစေရမည်။

သင့်အပေါ်၌ တရားနိုင်က ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၆၇ တွင် တရားလိုက တရားပြိုင်များအပေါ် မြေကွက်နှင့်နေအိမ်အား တရားဝင်မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုတွင် အနိုင်ဒီကရီချမှတ်ခဲ့ပြီး ယခုဇာရီမှု တွင် ဒီကရီကိုအတည်ပြုပေးရန် ဆောင်ရွက်ခဲ့ရာ လျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၆ ရက် (၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။

၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ယုအောင်)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

### တစ်ဦးတည်းပိုင်ဆိုင်ကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (တ/၁၅)ရပ်ကွက်၊ ရတနာသီရိလမ်း၊ အမှတ်(၂၀၄၆/ခ)ဟုခေါ်တွင်သော အလျားပေ(၆၀) × (၂၀)အနံပေရှိသော အိမ်၊ ခြံ၊ မြေသည် ဒေါ်မိုးမိုးလွင်တစ်ဦးတည်းသာ ပိုင်ဆိုင်ပါသည်။ ၎င်းမြေကွက်ပေါ်၌ ကျူးကျော်၍နေထိုင်သူအား တည်ဆဲဥပဒေအရ အရေးယူသွားမည် ဖြစ်ပါသည်။

ဒေါ်မိုးမိုးလွင်[၇/တငန(နိုင်)၀၃၅၂၁၀]

### နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် ကိုမင်းကျော်ဇော[၁၀/ကထန(နိုင်)၀၆၃၄၄၇]နှင့် ကျွန်မမဖြူစင်ချမ်းမြေ့[၁၀/မလမ(နိုင်)၂၀၇၉၈၃]တို့သည် သံဖြူဇရပ်မြို့နယ်တရားရုံးတွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

ကိုမင်းကျော်ဇော-မဖြူစင်ချမ်းမြေ့

### မွန်ပြည်နယ်၊ သထုံခရိုင် လမ်းဦးစီးဌာန
### ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ လမ်းဦးစီးဌာန သထုံခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တာဝန်ယူဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူ လိုပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ကြောင်း ကြေညာအသိပေး အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာရယူနိုင်သည့် - ၁၂-၆-၂၀၁၅ ရက်(သောကြာနေ့)
နေ့ရက်/နေရာ - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန သထုံခရိုင်-သထုံမြို့။

(ခ) တင်ဒါလျှောက်လွှာပိတ်မည့်နေ့ရက် - ၁၉-၆-၂၀၁၅ ရက်(သောကြာနေ့)

(ဂ) တင်ဒါလျှောက်လွှာဖွင့်မည့်နေ့ရက် - ၁၉-၆-၂၀၁၅ ရက်(သောကြာနေ့)
အချိန် - နံနက် ၁၀း၀၀ နာရီ

(ဃ) တင်ဒါလျှောက်လွှာဖွင့်မည့်နေရာ - ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

အသေးစိတ်အချက်အလက်များကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ သထုံခရိုင်-သထုံမြို့၊ ဖုန်း-၀၅၇-၄၀၀၄၆ တွင် (ရုံးချိန်အတွင်း) ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၅၇-၄၀၀၄၆

### ဖခင်အမည်မှန်

ဘိုကလေးမြို့၊ အထက(၁) အဌမတန်း(F)မှ မောင်ထက်ဝေယံဦးနှင့် မူလွန်ကြံခင်း ပထမတန်းမှ မရွှန်းရတီ၏ဖခင်အမည်မှန်မှာ ဦးမိုးမိုး[၁၄/ဘကလ(နိုင်)၁၇၀၈၁၄]ဖြစ်ပါကြောင်း။

ဖခင်-ဦးမိုးမိုး

### ရောင်းမည်

မြေကွက် ပေ(၅၀×၆၀)၊ နဝရတ်လမ်း၊ (၅)ရပ်ကွက်၊ ရွှေကမ်းသာယာအိမ်ရာဝင်းနှင့် FMI ဝင်းဘေး၊ သိန်း(၁၂၀၀)

ဖုန်း-၀၉-၈၆၁၈၆၁၃

### အများသိစေရန်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ အိမ်အမှတ်(၃၇)နေ ဒေါ်ခင်တင့်[၁၂/ကမရ(နိုင်)၀၁၈၄၁၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများ သိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်တင့်နှင့်ခင်ပွန်းဖြစ်သူ ဦးရင်ထွန်း[၁၂/ကမရ(နိုင်)၀၁၈၄၁၅]တို့၏ စတုတ္ထမြောက်သားဖြစ်သူ မောင်သိန်းထွဋ်[၁၂/ကမရ(နိုင်)၀၁၇၆၅၈]အပေါ် ထည့်သွင်း ကြော်ငြာထားသော ၃၀-၇-၂၀၀၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၈)၊ ကော်လံ(၇)၌ ပါရှိသော သားအဖြစ်မှစွန့်လွှတ်ခြင်းကြေညာချက်အား မိခင်ဖြစ်သူ ဒေါ်ခင်တင့်အနေဖြင့် ယနေ့ မှစ၍ ပြန်လည်ရုပ်သိမ်းပြီး အမွေစား၊ အမွေခံသားဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ဒေါ်ခင်တင့်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဝင်း
တရားလွှတ်တော်ရှေ့နေ
စဉ်(၃၈၈၉)
တိုက်(၆၂)၊ အခန်း(၂၀၁)၊ မင်္ဂလာသုခလမ်း၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

### ဦးအေးချို(ဘ)ဦးမောင်ပုနှင့် အများသိစေရန် ကန့်ကွက်ကြော်ငြာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်အေး၏ လွှဲအပ် ညွှန်ကြားချက်အရ ဦးအေးချိုနှင့် အများသိစေရန် အောက်ပါအတိုင်း ကန့်ကွက် ကြော်ငြာအပ်ပါသည်။

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၁၀၈၅၊ ဧရိယာပေ(၄၀ × ၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်အနက်မှ မြေကွက်ခေါင်းရင်းဘက်ခြမ်း ပေ(၂၀ × ၆၀)ရှိ အစိတ်အပိုင်းမှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်အေးအပါအဝင် မောင်နှမ ၅ ဦးတို့၏ အမွေဆိုင်မြေကွက်ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေနှင့် မောင်နှမများ၏ သဘောတူခွင့်ပြုချက်မပါရှိဘဲ ဦးအေးချို အပါအဝင် မည်သူမဆို အဆောက်အအုံဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း စသည်တို့ကို လုံးဝမပြုလုပ်ရန် ဦးအေးချိုနှင့် အများသိစေရန် ကန့်ကွက်ကြော်ငြာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးဝင်းစိုး(LL.B,DB.L,DI.L) တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၅၀၈၀၄၃၂

# စစ်တွေမြို့နယ်တွင် တောင်သူပညာပေး မျိုးစပါး စိုက်ပျိုးရေးနှိုးဆော်ချက် ဆိုင်းဘုတ်များ စိုက်ထူ

**စစ်တွေ ဇွန် ၁၂**

မိုးစပါးစိုက်ပျိုးရာသီ ရောက်ရှိလာပြီဖြစ်သဖြင့် စစ်တွေမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများ စိုက်ပျိုးရေးနည်းပညာ ဗဟုသုတရရှိစေရန်အတွက် မြို့နယ်အတွင်းကျေးရွာအုပ်စုများရှိ လမ်းဆုံလမ်းခွဲနေရာ ၁၄ နေရာတို့တွင် တောင်သူပညာပေး မျိုးစပါးစိုက်ပျိုးရေး နှိုးဆော်ချက်များကို စိုက်ထူလျက်ရှိကြောင်း သိရသည်။

အဆိုပါ မျိုးစပါးစိုက်ပျိုးရေး နှိုးဆော်ချက်တွင် နွေထယ်ရေးခံပါ၊ ပိုးမွှား၊ ရောဂါကျခဲ့သည့် လယ်ကွက်များကို မီးရှို့ပါ။

"သဘာဝမြေဩဇာကို မဖြစ်မနေအသုံးပြုပါ၊ ဓာတ်မြေဩဇာကို အချိုးကျသုံးစွဲပါ၊ အချိန်မီ သီးထပ်စိုက်ပျိုးနိုင်ရန်အတွက် ဇူလိုင်လအတွင်းအပြီးစိုက်ပျိုးရန်နှင့် သက်လျင်အထွက်ကောင်းမျိုးကို အသုံးပြုပါ၊ ပျိုးထောင်၍စိုက်ပျိုးလျှင် ပျိုးသက် ၂၀ ရက်အတွင်း ရွှေ့ပြောင်း၍ အတန်းလိုက်စိုက်ပျိုးပါ၊ ကြဲပက်စိုက်ပျိုးလျှင် ၁၀ ပေအကွာတွင် ၁ ပေ ခွဲတန်းလှပ်၍ ခပ်ပါးပါးကြဲပါ၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် ပေါင်းသတ်ဆေး အသုံးပြုပါ (သို့မဟုတ်) လက်ဖြင့်နုတ်ပါ၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ပါ၊ အကူအညီရယူလိုပါက နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ" စသည့် အချက်များပါဝင်ကြောင်း သိရသည်။

**ဇော်နိုင်ထွန်း** (IPRD)



# ခြံထွက်ငှက်ပျောသီးများကို မိုဘိုင်း စနစ်ဖြင့် လှည့်လည်ရောင်းချ

**မန္တလေး ဇွန် ၁၂**

မန္တလေးမြို့ပေါ်တွင် ငှက်ပျောသီးမှည့်များကို သဘာဝဓာတ်စာအဖြစ် ရောင်းချသူတို့ ရောင်းအားကောင်းလျက်ရှိပြီး မန္တလေးမြို့ပေါ်တွင် ဆေးဖက်ဝင်ငှက်ပျောသီးများကို သုံးဘီးဆိုင်ကယ်များဖြင့် လှည့်လည်ရောင်းချကြကြောင်း သိရသည်။

ကိုယ်ပိုင်ခြံများမှ ထွက်သော ငှက်ပျောသီးများကို စားသုံးသူထံသုံးဘီးဆိုင်ကယ်များဖြင့် တိုက်ရိုက်ဖြန့်ချိရောင်းချကြပြီး ယခုနှစ်တွင် ငှက်ပျောသီးဈေးအေးသော်လည်း ဇွန်လဆန်းပိုင်းမှစကာ ဈေးပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

ယခုအခါ မိုဘိုင်းငှက်ပျောသီးရောင်းချရာတွင် တစ်ဖီးလျှင် ကျပ် ၆၀၀ မှစကာ ရောင်းချ၍ ဒေသခံများက တန်ဖိုးနည်းဆေးဖက်ဝင် အစားအစာဟုပင်ဆိုကာ ဝယ်ယူစားသုံးကြပြီး မိုဘိုင်းငှက်ပျောသီးသည်များမှာ လမ်းဘေးဆိုင်များ၊ အိမ်များတွင် တိုက်ရိုက်ဖြန့်ချိသည့်အတွက် ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

ငှက်ပျောသီးသည် ဒေသအနှံ့ စိုက်ပျိုးနိုင်ပြီး စိတ်ဓာတ်ကျခြင်း၊ ဝမ်းမမှန်ခြင်း၊ နှလုံးပူခြင်း၊ ကျောက်ကပ်ကင်ဆာ၊ ဆီးချို၊ လေးဘက်နာ၊ အမြင်အာရုံ အားနည်းခြင်းတို့ကို သက်သာပျောက်ကင်းစေသည်။ ငှက်ပျောသီးပုံမှန်စားသုံးခြင်းဖြင့် လူတွင်လိုအပ်သော ပိုတက်ဆီယမ်များစွာရရှိကာ နှလုံးသွေး ကြောပျက်ဆီးခြင်း၊ သွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်းတို့ကို ကာကွယ်ပေးသည်အထိ ဆေးဖက်ဝင်သည်။

ငှက်ပျောသီးစားပါက အားရှိ၍ စိတ်ဓာတ်ကျမှုသက်သာကာ စိတ်ဓာတ်ခွန်အားကို တက်ကြွစေသည်။ ဝိတ်လျှော့လိုသူများသည် ငှက်ပျောသီးကို စားလေ့ရှိကြသည်။ ငှက်ပျောသီးသည်အဆီပိုများကို လောင်ကျွမ်းစေသည်ဟုဆိုကြသည်။ အမြင်အာရုံကောင်းကာ မျက်ကြည်လွှာကို စိုစွတ်လှပစေ၍ အမျိုးသမီးများ စားသုံးသင့်သော ဆေးဖက်ဝင်သစ်သီးပင်ဖြစ်သည်။ အရိုးသန်မာခြင်း၊ ကျောက်ကပ်ကင်ဆာ ရောဂါကာကွယ်ခြင်းတို့အထိ ဆေးဖက်ဝင်ကြောင်း သိရသည်။

**တိမ်တမန်**

# ကိုရီးယားပစ္စည်းပြပွဲ၌ ကုမ္ပဏီများမှ အထူးနှုန်းဖြင့် မိတ်ဆက်ရောင်းချ

**မန္တလေး ဇွန် ၁၂**

မြန်မာ-ကိုရီးယားသမ္မတနိုင်ငံ သံတမန်ဆက်သွယ်မှုနှစ်(၄၀)ပြည့်အထိမ်းအမှတ် ကိုရီးယားထုတ်ကုန်ပစ္စည်းပြပွဲကို မန္တလေးမြို့ မြို့တော်ခန်းမတွင် ဇွန် ၉ ရက်မှ ၁၂ ရက်အထိ ကျင်းပရာ မန္တလေးမြို့တော်ဝန် ဦးအောင်မောင်း တက်ရောက်ပြီး ဖွင့်လှစ်ပေးခဲ့သည်။

ကိုရီးယားကုန်စည်ပြပွဲကို မန္တလေးမြို့တွင် ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ပြီး ကိုရီယားကုန်သည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအသင်း၊ KOOK MIN BANK၊ ကိုရီးယား AYI Co.,Ltd တို့မှ ကြီးမှူးကျင်းပခြင်းဖြစ်သည်။

ကိုရီးယားကုန်စည်ပြပွဲတွင် ကိုရီးယားနိုင်ငံထုတ် မော်တော်ယာဉ်များ၊ စက်မှုလယ်ယာပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်အလှဆင်ပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အင်ဂျင်ဝိုင်များ၊ ယာဉ်အလှဆင်ပစ္စည်များ၊ ဟန်းဆက်များ၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်များ၊ မီးဖိုချောင်သုံးပစ္စည်းများအား ကုမ္ပဏီများမှ တိုက်ရိုက်မိတ်ဆက်၍ အထူးနှုန်းဖြင့်ရောင်းချပေးကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# မြို့နယ်အခြေပြု မူလတန်းဆရာ အတတ်သင် အထူးသင်တန်းဆင်း

**မိုင်းဖြတ် ဇွန် ၁၂**

တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့တွင် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ အထူးသင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၈ ရက် နံနက် ၈ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်းရှိ ရွှေလီခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင်များ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊သင်တန်းသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

အဆိုပါ သင်တန်းသို့ မိုင်းဖြတ်မြို့နယ်မှ နေ့စားလပေးဆရာ၊ ဆရာမ ၂၃ ဦး၊ မိုင်းယောင်းမြို့နယ်မှ နေ့စားလပေး ဆရာ၊ ဆရာမ ၆၃ ဦး စုစုပေါင်း ၈၆ ဦး တက်ရောက်ပြီး သင်တန်းအား မေ ၄ ရက်မှ ဇွန် ၈ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **ရှောလမွန်** (Iprd)


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၂၁)မြေညီထပ် (ခေါင်းရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်တို့ ကို ပိုင်ရှင်ဖြစ်သူ ဒေါ်တင်တင်အုန်း[၁၂/ တမန(နိုင်)၀၁၁၉၀၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ တစ်ဦးက ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)
**LL.B, D.B.L, D.ML, D.I.L, D.L.P, WIPO (Switzerland)**
ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)
**B.Sc,Hon(IC), HGP,R.L, D.B.L**
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
**Tel-294866, HP:09-5017044,09-73107094**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၁၃၆)၊ ပထမထပ်၊ မျက်နှာမူလျက် (ညာ)ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဦးဇော်နိုင်ဦး[၁၂/လကန(နိုင်)၀၃၇၇၇၄]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)
**LL.B, D.B.L, D.ML, D.I.L, D.L.P, WIPO (Switzerland)**
ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)
**B.Sc,Hon(IC), HGP,R.L, D.B.L**
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
**Tel-294866, HP:09-5017044,09-73107094**

## TAXI နေ့မောင်း အလိုရှိသည်

ဖင်ကောက်၊ ပဲခြမ်း(အဖြူရောင်)
CNG ၇၀အိုး၊ ၁၄၀၀၀/-နှုန်း
(စပေါ် ၂သိန်း) လမ်းမတော်မြို့နယ်။
ဖုန်း-၀၉-၄၃၁၈၄၈၉၄

## ဝန်ထမ်းအလိုရှိသည်

စာရင်းကိုင် မ(၁)ဦး
- ဘွဲ့ရ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်။

လျှောက်ထားလိုသူများသည် လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ကြော်ငြာပါသည့် နေ့မှစ၍ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

တိုက်(၂)၊ အခန်း(၂၂)၊
ဝေပုလ္လအိမ်ရာ၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း၀၉-၇၃၀၈၉၅၆၂၊
၀၉-၂၅၂၀၃၄၉၅၉

## သားအဖြစ်မှစွန့်လွှတ်ခြင်း

တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သမိန်ဗရမ်းလမ်းတိုနေ အဖ ဦးအေးကျော် အမိ ဒေါ်ရှုလွမ်၏ သားငယ်ဖြစ်သူ မောင်ဇင်အောင်ကျော်(ခ)မျောက်ရှုံး မှတ်ပုံတင်အမှတ်[၁၀/မလမ(နိုင်)၁၅၂၈၀၁] ကိုင်ဆောင်သူသည် မိဘမောင်နှမများအား အကြိမ်ကြိမ်ဒုက္ခဆင်းရဲမှုကြုံအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝ မှန်သမျှကို လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ ဦးအေးကျော်-ဒေါ်ရှုလွမ်

## Proudly Sponsored by MCC Foundation

MCC Foundation
THE GLOBAL COMPACT
WE SUPPORT

### MCC Foundation မှ ချီးမြှင့်မည့် ပညာသင်ဆု (Scholarship) နှင့် ပညာသင်ထောက်ပံ့ကြေး (Stipend) အစီအစဉ်

မြန်မာနိုင်ငံလူငယ်၊ လူရွယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာတစ်နိုင်ငံလုံးရှိ အနယ်နယ်အရပ်ရပ်တွင် MCC Foundation အစီအစဉ်ဖြင့် MCC Franchise Center များမှ ဒေသအလိုက် ICT နည်းပညာများကို ဝင်ငွေနည်း မိသားစုများအတွက် အခမဲ့သင်ကြားပေးလျက်မှုများရှိပါသည်။

ထိုကဲ့သို့သော CSR (Corporate Social Responsibility) လုပ်ငန်းများပြုလုပ်ပေးသည့်အတွက် UN Globle Compact အဖွဲ့ဝင်အဖြစ် ကမ္ဘာ့ကုလသမဂ္ဂ (UN) မှ အသိအမှတ်ပြုခံထားရသော ကုမ္ပဏီလည်း ဖြစ်ပါသည်။ (၂၀၁၅-၂၀၁၆) ပညာသင်နှစ်တွင် MCC Foundatoin အနေဖြင့် (ကျပ်သိန်း ၅၀၀၀) ကျော်တန် ပညာသင်ဆု နှင့် ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်သွားမည်ဖြစ်ပါသည်။

- MCC Campus အသီးသီးရှိ သင်တန်းများသို့ လာရောက်အပ်နှံမည့်သူများအတွက် မည်သူမဆို ဂုဏ်ထူး (၁)ဘာသာလျှင် ကျပ် (၁သိန်း) သင်တန်းကြေးကင်းလွတ်ခွင့်ကို လျှောက်ထားရန်မလိုပဲ ခံစားနိုင်မည်ဖြစ်ပါသည်။
- ထူးချွန်ပညာသင်ဆုပေးမည့် အစီအစဉ် -
  * ဂုဏ်ထူး (၅ - ၆) ဘာသာရရှိသူ - သင်တန်းကြေး (၁၀၀%) ကင်းလွတ်ခွင့်
  * ဂုဏ်ထူး (၃ - ၄) ဘာသာရရှိသူ - သင်တန်းကြေး ( ၇၅%) ကင်းလွတ်ခွင့်
  * ဂုဏ်ထူး (၁ - ၂) ဘာသာရရှိသူ - သင်တန်းကြေး ( ၅၀%) ကင်းလွတ်ခွင့်
- ပညာသင်ထောက်ပံ့ကြေး အနေဖြင့် ဂုဏ်ထူး (၃) ဘာသာနှင့် အထက်ရရှိသော ချို့တဲ့နွမ်းပါးသည့် ကျောင်းသား/သူများအား သင်တန်းကြေး (၅၀%)ကင်းလွတ်ခွင့်ပေးသွားမည်ဖြစ်ပါသည်။ ယင်းပညာသင်ဆုများနှင့် ပညာသင်ထောက်ပံ့ကြေးများအတွက် လျှောက်ထားရန်လိုအပ်ပါသည်။
- အစိုးရအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများအတွက် အထူးအစီအစဉ်ဖြင့် ကျောင်းတစ်ကျောင်းခြင်းအလိုက် အောက်ပါ ပညာသင်ဆုနှင့် ထောက်ပံ့ကြေးအခွင့်အရေးများခံစားနိုင်ရန် စီစဉ်ထားပါသည်။ ကျောင်းတစ်ကျောင်းတွင် -
  * ဂုဏ်ထူး (၃) ဘာသာနှင့် အထက် - သင်တန်းကြေး (၁၀၀%) ကင်းလွတ်ခွင့် (၁)ဦး
  * ဂုဏ်ထူး (၂) ဘာသာနှင့် အထက် - သင်တန်းကြေး ( ၅၀%) ကင်းလွတ်ခွင့် (၂)ဦး
  * ဂုဏ်ထူး (၁) ဘာသာနှင့် အထက် - သင်တန်းကြေး ( ၂၅%) ကင်းလွတ်ခွင့် (၃)ဦး

ကျောင်းအတွက် ပေးအပ်မည့် ပညာသင်ထောက်ပံ့ကြေး ဦးရေမှာ -
  * ဂုဏ်ထူး (၃) ဘာသာနှင့် အထက် - သင်တန်းကြေး ( ၅၀%) ကင်းလွတ်ခွင့် (၂) ဦး ထပ်မံပေးအပ်သွားမည်ဖြစ်ပါသည်။

MCC APP
Google play

အသေးစိတ်အစီအစဉ်များ သိရှိရန်နှင့် MCC APP ကိုအသုံးပြုပြီး လျှောက်ထားနိုင်ပါသည်။
f www.facebook.com/mcc.institute
Hot-Line : 01-246634, 01-2304156

## အတ္ထုပ္ပတ္တိ

*၁၉၃၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း ဆရာရေးသားခဲ့သော ဆောင်းပါးအများစုအနက် ဗိုလ်တထောင်သတင်းစာပါ 'ပွင့်ပွင့်လင်းလင်းပြောပါရစေ' ကဏ္ဍမှ ဆောင်းပါးများနှင့် မြန်မာ့အလင်း၊ အိုးဝေ၊ သွေးသောက်၊ ရှုမဝ စသည့် သတင်းစာ၊ မဂ္ဂဇင်းများမှ ဆောင်းပါးများအား အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ဆရာသိန်းဖေမြင့်၏ အလွှာစုံ နယ်ပယ်စုံမှ လူပုဂ္ဂိုလ်အကြောင်းပြု အနုပညာမြောက်ရေးဖွဲ့မှုနှင့် 'မူ' အပေါ် အလေးအနက်ထားရေးသားထားမှုတို့ကို တည်းဖြတ်ခြင်းမပြုဘဲ မူရင်းအတိုင်း ဖတ်ရှုရခြင်းဖြင့် လူပုဂ္ဂိုလ်အတ္ထုပ္ပတ္တိစာပေ၏ သရုပ်သကန်ကိုသိရှိလိမ့်မည်ဟု ယုံကြည်ပါသည်။*

**à** သိန်းဖေမြင့်

# သခင်ကိုယ်တော်မှိုင်း ဆိုတာဘာလဲ



မျိုးချစ်စာဆိုကြီး သခင်ကိုယ်တော်မှိုင်းကွယ်လွန် အနိစ္စရောက်ပြီးနောက် အများသူငါရေးကြသားကြတာ၊ ပြောကြ ဆိုကြတာကိုထောက်ပြီး သခင်ကိုယ်တော်မှိုင်း ဆိုတာ ဘာလဲလို့ အမေးအဖြေလုပ်ရန် စိတ်ကူးပေါက်လာတယ်ဗျ။

သခင်ကိုယ်တော်မှိုင်းကွယ်လွန်အနိစ္စရောက်ခြင်းကို မြင်းမိုရ်တောင်ကြီးပြိုလဲတယ်။ နေမင်းကြီးကွယ်တယ်၊ လမင်း ကြီးကြွေကျတယ်စသည်ဖြင့် စကားအရာတင်စားပြောဆိုကြတာကို ကျွန်တော်ဘာမျှ ဝေဖန်စရာအကြောင်းမရှိဘူးဗျ။ ဆုံးရှုံးမှုကို လေးနက်ထင်ရှားအောင် သည်လိုပဲရေးကြ ပြောကြရတာပဲ။ ဒါပေမယ့် ကျွန်တော်တို့ မြန်မာသမိုင်းမှာ ဆရာကြီးသခင် ကိုယ်တော်မှိုင်း ပါဝင်ကပြသွားတဲ့ အခန်းကဏ္ဍနှင့် ပတ်သက်လို့တော့ အချို့သော အယူအဆတွေကို ဝေဖန်တင်ပြမှဖြစ်မယ်လို့ ကျွန်တော်ထင်တယ်ဗျ။

ဆရာကြီးကို အဆုံးစွန်သင်္ဂြိုဟ်ရန် မြေနေရာရွေးချယ်ရင်း ငြင်းကြ၊ ခုန်ကြ၊ ပြောဆိုကြရာမှ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ ဘာလဲဆိုတာ လူအများအပြား မပြတ်သားကြကြောင်းတွေ့နေရတယ်။ ဆရာကြီးကို ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ အာဇာနည်းကုန်းမှာ သင်္ဂြိုဟ်ခြင်သူတွေ အဆိုအရ ဆရာကြီးဟာ အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေး ဖခင်ကြီး၊ ငြိမ်းချမ်းရေးဖခင်ကြီးဖြစ်တယ်။ ဆရာကြီးဟာ အာဇာနည်ကြီး ဖြစ်တယ်။ ဆရာကြီးဟာ ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားအာဇာနည်များရဲ့ ဘိုးအေကြီးဖြစ်တယ်။ အာဇာနည်တကာတို့၏ အာဇာနည်ဖြစ်တယ်။

အမှန်ကတော့ သူတို့တစ်တွေဟာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဘာလဲဆိုတဲ့ ပြဿနာကို လေးလေးနက်နက် မစဉ်းစားဘဲနှင့် ဆရာကြီးအား ကြည်ညိုမှု၊ လေးစားမှု အပြိုင်အဆိုင်ပြရန် စကားလုံးအကောင်းဆုံးများ ရွေးချယ်နေကြ ခြင်းသာဖြစ်တယ်လို့ ကျွန်တော်ဆိုချင်တယ်။ ခေတ်ပြောင်းတော်လှန်ရေးတစ်ရပ်မှာ တော်လှန်ရေးတစ်ရပ်လုံးခြုံပြီး ခေါင်းဆောင်မှုရယူသူ တစ်ဦးရှိရတယ်။ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စစ်ရေးစသော အရေးအားလုံးကို အကျုံးဝင်တဲ့ တော်လှန်ရေးကြီးကို ခေါင်းဆောင်သူဖြစ်ရတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ နယ်ချဲ့ပဒေသရာဇ် ဆန့်ကျင်ရေး၊ တော်လှန်ရေး(ဝါ)အမျိုးသားဒီမိုကရေစီတော်လှန်ရေးကို ခေါင်းဆောင်သွားကြသူတွေထဲမှာ အထွတ်အထိပ်ရောက်သွားခဲ့သူကတော့ ဗိုလ်ချုပ်အောင်ဆန်းဖြစ်တယ်။ သူ့နေရာကို ဘယ်သူတက်လိုချင်လို့မှလည်း မရဘူး။ ဘယ်သူ့ကိုမျှကိုယ်ကဆွဲတင်ချင်လို့လည်း ဖြစ်တာမဟုတ်ဘူး။ သမိုင်းက တင်ပြသွားတာဖြစ်တယ်။

ဒီအမျိုးသားဒီမိုကရေစီတော်လှန်ရေးမှာ မပါမပြီးအလွန့်အလွန်အရေးကြီးတဲ့အပိုင်း၊ ပြည်သူလူထုရဲ့အတွေးအခေါ်နှင့် စိတ်ဓာတ်ကို ခေါင်းဆောင်ရတဲ့ အပိုင်းကတော့ နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်ရေး၊ ယဉ်ကျေးမှုတော်လှန်ရေး(ဝါ) အမျိုးသားဒီမိုကရေစီယဉ်ကျေးမှုတော်လှန်ရေးကြီးဖြစ်တယ်။ မြန်မာ့သမိုင်း၏ အမျိုးသားယဉ်ကျေးမှု တော်လှန်ရေးကို ခေါင်းဆောင်သူတွေထဲမှာ အထွတ်အထိပ်ရောက်သူကတော့ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဖြစ်တယ်။ ဒီကိစ္စကိုသမိုင်းက အဆုံးအဖြတ်ပေးပြီးဖြစ်တယ်။ သို့ပေမယ့် ဆရာကြီးကို အကြည်ညိုလွန်၍ဖြစ်စေ၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အခန်းကဏ္ဍကို သဘောမပေါက်၍ဖြစ်စေ၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဝါဒသဘောတရားနှင့် လမ်းစဉ်များကို ခုထိလက်မခံနိုင်၍ဖြစ်စေ၊ အခြားနိုင်ငံရေးဂိုဏ်းဂဏဝါဒများကြောင့်ဖြစ်စေ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို အမျိုးသားဒီမိုကရေစီတော်လှန်ရေးတစ်ခုလုံးရဲ့ ခေါင်းဆောင်အဖြစ်ဖြင့်တင်လျက်တင်တင်ရှိမှာပဲ။ သူတို့ဟာ ဖြစ်ရပ်အမှန်နှင့် ကင်းကွာနေရုံသာရှိမှာပဲ။ သမိုင်းကတော့ သူ့နေရာနှင့်သူ ထားပြီးဖြစ်တယ်။ ဒါကြောင့်ပေါ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းဟာ အမျိုးသားယဉ်ကျေးမှုတော်လှန်၏ ခေါင်းဆောင်သာဖြစ်တယ်။ သည်ထက်လျှော့လည်း မလျှော့ဘူး။

**အာဇာနည်နှင့် MARTYR**

နယ်ချဲ့သမား၏ လက်ပါးစေများလုပ်ကြံမှုဖြင့် ဗိုလ်ချုပ်အောင်ဆန်းတို့တစ်တွေ ကျဆုံးတဲ့အခါမှာ ဗိုလ်ချုပ်အောင်ဆန်းတို့ကို အင်္ဂလိပ်လို Martyrs လို့ခေါ်ပြီး မြန်မာလို အာဇာနည်လို့ခေါ်လိုက်ကြတယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့မြှုပ်နှံရာကုန်းကို အာဇာနည်ကုန်းလို့ခေါ်တယ်။ အင်္ဂလိပ်လို Martyrs' Mausoleကာ လို့ခေါ်ကြတယ်။ (Martyr) ဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ကတော့ အရေးတော်တစ်ခုခုအတွက် ဆောင်ရွက်ရင်း သတ်ဖြတ်ခံရသူ၊ သို့မဟုတ် ညှင်းပန်းနှိပ်စက်ခံရသူကို ဆိုလိုတယ်။ ရန်သူအပေါ်မှာ အနိုင်မခံ၊ အရှုံးမပေးသော စိတ်ဓာတ်ကို သေသည်အထိ ခံစားပြသွားခြင်းကို ဥဒါန်းတွင်ရစ်အောင် အာဇာနည်ကုန်း လုပ်ရခြင်းဖြစ်တယ်။

ဒါကြောင့် အသက် ၉၀ နီးပါးအထိနေပြီးမှ သေသွားသူဆရာကြီး သခင်ကိုယ်တော်မှိုင်းကို ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် မရောယှက်အပ်ဘူးလို့ ကျွန်တော်ယူဆပါတယ်။

လောကမှာ ခေါင်းဆောင်များဟာ အာဏာဖြင့်လည်းကောင်း၊ ပညာဖြင့်လည်းကောင်း၊ ပညာနှင့်အာဏာနှစ်ပါးစလုံးဖြင့်လည်းကောင်း၊ တန်ခိုးဩဇာရှိလာကြတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကတော့ ပညာဖြင့် တန်ခိုးဩဇာ ကြီးသော ခေါင်းဆောင်ဖြစ်တယ်။ (တန်ခိုးဩဇာကြီးဖို့မှာ သီလကတော့ မရှိမဖြစ်ဟု ထင်ပါတယ်။)

**သခင်ကိုယ်တောင်မှိုင်း ဘယ်လိုချီးကျူးကြမလဲ**

တချို့က သခင်ကိုယ်တော်မှိုင်းကို အာဇာနည်ကုန်းမှာ မြှုပ်မှ ချီးကျူးရာရောက်မယ်ထင်နေကြတယ်။

ကျွန်တော့်အနေဖြင့်တော့ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်လုပ်ခွင့်ရလျှင် အလောင်းကြီးကို ထာဝစဉ်တည်အောင် ဆေးစီရင်ထားတာလည်း မကြိုက်ဘူး။အကျယ်ချဲ့ပြီး သင်္ဂြိုဟ်နေတာ၊ ဂူတွေ ဘာတွေလုပ်နေတာလည်းမကြိုက်ဘူး။ နာမ်ဓာတ်နှင့် ဇီဝဓာတ်များ လုံးဝချုပ်ငြိမ်းပျောက်ကွယ်သွားတဲ့နောက် လုံးဝပျက်စီးကြေမွစပြုနေပြီဖြစ်တဲ့ ရုပ်ကလပ်ကြီးကို မီးသင်္ဂြိုဟ်ပစ်လိုက်တာ၊ ပြာကို မြေဩဇာလုပ်ပစ်လိုက်တာဟာ အကောင်းဆုံးပဲလို့ထင်တယ်။

သို့ပေမယ့် လူအများဟာ အနတ္တလို့ပြောနေကြပေမယ့် အတ္တစွဲရှိနေကြတုန်းဖြစ်တယ်။ အနိစ္စလို့ ပါးစပ်ကရွတ်ပြီး ရုပ်အလောင်းနာမည်၊ ဂုဏ်ဒြပ်စသည်တို့ကို နိစ္စဖြစ်အောင်လုပ်နေကြတယ်။

မကြာမီက မုံရွာမြို့အနီး မိုးညှင်းတောရကျောင်းတိုက်သို့ ရောက်သွားတယ်။ တောရကျောင်းတိုက်ဆိုသော်လည်း ဈေးတန်းကြီးနှင့်ဖြစ်နေပါပြီ။ ဈေးအနီးမှာ ခမ်းနားကြီးကျယ်တဲ့ ဗိမာန်ကြီးတစ်ခုဆောက်နေတယ်။ မိုးညှင်းဆရာတော် ပျံတော်မူရင် ခေါင်းသွင်းထားဖို့ ဆရာတော်ကြီးကိုယ်တိုင် စီမံတည်ဆောက်နေတဲ့ မိုးညှင်းဗိမာန်ကြီးဖြစ်တယ်။ မိုးညှင်း ဆရာတော်ရဲ့ ဂုဏ်သတင်းနှင့်အမည်အဝွန့်ရှည်ရစ်အောင် စီမံခြင်းပါပဲ။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းဈာပနကိစ္စမှာ ဘုန်းကြီးပျံဆန်ဆန် ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ်လုပ်ချင်သူတွေအတော်များတာ တွေ့ရသဗျ။ တချို့ကများ အလောင်းမှန်ခေါင်းသွင်းပြီး ဘုန်းကြီးပျံ ယောဉ်ကျူးသလိုလုပ်ဖို့ ပြောလိုက်သေးတယ်။ ကျွန်တော်က ဆရာကြီးသခင်ကိုယ်တော်မှိုင်းကိုယ်တိုင် ဘုန်းကြီးပျံများကို ကန့်ကွက်ခဲ့ပုံ တင်ပြလိုက်ရတယ်။

ဆရာကြီးကို ဂုဏ်ပြုချင်ကြတာ၊ ကျေးဇူးဆပ်ချင်တာဟာ ကောင်းပါတယ်။ သို့ပေမယ့် ဒီပကာသနနည်းတွေ၊ ဘုန်းကြီးပျံနည်းတွေနှင့် လုပ်တာထက် အခြားနည်းများရှာဖို့လိုတယ်။ အရေးအကြီးဆုံးဂုဏ်ပြုနည်းကတော့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ဘဝနှင့်အလုပ်များကို လေ့လာခြင်းနှင့် လူသိများအောင်လုပ်ကြခြင်းသာဖြစ်ပါတယ်။ ကျွန်တော်တို့လုပ်သားပြည်သူတွေဟာ ဆရာကြီးရဲ့ ပညာတွေကို အမွေရနိုင်ကြရမယ်။ ခံစားနိုင်ကြရမယ်။ ဆရာကြီးရဲ့ ပညာအမွေတွေကို အမှီပြုပြီး လုပ်သားပြည်သူတွေရဲ့ ဉာဏအင်အား တောင့်တင်းမြင့်မားစေရမယ်။ ကျွန်တော်တို့ လုပ်သားပြည်သူတွေဟာ ဆရာကြီးရဲ့ မြင့်မားသောအကျင့်သီလကို နမူနာယူကြပြီး လုပ်သားပြည်သူတွေရဲ့ အကျင့်သီလအင်အား တိုးတက်စေရမယ်။ အလောင်းမြေမြှုပ်ခြင်း၊ သို့မဟုတ် မီးသင်္ဂြိုဟ်ခြင်း၊ အထိမ်းအမှတ်ပြုခြင်း၊ ဗိမာန်ဆောက်ခြင်းစသည့်ကိစ္စတို့ကို စဉ်းစားရာမှာ ဆရာကြီးရဲ့ ပညာနှင့် အကျင့်သီလအမွေအနှစ်များကို လုပ်သား ပြည်သူများခံယူရေးကို အဓိကထားစေချင်ကြောင်းပါဗျ။

(၁၉၆၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့ထုတ် ဗိုလ်တထောင်သတင်းစာမှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရောဝတီတိုင်းဒေသကြီး ၊ ဒေးဒရဲမြို့နယ် ၊ ကမ်းနားလမ်း၊ မြေကွက်အမှတ်(J -1) ဦးမောင်ကြိုင်နာမည်အမည်ပေါက်မြေကွက်အား တစ်ဆင့်ဝယ်ယူထားသော ဦးသန်းထွန်းထံမှ အရပ်စာချုပ်ဖြင့်ဝယ်ယူထားသူ ဦးအောင်မျိုးထက် မှတ်ပုံတင်နံပါတ် (၁၄/ဒဒရ(နိုင်) ၁၂၅၆၇၇) မှ ဂရန်နာမည်ပြောင်း လျှောက်ထားရန်အတွက် ခိုင်လုံသောအထောက်အထားများဖြင့် ကြေငြာပါသည့်နေ့မှစ၍ သုံးလအတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်ခြင်းမရှိပါက ဌာန၏လုပ်ငန်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အောင်မျိုးထက်
၁၄/ဒဒရ (နိုင်) ၁၂၅၆၇၇
အမှတ်(၄၀)၊ ကမ်းနားလမ်း၊ (၂)ရပ်ကွက်၊ ဒေးဒရဲမြို့နယ်။

### အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မြောင်းမြမြို့၊ အမှတ်(၇)ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ တိုက်အမှတ်(၇) တွင် နေထိုင်သူ (ဘ)ဦးမောင်မောင်၏သမီး [၁၃/မပတ(နိုင်) ၀၂၃၇၀၄]ကိုင်ဆောင်သူ ဒေါ်နန်းနော်က မြောင်းမြမြို့၊ မြရတနာရပ်ကွက်၊ အေ (၃)လမ်း၊ အိမ်အမှတ်(၁၀၀)နေ ဒေါ်ကြည်ကြည်နုနှင့် သားဖြစ်သူ မောင်ထက်နေအောင်တို့အား မြောင်းမြမြို့နယ်ရဲစခန်းတွင် (ပ)အမှတ် ၁၄၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ဖြင့် ပထမသတင်းပေးတိုင်တန်းချက်ရေးဖွင့်ထားရာ မြောင်းမြမြို့၊ မြရတနာရပ်ကွက်၊ အေ(၃)လမ်း၊ အိမ်အမှတ်(၁၀၀)ဟုခေါ်တွင်သောအိမ်နှင့် ယင်းအိမ်ဆောက်လုပ်ထားသော ပေ(၄၀×၆၀) မြေကွက်နှင့် လိုက်(ခ်)ထရပ်မာစတာဘွန်ဂို အဖြူရောင်အမျိုးအစား ကားအမှတ် 2I-3859တို့မှာ အမှု၏သက်သေခံပစ္စည်းများဖြစ်သဖြင့် ယင်းပစ္စည်းများအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်းများ မပြုလုပ်ရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စုဇန်မြင့်လွင် (LL.B)၊ အထက်တန်းရှေ့နေ
(စဉ်-၄၀၇၈၁)
ဗဟိုမီးသတ်ဝန်ထမ်းအိမ်ရာ၊ မြောင်းမြမြို့

### သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မော်မော်သန်းသည် ကွယ်လွန်သူ မိဘများဖြစ်သော ဦးဂျိုကေစင်+ဒေါ်ချစ်မေတို့မှ မွေးဖွားသော သမီးအငယ်ဆုံးဖြစ်ပြီး၊ မိခင် ဒေါ်ချစ်မေမှာ ဒေါ်မော်မော်သန်းနှင့်အတူ နေထိုင်ရင်း လွန်ခဲ့သော (၂၀၀၇) ခုနှစ်က ကွယ်လွန်ခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေအနေဖြင့် မိခင်ကြီး မကွယ်လွန်မီကပင် ကျန်မောင်နှမများဖြစ်သော အစ်ကို ဦးလှသောင်းမိသားစု၊ ဦးထွေးမောင်မိသားစု၊ အစ်မ ဒေါ်စန်းစန်းမြင့်မိသားစုများနှင့် လူမှုရေး၊ စီးပွားရေး၊ အခြားအခြားသောကိစ္စရပ်များကို ယနေ့တိုင် တစ်စုံတစ်ရာ ပတ်သက်ဆက်နွှယ်မှု လုံးဝမရှိခဲ့ပါ။ ထို့ကြောင့် ၎င်းတို့နှင့် ၎င်းတို့၏ မိသားစုဝင်များ ပြုလုပ်ဆောင်ရွက်မှုကိစ္စမှန်သမျှသည် ၎င်းတို့နှင့်သာ သက်ဆိုင်ပြီး ကျွန်ုပ်မိတ်ဆွေနှင့် လုံးဝပတ်သက်ဆက်နွှယ်မှု မရှိပါကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်မော်မော်သန်း
၁၂/အစန (နိုင်) ၀၅၁၉၅၁

လွှဲအပ်ညွှန်ကြားချက်အရ
ဦးထွန်းဝင်းနိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၆၂)

### မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်၊ သင်္ဂဟလမ်း၊ အမှတ်(၁၀)ဟုခေါ်တွင်သော မြေ/အဆောက်အအုံနှင့်ပတ်သက်၍ အများသိစေရန်

မိခင်ဖြစ်သူ ဒေါ်စောခင်(AG-၁၀၃၅၂၀) ကျန်ရစ်သော အမွေဝေစုအဝဝကို ကျန်ရစ်သူ သားသမီးများ အပြီးအပြတ် အပြေအကျေ ရှင်းလင်းပြီးဖြစ်ပါကြောင်းနှင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်၊ သင်္ဂဟလမ်း၊ အမှတ်(၁၀)တည်ရှိရာ မြေနှင့် အဆောက် အအုံကို ဒေါ်မြင့်မြင့် (MME-၆၀၄၄၃၉) [၁၀/မလမ(နိုင်) ၀၁၀၉၉၃] တစ်ဦးတည်းသာလျှင် ပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ဘော်(စဉ်-၄၀၃၅)
LL.B, DBL, DML, DIL, DLP, WIPO (Switzerland)
ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇)
B.Sc, Hon (I.C), H.G.P, R.L, D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Tel: 294866, HP: 5017044, 09-73107094

FEG
Future Engineer Generation
Training School
ခုတိယထပ်၊ ၃၀လမ်းဈေးပလာဇာ (စည်ပင် ၉ ထပ်ရုံး)
ဆိပ်ကမ်းသာလမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
၀၉၅၀၁၆၂၀ ၀၉၅၁၁၃၇၇
fegtrainingschool@gmail.com
fegtrainingschool.blogspot.com

အဲယားကွန်း၊ ရေခဲသေတ္တာ ကျွမ်းကျင်သင်တန်း
ပြစ်ချက်ရှာဖွေခြင်းနှင့် ပြုပြင်နည်းများကို စာတွေ့လက်တွေ့ထိရောက်စွာ သင်ကြားပေးမည်။
15.6.2015 Mon, Wed (10:00 ~ 12:00)AM
10-weeks

### ကားငှားလိုသည်

Pajero, Surf ကားများကို လချုပ်၊ နှစ်ချုပ် အမြန်ငှားလိုသည်။
ဖုန်း-၀၉-၂၆၃၃၁၉၂၅၆၊
၀၉-၉၇၉၁၉၇၆၀၁

### အိမ်ဆောက်ပစ္စည်းကျွမ်းကျင်

၁။ မန်နေဂျာ ကျား/မ(၁)ဦး
၂။ အရောင်းစာရေး ကျား/မ(၂)ဦး
(၆)၊ မြခာညို(၂)လမ်း၊ မြခာညိုအိမ်ရာ(ယုဇန)၊ မြေနီမှတ်တိုင်၊ သာကေတ။
ဖုန်း-၀၉-၅၀၉၆၄၃၈၊ ၀၉-၇၃၁၆၀၆၆၁

### MAGUIDE PHARMA COMPANYLIMITED

No.60,Pearl Street, Myanmar Gone Yaung Housing,
Tamwe Township,Yangon,Myanmar.

ဆေးဝါးတင်သွင်းဖြန့်ဖြူးနေသော ကုမ္ပဏီတွင် လုပ်ငန်းများတိုးချဲ့လုပ်ဆောင်ရန် အောက်ပါဝန်ထမ်းများ အမြန်အလိုရှိသည်။

၁။ Marketing Manager (ကျား/မ) ၁ဦး
- ဘွဲ့ရ/အသက် ၃၅ နှစ်အထက်/ Marketing Manager အတွေ့အကြုံ အနည်းဆုံး(၃)နှစ် ရှိရမည်။
- မြန်မာပြည်အနှံ့ ခရီးသွားနိုင်ရမည်။
- Marketingအဖွဲ့ကို ကောင်းစွာ စီမံခန့်ခွဲနိုင်ရမည်။
(အခြေခံလစာ ၁၀သိန်း)

၂။ Sales Manager (ကျား/မ) ၁ဦး
- ဘွဲ့ရ/အသက် ၃၀ နှစ်အထက်/Sales Manager အတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။
- မြန်မာပြည်အနှံ့ ခရီးသွားနိုင်ရမည်။
- Sales အဖွဲ့ကို ကောင်းစွာ စီမံခန့်ခွဲနိုင်ရမည်။(အခြေခံလစာ ၅ သိန်းမှ ၈သိန်း)

၃။ **Supervisor** (ကျား/မ) ၂ဦး
- ဘွဲ့ရ/ Supervisor အတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။
- နယ်ခရီးသွားနိုင်ရမည်။ (အခြေခံလစာ ၃ သိန်းမှ ၄ သိန်း)

၄။ Medical Representative (ကျား/မ)၄ ဦး
- ဘွဲ့ရ / MR အတွေ့အကြုံ (၃)နှစ်ရှိရမည်။
- နယ်ခရီးသွားနိုင်ရမည်။ (အခြေခံလစာ ၂သိန်းခွဲ)

၅။ Marketing Staff (or) Sales Representative (ကျား/မ) ၁၀ဦး
- ဘွဲ့ရ/ဆေးနှင့်ဆေးပစ္စည်း အရောင်းလုပ်ငန်း အတွေ့အကြုံရှိရမည်။
- နယ်ခရီးသွားနိုင်ရမည်။(အခြေခံလစာ ၁ သိန်းခွဲမှ ၂သိန်း)

၆။ **Driver** (ကျား) ၂ဦး
- ၁၀တန်းအောင်/ယာဉ်မောင်းသက် အနည်းဆုံး(၅)နှစ် ရှိရမည်။
- နယ်မောင်းအတွေ့အကြုံရှိရမည်။ အသောက်အစားကင်းသူဖြစ်ရမည်။
(အခြေခံလစာ ၂သိန်းခွဲ)
- တာမွေ၊ သုဝဏ္ဏ၊ ပုဇွန်တောင်နေသူများ ဦးစားပေးမည်။

ကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း CV နှင့်အတူ လိုအပ်သော စာရွက်စာတမ်းများနှင့်တကွ လျှောက်ထားနိုင်ပါသည်။
လျှောက်လွှာတင်ရန် - အခန်း ၅၀၃၊ တိုက် (၅)၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း-၂၀၃၁၆၅၊ ၀၉၄၉၃၃၇၈၆၉
Interview နေရာ - အမှတ်(၆၀)၊ ပုလဲလမ်း၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာ၊ တာမွေမြို့နယ်။

## အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

မြိုင်သည် ဆင်ယင်ထုံးဖွဲ့မှု၌ ဂုဏ်သရေနှင့် အညီ ပြုပြင်ခဲ့ပြီ ဖြစ်သည်မှတစ်ပါး ပင်ကိုရုပ်မလဲသေး . . .။ စည်းစိမ်တိုး၍ အလှတိုးနေသည်ဟု သူတကာ ဆိုစရာပင်၊ ပျိုမြစ်ခြင်းတို့ မပျောက်။ မြိုင်မှာသားနှစ်ယောက်အမေ ဖြစ်ခဲ့လေသောကြောင့် အံ့ဩဖွယ်ပင်တည်း။ သူတို့ညီအစ်မတွေ ဆုတောင်းကောင်းသည်ထင်ပါ၏။ ခိုင်၏ ရုပ်ရည်တို့ကလည်း မပြောင်း။

မျက်လုံး၊ မျက်ခုံး၊ ကိုယ်လုံးကိုယ်ထည်၊ အသားအရေ၊ မျက်နှာမှ စ၍ လုံးဝမပြောင်းလဲ . . .။ " ခိုင် . . . "

ဆိုသော နာမည်နှင့် လိုက်အောင် ခိုင်သည် " ခိုင် " လွန်းလှသည်။ ခိုင်၏ စိတ်သည်လည်း ယခင်အတိုင်း

" ခိုင် " ကျန်ရစ်နေဆဲလောမသိ။

" မောင်က ကိုကိုနဲ့ ပိုတူလာပြီ . . .။ မေးရိုးကားပြီး နဖူးမှာ အရစ်တွေ ပေါ်လာပြီ "

ဤစကားကို တွေ့တွေ့ချင်း ညီအစ်မသုံးဦးလုံးက တညီတညွတ်တည်း မှတ်ချက်အဖြစ် ချကြကုန်၏။

ကျွန်တော်က မြိုင်နှင့် ခိုင်ကိုမူ ဘာမျှပြန်မပြော။ လှိုင့်ကိုသာ ပြန်ဆိုရ၏။

" အစ်ကိုမောင့်ကိုသာပြောတာ . . . လှိုင်ကကော . . . "

လှိုင်က ပြုံးစူစူ ဝင်းဝင်းလဲ့လဲ့ဖြင့် ခါးကလေးထောက်ရင်း ပြန်မေး၏။

" လှိုင်က ဘာဖြစ်နေလို့လဲ . . . "

" ဩော် . . . လှိုင်က ပိုလှလာတယ်လို့ အစ်ကိုမောင်က ပြောမလို့ပါ . . . "

" အစ်ကိုမောင် တကယ်ပြောတာလား . . . "

" ဩော် . . . လှိုင်ရယ်၊ လှိုင့်ကို အစ်ကိုမောင် ဘာလို့ ညာရမှာလဲ "

လှိုင်က မျက်မှောင်လေးကြုတ်၍ ကျွန်တော့်ကို ကြည့်နေသည်။ မျက်လုံးပြာများက တလဲ့လဲ့လွင်နေ၏။

ကိုယ်သဏ္ဌာန်က ကြော့သည်။ ဟန်မူယာက ပျော့ပျောင်းသမျှ ပေါ့ပါးလွတ်လပ်သည်။

လှိုင်သည် မိန်းမမြတ်အင်္ဂါတို့ဖြင့် ပြည့်ဝထွန်းလှိုင်နေလေပြီတကား . . .။

ထိုနှစ်က ပုသိမ်လမ်းနှင့် ကျွန်းတောလမ်းဆုံတွင် မဏ္ဍပ်ထိုး၍ ရေကစားကြသည်။ ရပ်ကွက်တွင်းရှိ အမျိုးသမီးအားလုံး သည် ရွှေဝါရောင် လုံချည်ဆင်တူဖြင့် ဆင်နွှဲကြသည်။

လှိုင်လည်း ပါသည်။ ခိုင်လည်း ပါသည်။ မြိုင်လည်း ပါသည်။ မမကြိုင်ကြီးပင် ပါလာ၏။

မင်္ဂလာဒုံမှ ငြိမ်းမောင်လည်း ရောက်လာ၏။

အမျိုးသမီးများနှင့် ကလေးသူငယ်များသာ ရေပက်ကစားကြသည်။ ကျွန်တော်၊ ငြိမ်းမောင်နှင့် ရပ်ကွက်အတွင်းမှ လူရွယ်များက ရေစည်များကို ရေဖြည့်ပေးရသည်။ မတော်တရော် မဖြစ်အောင်၊ ရန်မဖြစ်အောင်၊ လက်လွန်ခြေလွန် မဖြစ်အောင် ထိန်းသိမ်းရသည်။ ကိုကိုပင်လျှင် မဏ္ဍပ်၌လာ၍ ပြုံးပြုံးကြီးကြည့်နေတတ်သည်။

မိန်းမပျိုများသည် တူညီရောင်စုံ ဝတ်ထားသော အားလုံးလှနေတတ်ကြသည်။ သကြၤန်ရေခံအောင် မိတ်ကပ်ခြယ်ထားသော် ပို၍လှနေကြ၏။ လှပသော မိန်းမပျိုများအနက် ကြိုင် . . . မြိုင် . . . ခိုင် . . . လှိုင်တို့သည် ဘုရင်မများ သဖွယ်ထင်ရှားနေ၏။

ဓာတ်သိကာလသားများ၏ ကျီစယ်သော သီချင်းသံများက မဏ္ဍပ်ရှေ့တွင် ခေတ်စားလာ၏။

" ကြိုင် . . . မြိုင် . . . လှိုင် . . . ခိုင်လုံးရယ် . . .၊ ကြိုင် . . . မြိုင် . . . လှိုင် . . . ခိုင်လုံးရယ် . . .၊ ခိုင်လုံးရယ်မွှေး . . . "

ရေပက်သူများက အဘယ်မျှ မွန်းအောင်ပက်သည်ဖြစ်စေ၊ ရောက်လာသူ ကာလသားများက ဤသီချင်းကို သံပြိုင်ဆိုကြသည်။

" ကြိုင် . . . မြိုင် . . . လှိုင် . . . ခိုင်လုံးရယ် . . .၊ ကြိုင် . . . မြိုင် . . . လှိုင် . . . ခိုင်လုံးရယ် . . .၊ ခိုင်လုံးရယ်မွှေး . . . " သင်္ကြန်အကြတ်နေ့ နံနက်ခင်း၌ ကြိုင်ကာ . . . မြိုင်ကာ . . . လှိုင်ကာ . . . ခိုင်ကြရင်း ဂျစ်ကားတစ်စီး မဏ္ဍပ်ရှေ့၌ ထိုးဆိုက်လာသည်။

ရေများ တဗွမ်းဗွမ်း လောင်းနေခိုက် ဖြစ်သဖြင့် ဘယ်သူကိုဘယ်သူမှန်း မသိ။ ဂျစ်ကား ထွက်သွားသောအခါ လူရွယ်တစ်ဦး ဆင်းကျန်ရစ်သည်။ သူ့အဖော်များက လှောင်ပြောင်သရော်သွားကြသော်လည်း သူကမူ ပြုံးရွှင်ရင်းနှီးစွာဖြင့် ကျွန်တော့်ထံ ချဉ်းကပ်လာ၏။

"ဟေး . . . အစ်ကိုမောင် . . . "

"ဟာ . . . မောင်ညွန့် . . . "

လူရွယ်မှာ တင်မောင်ညွန့်ပင် ဖြစ်လေသည်တကား။

နှစ်ဆန်းတစ်ရက်နေ့တွင် ကျွန်တော်တို့အားလုံး သန်လျင်သို့ သွားကြသည်။ တင်မောင်ညွန့်လည်း ကျွန်တော့်ဧည့်သည်အဖြစ် လိုက်ပါလာသည်။ (တင်မောင်ညွန့်မှာ သစ်တောသိပ္ပံနောက်ဆုံးနှစ်သို့ ရောက်နေပြီဖြစ်၏။ သူ့မိဘများ ကလည်း ပင်စင်ယူ၍ ရှောလမ်း၌ နေကြသည်။)

သန်လျင်သို့ ရောက်သောအခါ ကျွန်တော်တို့သည် ကျွန်တော်တို့အိမ်၌ ခေတ္တသာ နားကြသည်။

ထို့နောက် ကြိုတင်စည်းစားထားသည့်အတိုင်း ဦးထွန်းမောင်ကြီး၏ ခြံဆီသို့ ထွက်သွားကြသည်။

ဤတစ်ချို့၌ ဦးမြဘူး မပါသည်သာ ခြားသည်။

နောက်ဆုံး၌ ဖေဖေ . . . ကိုကိုနှင့် သန်လျင်မှ မေဂျာတစ်ဦးသည် လျှောက်လာကြ၏။ သူတို့ရှေ့တွင် သန်လျင်တပ်မှ ဗိုလ်တစ်ဦးနှင့် ရဲဘော်များသည် ဦးလေး ကိုဖိုးခင်၊ ကိုမောင်ညိုနှင့်အတူ ကလေးများကို ထိန်းသိမ်းပါလာသည်။ ကလေးများဆိုသည်မှာ ကိုကို့ကလေးနှစ်ဦးနှင့် ကိုမောင်ညို၏ သား " မောင် " တို့ပင် ဖြစ်ပါ၏။

ဤသည်ရှေ့တွင် မေမေ၊ ဒေါ်လှယဉ်နှင့် မမကြိုင်တို့။ သူတို့ ရှေ့တွင် မြိုင်၊ ခိုင်၊ လှိုင်၊ ကျွန်တော်၊ ငြိမ်းမောင်နှင့် တင်မောင်ညွန့်တို့။ ထိပ်ဆုံးက မမေစန်းက သီချင်းတကြော်ကြော်၊ ဒေါ်လေး ဒေါ်စာဥကြီးတို့က ဖိုးဝရုပ်ကြီးကဲ့သို့ပင် ကလျက် ခုန်လျက် . . .။

ခြံထဲသို့ ရောက်သောအခါ ကိုကိုက တစ်ခါတုန်းကလိုပင် အော်မေးသည်။

" ဗျို့ . . . ဦးထွန်းမောင်ကြီး ဘာဟင်းတွေ ချက်မလို့လဲ "

"ထုံးစံအတိုင်း လည်လှီးသား သက်သတ်လွတ်ဗျို့ "

ဦးထွန်းမောင်ကြီး ခေါင်း၌ ဆံပင်တို့ ဆွတ်ဆွတ်ဖြူနေခြင်းနှင့် ကိုကိုသည် ဗိုလ်မှူးကြီးတစ်ဦးဖြစ်နေခြင်းသာ ခြားသည်။ ကျန်သည်အားလုံးမှာ အတူတူလိုပင် ဖြစ်နေ၏။

လှိုင်က မမြင်ဖူး၍ ကြည့်ချင်သည် ဆိုသောကြောင့် ကျွန်တော်က နွယ်ကြိုးများကို လွှဲစီးကာ တာဇံလုပ်ပြရသေးသည်။ ငြိမ်းမောင်ကလည်း အားကျမခံ ခိုင့်ကိုဖောင်လေးပေါ်တင်၍ ကန်ထဲ ထိုးဝါးထိုးပြီး သွားပြသည်။ ရေလယ်ရောက်သောအခါ မျှော့တွယ်ချင်ယောင်ဆောင်၍ ငိုမဲ့မဲ့လုပ်ပြပြီး ရေထဲသို့ ဒိုင်ဗင်ထိုးဆင်းသည်။

ဖောင်ပေါ်တွင် တစ်ယောက်တည်းကျန်ရစ်သော ခိုင်က အော်လေမှ ငြိမ်းမောင်သည် ဖောင်ဆီ ပြန်ကူးတက်၍ ကမ်းဆီပြန်လာခဲ့၏။

ဤသည်အားလုံးကို ဝမ်းနည်းပြုံး ပြုံး၍ ပွဲကြည့်သူပမာ ဖြစ်နေရရှာသူမှာ တင်မောင်ညွန့်သာတည်း။

ညနေစောင်း၍ ကိုကိုက စဖောက်သည်။

ကိုကိုသည် ရေတစ်ပုံးဖြင့် သူ့ချစ်ဇနီး မြိုင်ကို စိုအောင်ရွှဲရွှဲလောင်းသည်။

" ကိုကို ဘာလုပ်တာလဲ သင်္ကြန်တက်ပြီးပြီ . . . "

မြိုင်သည် ဒေါသမထွက်ဘဲ စိတ်ဆိုးဟန်နှင့် အော်၏။ ကိုကိုက တဟဲဟဲရယ်ရင်း ဖြေသည်။

" သိကြားမင်း ဆေးတံ မေ့ကျန်ရစ်လို့ သင်္ကြန်ပြန်ကျတာ " အားလုံး ရယ်နေခိုက် ကိုကိုက ပုံးတွင်း ကျန်နေသော ရေများဖြင့်ကြိုင့်ကို လောင်းသည်။

ကြိုင်က ဘာမျှ ပြန်မပြော။ ချမ်း၍လော . . . ဘာ၍လောမသိ၊ မျက်နှာ၌ သွေးတို့ ရဲနေ၏။

ကျွန်တော်ကလည်း ကန်တွင်းမှ ရေတစ်ပုံးခပ်ကာအနီးရှိ လှိုင့်ကို လောင်းသည်။ **ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## သင့်သွေးဖြင့် အသက်ကယ်ပါ

မိသားစု ကုမ္ပဏီ အိမ်၊ခြံ၊မြေမှ ရောင်း/ငှားမည်

| | | | |
|---|---|---|---|
| 1.ဇောဓိရိပ်သာ၊ဗတ | (36×76)ဘိုးဘွား | မြေ | 12500L |
| 2.ကုန်းမြင့်ရိပ်သာ၊မရက | (50×70)ဂရန် | BN2 | 7500L |
| 3.ကောလိယလမ်း၊တ/ဥ | (24×60)ဂရန်,အုတ်ခံတ်မြေ | | 1250L |
| 4.ရန်ကုန်စက်မှုဇုန် | (4ဧက) | မြေ | 1ဧက-5000L |
| 5.ရန်ကုန်စက်မှုဇုန် | (5.5ဧက) | မြေ | 1ဧက-4000L |
| 6.ရွှေပြည်သာစက်မှုဇုန် | (4.846ဧက) | မြေ | 1ဧက-3500L |
| 7.ရွှေပြည်သာစက်မှုဇုန် | (2.5ဧက) | မြေ | 1ဧက-2000L |
| 8.ရွှေပေါက်ကံစက်မှုဇုန် | (200×100) | ဂိုဒေါင် | ညှိနှိုင်း |
| 9.အရှေ့ဒဂုံစက်မှုဇုန် | (2.84ဧက) | မြေ | 1ဧက-4000L |
| 10.အရှေ့ဒဂုံစက်မှုဇုန် | (2.3ဧက) | မြေ | 1ဧက-3700L |
| 11.ဒဂုံဆိပ်ကမ်းစက်မှုဇုန် | (2.57ဧက) | မြေ | 1ဧက-3800L |
| 12.ဝါးတရာစက်မှုဇုန် | (3.5ဧက) | မြေ | 1ဧက-1750L |
| 13.မင်္ဂလာဒုံစက်မှုဇုန် | (1ဧက)315KVA | ဂို(80×230) | 60L |
| 14.ရွှေပေါက်ကံစက်မှုဇုန် | - | ဂို(200×100)315KVA | 57L |
| 15.လှိုင်သာယာစက်မှုဇုန် | (2ဧက)315KVA | ဂို(100×150)(40×100) | 50L |
| 16.အရှေ့ဒဂုံစက်မှုဇုန် | (1ဧက)315KVA | ဂို(150×150) | 50L |
| 17.တောင်ဥက္ကလာစက်မှုဇုန် | (50×150)76KVA | ဂို(50×140) | 40L |
| 18.တောင်ဒဂုံစက်မှုဇုန် | (50×60)40KVA | ဂို(50×60) | 15L |

မြို့နယ်စုံရှိ စက်မှုဇုန်များတွင် " ဝယ်/ငှား "လိုသည့် ဧည့်သည်များရှိပါသဖြင့် " ရောင်း / ငှား "လိုသော ပိုင်ရှင်များ ဆက်သွယ်အပ်နှံပေးပါရန် လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။

☎ - 0973161672, 0973494343, 0973054542

Popular Plastic Group အမှတ် (၁၆၅) ၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
တယ်လီဖုန်းနံပါတ် - ၀၁-၂၁၇၄၄၅၊ ၀၁-၂၁၇၄၄၆၊ (အနော်ရထာလမ်း (၁၅) လမ်းမှတ်တိုင်တွင်ဆင်းရန်)
USD နှင့် ညီမျှသောမြန်မာကျပ်ငွေဖြင့် လစာသတ်မှတ်ပေးပါမည်။

၁။ Popular Plastic Group Tower (ရုံးချုပ်) လမ်းမတော်မြို့နယ်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

